
www.burmeseclassic.com

# အသိုက်

ရသစာတမ်းများ

ဇော်ထွဋ်



www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | |
| --- | --- |
| စာမူခွင့်ပြုချက်အမှတ် | ◆ ၄၀၀၀၃၂၀၁၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ◆ ၄၀၀၀၅၈၀၁၁၁ |
| အတွင်းနှင့် မျက်နှာဖုံးပုံနှိပ် | ◆ ဒေါ်ရွှေ (သုခပုံနှိပ်တိုက်)<br>အမှတ်(၁၂၈)၊ ၄၆လမ်း၊<br>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | ◆ ဦးနေမျိုး (နေမျိုး စာပဒေသာ)<br>အမှတ်(၁)၊ သုမင်္ဂလာလမ်း၊ (၅)ရပ်ကွက်၊<br>တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။<br>(မြဲ – ၀၄၀၅၈) |
| အုပ်ရေ | ◆ ၅၀၀ |
| တန်ဖိုး | ◆ ၂၀၀၀ ကျပ် |
| ဖြန့်ချိရေး | ◆ ဇော်ထွဋ် စာပေ<br>၁၇ (က)၊ မြေညီထပ်၊ သီရိမင်္ဂလာလမ်း၊<br>(၈) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊<br>ရန်ကုန်မြို့။<br>ဖုန်း – ၀၉ ၅၀၉ ၀၈၁၆။ |
| မျက်နှာဖုံး ဒီဇိုင်း | ◆ ဇော်ထွဋ် |
| ကွန်ပျူတာ စာစီ | ◆ |
| အတွင်းပလင် | ◆ |
| စာအုပ်ချုပ် | ◆ |

၆၉၀

ဇော်ထွဋ်
အသိုက်/ဇော်ထွဋ်။ – ရန်ကုန်
(နေမျိုး စာပဒေသာ) စာပေ၊ ၂၀၁၀။
၁၁၇ – စ၊ ၁၂.၅ × ၁၈.၅ စင်တီ
(၁) အသိုက်


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# အသိုက်၏မြစ်ဖျားခံရာ

ငှက်ကလေးတွေ၏ အသိုက်အမြုံ ခဏခဏပြောင်းရွှေ့ရသလား . . . မပြောင်းရွှေ့ရဘူးလား . . . ကျွန်တော်မပြောတတ်ပါ။ ကျွန်တော်၏ နေမှုထိုင်မှုအခင်းအကျင်းကတော့ ခဏခဏ ပြောင်းရွှေ့နေထိုင်ရပါသည်။ အိုးအိမ်တိုက်တာ အတည်တကျမရှိခြင်းကို ရှက်စရာလို့ ထင်မြင်လျှင်လည်း ရှက်စရာအတိ ဖြစ်ပါလိမ့်မည်။ သို့သော် . . .

မတူညီသော အရပ်ဒေသ၊ မတူညီသော နေရာအ[illegible]သည့် မတူညီသော ဝန်းကျင်၊ မတူညီသော အခန်းအကျယ်အဝန်း၊ အနိမ့်အမြင့်၊ မတူညီသော လူမှုဝန်းကျင်၊ မတူညီသော ရုပ်သွင်ပြင်၊ မတူညီသော ကာလ၊ မတူညီသော လေဝင်လေထွက်၊ မတူညီသော အလင်းရောင်ရရှိမှု၊ မတူညီသော အရောင်၊ မတူညီသော ရနံ့များကပင် ကျွန်တော့်ကိုပျော်ရွှင်မှုတွေ၊ ဝမ်းနည်းမှုတွေ၊ ဝမ်းသာမှုတွေ၊ ကြည်နူးမှုတွေ ပေးခဲ့သည်။ 'အသိုက်' စီးရီး သီကျူးဖို့အတွက် မောင်းနှင်အားများဖြစ်သည်ဟု ထင်မိပါသည်။

အမှတ်(၂၁) ဒီဇင်ဘာလ ၂၀၀၈ ခုနှစ်မှ

အမှတ်(၃၂) ဇူလိုင်လ ၂၀၁၀ ခုနှစ်အထိ

'အသိုက်' စီးရီး (၁၂)ပုဒ်ကို ပုံနှိပ်ဖော်ပြပေးခဲ့သော ပိတောက်ပွင့်သစ်မဂ္ဂဇင်း၏ အယ်ဒီတာချုပ်ဆရာမောင်စိမ်းနီနှင့် ဝိုင်းတော်သားအားလုံးကို ကျေးဇူးတင်ရှိပါသည်။

ကျေးဇူးတင်စွာဖြင့်
ဇော်ထွဋ်
၁၉. ၇. ၂၀၁၀

www.burmeseclassic.com

www.burmeseclassic.com

# အသိုက်

ဇော်ထွဋ်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# မ ၁ တိ က ၁


စာရေးသူ၏အမှာ

၁။ [illegible]

၂။ အသိုက် - ၂ [illegible]

၃။ အသိုက် - ၃ [illegible]

၄။ အသိုက် - ၄ [illegible]

၅။ [illegible]

၆။ [illegible]

၇။ [illegible] ၅၉

၈။ [illegible] ၆၇

၉။ အသိုက် - ၉ [illegible]

၁၀။ [illegible] ၈၅

၁၁။ အသိုက် - ၁၁ [illegible]

၁၂။ အသိုက် - ၁၂ [illegible] ၁၀၅


## အသိုက် - ၁

[ ၁ ]

ကျွန်တော်၏ လူ့သက်တမ်းသည် နှစ် (၅၀) ရွှေရတု၏ တမျက်နှာများကို တစ်ရွက်ပြီးတစ်ရွက် ကျော်လာပါသည်။ လူ့သက်တမ်းကြာသည်နှင့်အမျှ ညစဉ်ညစဉ် မှေးစက်ခဲ့ရသော အိပ်ရာကလေးတွေလည်း တစ်အိပ်ရာပြီးတစ်အိပ်ရာ၊ တစ်အိမ်ပြီးတစ်အိမ်။ တကယ်တော့ အိမ်ဟုသာဆိုရသည်။ အိမ်စစ်စစ်မဟုတ်ချင်မှဟုတ်မည်။ အခန်းကျဉ်းကျဉ်းလေးဖြစ်သလို၊ အခန်းကျယ်ကျယ်ကြီးလည်း ဖြစ်နိုင်သည်။ ကပိုကရိုဝါးတဲလေးလည်း ဖြစ်နိုင်သည်။ သွပ်မိုးပျဉ်ကာအိမ်ကလေးဖြစ်သလို၊ အာရ်စီနှစ်ထပ်ပတ်ကားတိုက်လည်း ဖြစ်နိုင်သည်။ အာရ်စီသုံးထပ်လည်းဖြစ်နိုင်သည်။ ကန်ထရိုက်တိုက်၊ apartment တိုက်ခန်းတွေဖြစ်နိုင်သလို ဝင့်ဝင့်ကြွားကြွား ကွန်ဒိုမီနီယမ်တိုက်ခန်းများလည်း ဖြစ်နိုင်ပါသည်။ ခြံနှင့် ဝန်းနှင့် တိုက်ကြီးတာကြီးတွေလည်း ဖြစ်နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အရောင်အသွေးတွေလှလှဆန်းဆန်း တစ်ခန်းနှင့် တစ်ခန်း၊ တစ်အိမ်နှင့်တစ်အိမ် မတူနိုင်ပါ။ ဆင်တူယိုးမှား အိမ်တို့၏ နံရံပေါ်ရှိ ဆေးသုတ်ရောင်၊ ကြက်ဥနှစ်ရောင်၊ မိုးသားကောင်းကင်ရောင်၊ ငှက်ပျောညွန့်ရောင်၊ ကြေးဖလားရောင် . . . စသည်။ တစ်အိမ်နှင့်တစ်အိမ် ရုပ်ချင်းမတူ။ အတွင်းဟင်းလင်းခွင် (space)ချင်းလည်းမတူ။ ပုံပန်းသဏ္ဌာန်မတူ၊ ကျွန်တော် နားခိုခဲ့ဖူးသော အိမ်ကလေးတွေ၏ တည်ဆောက်ပုံနည်းစနစ်မတူ၊ အရောင်အသွေး အနုအရင့် မတူပုံလေးတွေကို ခြယ်သပြချင်ပါသည်။

[ ၂ ]

ဦးစွာ . . ကျွန်တော့်ကိုမွေးဖွားခဲ့သော အိမ်ကလေးအကြောင်းကို အရင် ပြောချင်ပါသည်။ သည်အိမ်ကလေးမှာ သွပ်မိုး ပျဉ်ကာ၊ နှစ်ထပ်ပျဉ်ထောင်အိမ် ခပ်နွမ်းနွမ်းကလေး။ မျက်နှာဖွင့်လေးပင်သုံးခန်း၊ အတိုင်းအထွာအားဖြင့် ပေသုံးဆယ်ခန့်ရှိမည်။ နောက်ဖေးဘက်သို့ ပေလေးဆယ်ခန့် ရှည်လိမ့်မည်။ ခေါင်းရင်းဘက်တွင် မြေအပိုငါးပေခန့်နှင့် ခြေရင်းဘက်တွင် မြေအပို တစ်ဆယ့်ငါးပေခန့်ရှိသည်။ ခြံဝန်းသည် မျက်နှာစာပေငါးဆယ်ခန့်ရှိသည်။ မျက်နှာစာတို့၏ အိမ်ရှေ့နှင့်နောက်ဖေးဘက်သို့ ရှည်လျားလျား။ ကျွန်တော့်စိတ်အထင် ပေ(၁၅၀) ထက်တော့မနည်း။ အိမ်ရှေ့မျက်နှာစာတွင် မြေပိုပေနှစ်ဆယ်ခန့်ရှိမည် ထင်သည်။ အိမ်ရှေ့ရှိ မာလကာပင်ကြီးတစ်ပင်နှင့်ဩဇာပင်တစ်ပင်မှာ ကျွန်တော်တို့ထက်အသက်ကြီးသည်။ လေးနာရီပန်း၊ ဒန်းပန်းနှင့် သစ္စာပန်းတို့ တစ်လှည့်စီဖူးကြ၊ ပွင့်ကြ။ အိမ်နောက်ဖေးဘက်မှာ မြင့်မြင့်မားမား မရမ်းပင်ကြီးလေးပင်၊ သရက်ပင်တစ်ပင်နှင့်သနပ်ခါးပင်၊ ပိန္နဲပင်များ ဝေဝေဆာဆာရှိသည်။ စစ်အတွင်းက ခြေရာလက်ရာမပျက် ဝပ်ကျင်းတစ်ကျင်း ရှိသေးသည်။ ကျွန်တော်တို့ကလေးဘဝက မြန်မာပြည်ကောင်းဘွိုင် လုပ်ခဲ့ကြသေးသည့်နေရာလေးတွေ . . ။



သည်အိမ်ကလေး၏ မျက်နှာနှင့်ကိုယ်လုံးကိုယ်ထည်ဟန်ပန်မှာ ကဗျာမဆန်ပါ။ အပျိုမကလေး၏ လှပသောမျက်နှာနှင့် မတူပါ။ ဗိသုကာတစ်ယောက်၏ အဖွဲ့အနွဲ့မျိုးမပါ၊ ခပ်ကြွားကြွားလေးပြောရလျှင် 'မော်ဒန်' ဗိသုကာ လက်ရာဟန်မတွေ့ရ။ 'ပို့စ်မော်ဒန်ဟန်' လည်းဝေးစွ။ နှစ်ဝါစ်လက်မပျဉ်းကတိုး အချောင်းငယ်များကို နှစ်လက်မခွဲခန့်ခြားပြီး လေးဆယ့်ငါးဒီဂရီစောင်း၍ ရာဇမတ်ကွက်ရိုက်ထားသည်။ တိုင်လုံးများသည် ကျွန်းဖြစ်သော်လည်း လုံးချော ညီညာခြင်းမရှိ။ တစ်လုံးနှင့်တစ်လုံးလည်း အကြီးအသေးကွာသေး၊ ပျဉ်ပြားများကို ရေစိုခံနိုင်ရန် ရေနံချေးကျွေးထားသည်၊ ရေနံချေးရောင် ခပ်မှိုင်းမှိုင်းရာဇမတ်ကွက်များ၊ တိုင်လုံးများ၊ လျှာထိုးကြမ်းခင်းများကို ဒေသထွက်ပစ္စည်းများသုံး၍ အကွက်ဒီဇိုင်းဖန်တီးထားရာ ရိုးရာဗိသုကာလက်ရာဟန်၏ အငွေ့အသက်ပါသလား . . . ။ မပြောတတ်ပါ။

ပြောရလျှင် . . . ဤအိမ်ကလေးမှာ အမိုး၊ အကာ၊ အခင်းရှိသည်၊ ရာသီဥတုဒဏ် အသင့်အတင့် အကာအကွယ်ပေးသည်။ မိသားစု သိုက်သိုက်ဝန်းဝန်းနေရသည်၊ လူနေသဖြင့် ဤအရာကို 'အိမ်'ဟု ခေါ်ပါသည်။ အောက်ထပ်တွင် ကွန်ကရိကြမ်းခင်းမဟုတ်၊ သဘာဝမြေသားကို ခြေဖဝါးနှင့် ထိတွေ့ခွင့်ရရန် ဖန်တီးထားသလော။ မြေသားဝကတီကြမ်းခင်းအိမ်၏ မျက်နှာစာဘက်တွင် ဧည့်ခန်းနှင့်အပေါ်တက်ရန် ကျွန်းလှေကား(ထည်ထည်ဝါဝါမဟုတ်)ရှိသည်။ ဧည့်ခန်းတွင် မလှပသော ကြိမ်ကုလားထိုင်လေးလုံးနှင့် မန်ကျည်းမှည့်ရောင် ကျွန်းစားပွဲအိုတစ်ခုရှိသည်၊ အိမ်နောက်ဖေးဘက်တွင် ထမင်းစားခန်း၊ မီးဖိုခန်းရှိသည်၊ ထမင်းစားခန်းရှိ ထမင်းစားပွဲနှင့် ကုလားထိုင်လေးလုံးမှာ သဘာဝ၏ ရောင်သွေးငယ်တွေ။ ပေါလစ်သုတ်မထား။ လိုက်ကာတင်မထား။ ဟောင်းနွမ်းခြင်း၏လက္ခဏာ သပြေသီးမှည့်ရောင်ပေါက်နေသည်။ ရေအိမ်ကတော့ နယ်မြို့တွေ၏ထုံးစံ၊ ဟိုး ပျပျဝေးမှာ. . . ခြေလျှင်ခရီးဆန့်ရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာရေးအတွက်သွားလျှင် လူရှိမှန်းသိအောင် သီချင်းညည်းရသည်။ ဒါမှ လူရှိမှန်းသိမယ်မို့လား . .။ အပေါ်ထပ်တွင် ပျဉ်းကတိုးလျှာထိုးခင်းထားပြီး လှုပ်လီလှုပ်လဲ့ နည်းနည်းရှိသည်။ မီးခဲကျောက်ပြားမျက်နှာကျက်ကို မညီမညာရိုက်ထားသည်။ အချို့ ကျောက်ပြားများ ကျိုးလို့ . . . ပဲ့လို့ . . .။ မျက်နှာစာနှင့် အိမ်နောက်ဖေးဘက်ကို ပျဉ်းကတိုးပြားခန်းဆီးနံရံဖြင့် အောက်ထပ်ကဲ့သို့ ကာရံထားသည်။ မျက်နှာစာပိုင်းသည် အိမ်နောက်ဖေးဘက်ထက် ၉ပေခန့်မြင့်သည်။ မြို့ကြီးပြကြီးက တိုက်တာကြီးတွေမှာလို အိပ်ခန်းဘယ်နှစ်ခန်းရှိပြီး၊ master bed room ခေါ် ရေချိုးခန်းအိမ်သာနှင့်တွဲထားသော အိပ်ခန်းမကြီး ဘယ်နှစ်ခန်းဖွဲ့ထားသည်လို့တော့ မဟာဆန်ချင်၍မရ၊ အိမ်တွင် ကျွန်းကုတင်နှစ်လုံးသာရှိသဖြင့် ကျွန်တော်တို့ချာတိတ်တွေက ကုတင်နှင့်အိပ်ပိုင်ခွင့်မရှိ၊ အနိမ့်စံဘဝမှာပဲ မှေးစက်ကြရပါသည်။ သို့သော် ကျွန်တော်တို့ ဝမ်းမနည်း။ ပျော်ရွှင်ကြပါသည်။

ရွှေတောင်မြို့က သည်အိမ်နွဲ့နွဲ့ကလေးမှာပဲ. . . မော်ဒန်အာခီတက် (ဗိသုကာ)တစ်ယောက်ဖြစ်လာမည့်သူကို မွှံမွှံမွှားမွှား မွေးဖွားခဲ့လေသည်၊ တကယ်တော့ အိုမင်းနေသော ရေနံချေးရောင်အိမ်ကလေးသည်ပင် ကျွန်တော့်ကိုယ်ပိုင်မဟုတ်။ မိဘများ၏ ကိုယ်ပိုင်လည်းမဟုတ်။ ကျွန်တော်တို့က အိမ်ငှားဘဝပါ။ အိမ်ငှားဘဝနှင့် အေးအေးလူလူ နေခဲ့ကြတာ . . . ကျွန်တော့်တစ်သက် (သို့မဟုတ်) . . . ခုနှစ်တန်းအောင်သည်အထိ ဆိုပါတော့လေ . . .။

ရွှေတောင်မြို့၊ ကြာနီကန်အလယ်ပိုင်းက အကျည်းတန်အိမ်ကလေး အကြောင်းတို ပြောရင်းဆိုရင်း၊ ကြွေလွင့်ခဲ့ပြီဖြစ်သော ကျွန်တော်တို့ မိသားစုလေး၏ ရှေ့ဆောင်ပညာကြယ်တစ်ပွင့် ‘ဖေဖေ’ကို လွမ်းပါသည်။ အသက်၉၀နီးပါးရှိပြီဖြစ်သော၊ ကျွန်တော်နှင့်မနီးမဝေးမှာ ခန့်ခန့်ထည်ထည်အသက်ရှည်လျက်ရှိသော ‘မေမေ’ကို လွမ်းပါသည်။



‘အိမ်နွဲ့နွဲ့ကလေး’ဟု ကျွန်တော်သုံးခဲ့ပါသည်။ တကယ်လည်း ‘နွဲ့’ပါသည်။ ‘အာခီတက်’ မျက်စိဖြင့်ကြည့်လျှင် ဘယ်အရာမျှ ကျင်တွယ်ကိုက်ခြင်း မရှိတော့ပါ။ ကြမ်းခင်း၊ နံရံ၊ အမိုးတို့ အားလုံး ရွဲ့စောင်းနေပါသည်။ အရွဲ့အစောင်းတွေ၊ အကွေးအကောက်တွေ၊ ကျင်တွယ်မကျတာတွေ ပြောမိတော့လည်း. . ကမ္ဘာကျော် အာခီတက်ကြီးတွေဖြစ်သော ‘ဖရင့်ဂယ်ရီ’ . . တို့၊ ‘ပီတာအိုက်စမန်’ တို့ကို သတိရမိပါသည်။ သည်အိမ်ကို သူတို့မြင်လျှင် သဘောကျမလားမသိ။ သည်အာခီတက်ဂုရုကြီးတွေက ပြိုတော့မယောင် (သို့မဟုတ်) လွတ်လပ်သောပုံပန်းသဏ္ဌာန် (free form)ကို ကြိုက်ကြသည်။ ဖန်တီးကြသည်မဟုတ်ပါလား . .။

|၃|

၁၂ ပေခွဲ၊ ပေ ၅၀ အခန်း။ အရပ်အခေါ်အပြောကတော့ သည်လိုပဲ ပြောကြသည်။ ဟိုနှုတ်၊ သည်နှုတ်။ အုတ်ရိုးထုတွေဘာတွေ နှုတ်လိုက်တော့ ရှိလှ . . . ၁၁ ပေ၊ ၄၉ ပေ။ အခန်း၏ တည်နေရာမှာ အနော်ရထာလမ်းမကြီးပေါ် ၄၇ လမ်းနှင့် ၄၈ လမ်းကြား နှစ်ထပ်တိုက်တန်းလျားတွဲကြီးဖြစ်သည်။ အောက်ခြောက်ခန်း၊ အပေါ်ခြောက်ခန်း အားလုံး ၁၂ ခန်းရှိသည်။ လွန်ခဲ့သော နှစ်ပေါင်းတစ်ရာဝန်းကျင်က မလှမပ တည်ဆောက်ခဲ့သော အရပ်ထည် တိုက်တန်းလျားကြီးဖြစ်သည်၊ အားထိန်းနံရံကို အုတ်များစီထားပြီး၊ သံပေါင်ယက်မများဖြင့် အမာခံ ထိန်းကွပ်ထားသည်။ ပျဉ်းကတိုးလျှာထိုးကြမ်းခင်း၊ သွပ်မိုးဖြစ်သည်။ အပေါ်ထပ်ရှေ့မျက်နှာဘက်တစ်ကြောတွင် သံထည်ဖြင့် ပြုလုပ်ထားသော ဝရံတာပါသည်။ အပြင်ပမ်းကြည့်လျှင် ပတ်ကားအုတ်တိုက်ယောင် ဆောင်ထားပြီး၊ ထည်ထည်ဝင်ဝင်ကြည့်မှ တစ်ခန်းနှင့်တစ်ခန်းကို ပျဉ်းကတိုးပေါင်နှင့်လျှာထိုးကာရံထားသည်။ ကန့်ထရိုက်တာ ဆိုသည်မှာ ယခုမှ ပေါ်လာသလား။ ရှေးပဝေသဏီကတည်းက ရှိနေသလား။ အာခီတက်ဆရာကြီး

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ (ဦး)လွင်အောင်နှင့်တွေ့လျှင် မေးကြည့်ရပေဦးမည်။

အခန်းတစ်ခန်းစီတွင် ခေါင်းမလွတ်သော 'ထပ်ခိုး'တစ်ခုစီ ကိုယ်စီ ရှိကြသည်။ မှရှိ၍မဖြစ်ပါ။ ဤထပ်ခိုးသည် ကျွန်တော်တို့၏ 'ကောင်းကင်ဘုံ' ဖြစ်ပါသည်။ ထပ်ခိုးကလေးတို့ (ကျွန်း+ပျဉ်းကတိုး+တောသစ်)များဖြင့် အရောအနှော ဖွဲ့စည်းထားပါသည်။ (အောက်ထပ်သည် စီးပွားရေးအကွက်အကွင်းကျသဖြင့် အခန်းတိုင်းလို ဈေးဝယ်ဖောက်ကားနေပါသည်။ ၄၇လမ်းဘက်မှ ရေတွက်ကြည့်လျှင် . . . စတိုး+စာအုပ်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ဆံပင်ညှပ်ဆိုင် (ကျွန်တော်တို့နေသည့်အခန်း)၊ လက်ဖက်ရည်ဆိုင်၊ လူအမြဲမနေသည့်အခန်းနှင့် မုန့်မှိုးစုံဆိုင်တို့ အစီအရီ ရှိနေကြသည်။ လူအမြဲမနေသောအခန်းသည် အညာအရပ်မှဖြစ်၍ သူတို့ဒေသတွင် ဆီစက်ရှိသည်ဟုပြောကြသည်။ ရန်ကုန်လာလျှင် ခဏ တည်းခိုစရာ နေရာထိုင်ခင်းတစ်ခု လက်ဦးထားသည့် သဘောပင်။ အလင်းရောင်ကို ကြောက်၍ပြီး အမှောင်မှာနေတတ်ရင်တော့ သည်အခန်းလေးတွေမှာ နေရခြင်းသည် မဆိုးလှ။

ကျွန်တော်တို့၏ အခန်းငယ်လေးသည် ရှေးရှေးတုန်းက အိန္ဒိယနွယ်ဖွားတွေ၏ ဆံပင်ညှပ်ဆိုင်ကလေး။ ဖေဖေက လုပ်ငန်းကိုပါ ဝယ်ယူလိုက်သဖြင့် ဆံပင်ညှပ်ဆိုင်ကလေးလည်းပါလာသည်၊ အိန္ဒိယနွယ်ဖွားဆံသဆရာသုံးဦးလည်း ပါလာသည်။ ဆံသဆရာတစ်ဦးက အိုမင်းနေပြီဖြစ်ရာ၊ ကျွန်တော်တို့လက်ဝယ် အခန်းရပြီး မကြာခင်တိမ်းပါးသွားသည်။ ဆံ့အနေသော လူငယ်တစ်ဦးနှင့် သံလျင်ဘက်မှ လူငယ်တစ်ဦး စုစုပေါင်း နှစ်ဦးသာကျန်ခဲ့သည်။ အိမ်ရှေ့ခန်းသည် နေ့လည်နေ့ခင်းတွင် အိန္ဒိယနွယ်ဖွားများ အားပေးကြသော ဆံသဆိုင်အခင်းအကျင်း ဖြစ်သည်။ ည (၈)နာရီတိတိ ဆံသဆိုင်လုပ်ငန်း သိမ်းဆည်းပြီးသောတာလမှ ကျွန်တော်တို့၏စာကြည့်တိုက်ကလေး ဖွင့်ရသည်၊ ဖေဖေ၏ ဧည့်ခန်းဆောင် (သို့မဟုတ်)စာဖတ်ခန်းလည်း ဖွင့်ရသည်၊ ညအခါမှ ရန်ကုန်မြစ်ကမ်းမှ



တိုက်ခတ်လာသောလေကို ပြည့်ပြည့်ဝဝရှူရသည်၊

ဖေဖေသည် ရပ်နေသော၊ တွေဝေနေသော အငြိမ်းစား အထက်တန်း ကျောင်းအုပ်ဆရာကြီးတစ်ယောက် မဟုတ်ပါ။ အငြိမ်းစားယူပြီး အ. ထ. က(၅) ဗိုလ်တထောင်နှင့် မရမ်းကုန်း အ. ထ. က(၂)တို့မှာ လူငယ်ရေးရာ ညကျောင်းတာဝန်ယူပါသေးသည်။ ညကိုးနာရီ ညကျောင်းဆင်း၍ အိမ်ရောက်လျှင်လည်း ည၁၂နက်နက်တိုင် စာဖတ်လေ့ရှိပါသည်။ ဖေဖေသည် ညမင်းသားပါ။ ညမှာလမ်းလျှောက်၊ ညမှာ လက်ရည်ဆိုင်ထိုင်၊ ညမှာရေချိုးလေ့ရှိသူပါ။ မြို့ထည်တိုက်၊ ရွှေထီးတိုက်၊ ကမ္ဘာလုံးတိုက်. . . တို့ဆိုတာ တစ်ချိန်တုန်းကလျှမ်းလျှမ်းတောက် နာမည်ကြီးခဲ့သည့် ပိုးထည်၊ ချည်ထည်တိုက်တွေပါ။ ဖေဖေ့မှာ အဲသလို ငွေတွေ ဝေါခနဲ၊ ဝေါခနဲဝင်သည့် လုပ်ငန်းတစ်ခုတစ်လေမှမရှိပါ။ ဖေဖေ့မှာချမ်းသာတာ 'ပညာဒဂၤါး'တွေပါပဲ။ သူ၏ဘဝခရီး တစ်လျှောက်လုံး ပညာဒင်္ဂါးတွေကို သူတပည့်တွေကို ရက်ရက်ရောရော ဝေငှခဲ့ပါသည်။ ကျွန်တော်တို့သားသမီးတွေကိုလည်း သည်ပညာဒင်္ဂါး အချပ်ပေါင်းများစွာ ခွန့်ကြဲပေးခဲ့ပါသည်။

ကျွန်တော်တို့၏ 'သရီးအင်ဝမ်း'၊ 'ဖိုးအင်ဝမ်း' အခန်းငယ်လေး အကြောင်းကို ဆက်ပြောပါဦးမည်၊ အိမ်ရှေ့မှဝင်လာပြီး ဆံသဆိုင် (သို့မဟုတ်) စာဖတ်ခန်း (သို့မဟုတ်) ဧည့်ခန်းကိုကျော်လာလျှင် ဖေဖေနှင့် မေမေတို့၏ ကုတင်ချထားသော နေရာကလေးဖြစ်သည်။ ခမ်းခမ်းနားနား စကားလုံးဖြင့်ပြောလျှင် (Master bed room)။ သို့သော် ရေချိုးခန်း၊ အိမ်သာတော့ တွဲလျက်မပါ။ ဒါပေမယ့် လူကြီးတွေအိပ်တာပဲ၊ (master bed)ပေါ့။ ယင်း(master bed)နှင့် အိမ်ရှေ့ဧည့်ခန်း (Living room ပဲဆိုပါစို့ဗျာ) ကိုတော့ ပြဇာတ်ဆန်ဆန် တစ်ဖွဲ့တစ်နွဲ့ အခန်းခြားထားသည်လို့တော့ မယူဆလိုပါ။ တရုတ်ပိတ်ခန်းဆီးကလေးနှင့် (ပေါ့ပေါ့ပါးပါး) နယ်နိမိတ်ခြားထားလိုက်ပါသည်၊ 'အာခီတက်'သုံး ဘာသာစကား

www.burmeseclassic.com



မြင့်ပြောလျှင်တော့ (movable partition)လို့ ခပ်တည်တည် ပြောရပေလိမ့်မည်။ မမြင်စေချင်လျှင်ပိတ်၊ မြင်စေချင်လျှင်ဖွင့်ရုံပေါ့။ လွယ်ပါသည်။ တတိယမြောက် နေရာထိုင်ခင်းလေးကား ထမင်းစားစားပွဲရှိရာ နေရာနှင့် ထပ်ခိုးပေါ်တက်သော တစ်ပေခွဲအကျယ်ရှိ ခပ်မတ်မတ် လှေကားငယ်။ သေသေသပ်သပ် ပြောလျှင်တော့ (dining room နှင့် stair hall)။ အခန်းမှာမှောင်လွန်းနေ၍ (၄၀) ဝပ်မီးသီးလေးတစ်လုံး အမြဲဖွင့်ထားရသည်၊ နောက်ဘက်ဆက်သွားလျှင် ကောင်းကင်မှ အလင်းရောင်ရယူထားသော အပေါက်ကြီး (well)ရှိသည်။ အမိုးမရှိ။ (အရင်ကတော့ အလင်းရောင်ဖောက်ထွင်းနိုင်သော အမိုးပြား transparent roofing sheet) ရှိကောင်းရှိနိုင်သည်။ ကျွန်တော်တို့မှာ ကြယ်မြင် လမြင်ဖြစ်ရုံမက 'မောင်ငိုမယ် မိုးသည်းထဲမှာ' ဖြစ်နေရသည်။ မိုးရွာလျှင် သဘာဝ၏ ကောင်းသောရေနှင့် လူဖန်တီးထားသော မကောင်းသော ရေ၏ဒဏ်ကို ခါးခါးသီးသီး ခံစားရသည်။ မိုးရွာလျှင် ကျွန်တော်တို့မပျော်။ ငိုရသည်။ ငိုခဲ့ရသည်၊ အဲသည်အခန်းကိုတော့ စတို(store)လို့ပဲ လွယ်လွယ် ပြောပါရစေ၊ နောက်ဖေးဘက်သို့ ဆက်လာလျှင် အခန်းနှစ်ခန်း ရှိပါသည်။ တစ်ခန်းကမီးဖိုခန်းနှင့် တစ်ခန်းကအိမ်သာပါ။ အပေါ်ထပ်အိမ်သာ၏ ကြမ်းခင်းသည် အိုမင်းဆွေးမြေ့ ပွန်းပဲ့နေသောကြောင့် ကျွန်တော်တို့ မြေညီထပ်က အိမ်သာတက်လျှင် ထီးဆောင်းရပါသည်။ ပြီးတော့ အိမ်သာတံခါးသည် အတန်ငယ်လုံခြုံမှု ကင်းမဲ့နေသဖြင့် အိမ်သာတက်လျှင် (စာဖတ်ဝါသနာပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ) သတင်းစာ ဖတ်ရပါသည်။ အခန်းငယ်၏အပေါ်ထပ် ထပ်ခိုးကတော့ ရိုးစင်းလွန်းသော ဟင်းလင်းခွင် (space)တစ်ခုပါ။ ဇာတ်အဖွဲ့လို ခြေရင်းမှာ သေတ္တာတစ်လုံးစီ ကိုယ်စီထား၍ တန်းစီအိပ်ရပါသည်။ သဘာဝလေကို ကောင်းစွာ ရှူရှိုက်ခွင့်မရ၊ သဘာဝအလင်းရောင်ကိုလည်း မြတ်နိုးရှိုက်နမ်းခွင့်မရ၊ သေတ္တာထဲမှာနေသော ကြွက်ကလေးတွေလို ချောင်ထဲ၊ မှောင်ထဲမှာ ကျွန်တော်တို့



ဖြတ်သန်းခဲ့ရလေသည်။ မိဘနှစ်ပါးသည် လစဉ်ဝင်ငွေပါးလျသော ဝင်စင်စားဘဝဖြစ်ရာ အခန်းကိုလည်း ပြုပြင်ထိန်းသိမ်းနိုင်ခြင်းမရှိပါ။ သို့နှင့် သည်အခန်းကျဉ်းကျဉ်း ကလေးထဲမှာ မွန်းကျပ်စွာ အသက်ရှူရင်း အ. ထ. က(၆)ဗိုလ်တထောင်မှ ဆယ်တန်းအောင်ခဲ့ . . .။ သို့နှင့် အနော်ရထာလမ်းမကြီး၏ မာကျူရီ မီးရောင်အောက်မှာလမ်းလျှောက်ရင်း၊ စာတွေဖတ်ရင်း . . အာရ်အိုင်တီ (ရန်ကုန်စက်မှုတက္ကသိုလ်)သို့ ခြေလှမ်းခွင့်ရခဲ့။ 'အာခီတက်'ဘွဲ့ရခဲ့။

| ၄ |

ကျွန်တော်၏ဘဝတွင် တတိယမြောက်နေထိုင်ခဲ့ဖူးသော အိမ်ကလေးကတော့ ကြာနီကန်လမ်းလည်း မဟုတ်၊ အနော်ရထာလမ်းလည်း မဟုတ်။ ဟောင်ကောင်မှာပါ။ ဟောင်ကောင်တွင်သုံးနှစ်ကြာ နေထိုင်ခဲ့စဉ်ကာလအတွင်း အကြောင်းအမျိုးမျိုးကြောင့် လေးနေရာ၊ ငါးနေရာလောက် ပြောင်းရွှေ့နေထိုင်ခဲ့ဖူးပါသည်။ ဟောင်ကောင်သို့ ရောက်စကာလ၊ စက်ရုံကပေးသော အဆောင်တွင် ခပ်ကုပ်ကုပ် နေခဲ့ရပါသည်၊ အဆောင်ဆိုသည်မှာလည်း ဘာမျှမဟုတ်။ စက်ရုံ၏ အပေါ်ဆုံးထပ်တွင် အခန်းကျယ်တစ်ခန်းရှိသည်။ ကုတင်များကို တန်းစီချထားပေးသည်၊ ပန်ကာတစ်လုံးစီလည်း ဝေမျှပေးထားသည်။ ရေချိုးခန်း၊ အိမ်သာကို ဘုံသုံး၊ မီးဖိုသုံးလိုက ဘုံသုံး၊ ရေမီးအစုံအလင်ရသော ကျောခင်းစရာ နေရာလေးတစ်ခု ပေးထားခြင်းဖြစ်ပါသည်။ ဒါပါပဲ. . ။

နောက်ပိုင်းမှာတော့ အခန်း(apartment)တစ်ခုတွင် ကျွန်တော် ငှားရမ်းနေထိုင်မိပါသည်။ ပိုင်ရှင်က မြန်မာပြည်ဖွား . . ။ ယူနစ်တစ်ခုတွင် အိပ်ခန်းသုံးခန်းပါသည်။ ဘုံသုံးရန် ဧည့်ခန်းကျယ်တစ်ခန်း၊ ရေချိုးခန်း အိမ်သာတစ်ခု၊ ထမင်းစားခန်း၊ မီးဖိုခန်း ပြည့်ပြည့်စုံစုံပါရှိသည်။ ဆိုဖာဆက်တီ၊ ရေခဲသေတ္တာ၊ လေအေးပေးစက်၊ အဝတ်လျှော်စက်၊ တီဗွီ၊

www.burmeseclassic.com

www.burmeseclassic.com



ဗိုဒီယိုအောတ်စက် အပြည့်အစုံ။ အဲသည်အချိန်က ကျွန်တော့်အသက် (၃၀)ခန့် ရှိမည်။ ထိုသောကာလမှ ရွှေတောင်သား 'အာခီတက်'သည် အိမ်၏အခြေခံအဆောင်အယောင် ပြည့်ပြည့်စုံစုံနှင့် နေဖူးထိုင်ဖူးခြင်း ဖြစ်သည်၊ တကယ်ဆိုတော့ . . သူတို့ 'ဟောင်ကောင်'မှာ သည်လိုအခြေခံအသုံးအဆောင်များဖြင့် နေထိုင်ခြင်းသည် သာမန်လူတန်းစား တစ်ရပ်မျှသာ . . ။ ထိုအခန်းလေးတွင် တစ်နှစ်ခန့် ခိုလှုံဖြစ်ပါသည်။ ခလုတ်နှိပ်လိုက်လျှင် ရေလာပါသည်၊ မီးလင်းပါသည်၊ နေမှုထိုင်မှု အဆင်ပြေပါသည်၊ နောက်တော့ သူငယ်ချင်းတစ်ယောက်၏ (apartment)တွင် ပြောင်းရွှေ့နေထိုင် ဖြစ်ပါသည်။ အနေအထိုင် အဆင်ပြေပါသည်၊ နောက်ပိုင်းမှာတော့ ဝါသနာတူ၊ အလုပ်တူသူ . . . သူငယ်ချင်း 'အာခီတက်'၏ ဖိတ်ခေါ်မှုကြောင့် သူနှင့်ပင် အနီးကပ်နေထိုင်ပြီး 'အာခီတက်' အလုပ်ကို ညီညီညွတ်ညွတ် လုပ်ကိုင်ကြပါသည်။ ရုံးလည်းအိမ်၊ အိမ်လည်းရုံး (home - office)လိုစတိုင်မျိုး လုပ်ကိုင်ခွင့်ရသည်၊ ရုံးခန်းလည်းဒါပဲ၊ အိမ်ခန်းလည်းဒါပါပဲ . . . ။ တကယ်တော့ သည်နေရာမှာ အခန်းကျယ်တစ်ခန်းသာရှိသဖြင့် သိပ်တော့လည်း အဆင်မပြေလှပါ။ တစ်လနှစ်လနေပြီး နောက်တစ်ခန်း ရွှေ့ကြပါသည်၊ ငှားရမ်းလိုက်သောအိမ်သည် ၃လွှာပါရှိသဖြင့် အိမ်နှင့် ရုံးခန်းအလွှာခွဲထားရာ . . . သန့်ရှင်းမှုကအစ အားလုံးအဆင်ပြေသွားပါသည်၊ မြေညီထပ်မှာ ဧည့်ခန်း၊ ထမင်းစားခန်း၊ မီးဖိုခန်း၊ ပထမထပ်မှာ ရုံးခန်းနှင့် အပေါ်ဆုံးထပ်မှာ ကျွန်တော်တို့၏အိပ်ခန်းများ၊ အခန်းနံရံတိုင်းကို သန့်ရှင်းလတ်ဆတ်ပြီး ထာဝစဉ်မရိုးနိုင်သော အဖြူဖျော့ဖျော့ဆေးများ ခြယ်သထားသည်၊

ကျွန်တော်တို့ အာခီတက်သူငယ်ချင်းနှစ်ယောက်၊ တစ်ယောက်ကိုတစ်ယောက် ပြုံးပြီးကြည့်နေမိသည်၊ 'အာခီတက်'တွေသည် သာသာယာယာနေထိုင်ဖို့ လိုသည်၊ မြင့်မြင့်မားမား တွေးခေါ်ဖို့လိုသည်၊ လှလှပပ ဒီဇိုင်းများကို ဖန်တီးရေးဆွဲဖို့လိုသည်၊ ကျွန်တော်တို့အချင်းချင်း ပိုမို



နားလည်သွားသည့်သဘော . . . ။

'အိုးသည်လည်း အိုးကောင်းသုံးခွင့်ရှိသည်' မဟုတ်ပါလား။

[၃]

ကျွန်တော် အရိပ်ခိုခဲ့သော ကျွန်တော်မွေးစက်ခဲ့သော မြို့နိပြာဝါ 'အိမ်'ကလေးများအကြောင်းကို ရေးဖွဲ့ဖို့စိတ်ကူးခဲ့သည်မှာ အတန်ကြာခဲ့ပါပြီ။ သို့သော် . . . စာတစ်စောင်ပေတစ်ဖွဲ့ ဖြစ်မလာ။ ယခု . . . ရေးဖွဲ့သည်မှာလည်း ခြေဆင်းပျိုးခြင်း။

ယခုလို . . .

အမိုး၊ အကာ၊ အခင်းရှိသောနေရာထိုင်ခင်းကလေးများကို ရေးဖွဲ့နေဆဲ မဟေသီမဂ္ဂဇင်း အသစ်စက်စက် (အောက်တိုဘာ ၂၀၀၈)ကို ဖတ်ကြည့်မိပါသည်။ မောင်ခင်မင်(ဓနုဖြူ)၏ 'သူတည်းတစ်ယောက်လက်ာကို တစ်ကြိမ်ပြန်ကြည့်ခြင်း' . . . ဆောင်းပါးကို ကိုးကားလိုပါသည်။ ဆရာက ပုဂံခေတ်က နန်းတော်ကို ရွှေတောင်ဟု သုံးသည်ဟု ပြောပါသည်။

တိုက်တိုက်ဆိုင်ဆိုင်တွေ့ရသည်မှာ . . ကြီးကျယ်သော၊ မြင့်မြတ်သော 'အိမ်'ဝေါဟာရကို ခေါ်ဆိုပုံဖြစ်သည်။ နန်းတော်၊ အိမ်တော်လို့သုံးကြောင်းကို ကျွန်တော်တို့နားရည်ဝပြီးသား။ နန်းတော်ကိုမူ ရှေးပုဂံခေတ်က ရွှေတောင်လို့ သုံးခဲ့သည်ကိုတော့ ကျွန်တော့်အနေဖြင့် စိမ်းနေသေးသည်။ မကြားဖူးသေးပါ။ လေးစားရင်းစွဲရှိသော ဆရာ မောင်ခင်မင်ကို ကျေးဇူးတင်ပါသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



# အသိုက် - ၂

[ ၁ ]

ကျွန်တော် . . ရပ်မနေပါ။ သွားနေပါသည်။ တစ်ခါတစ်ရံ ဖြည်းဖြည်းပဲ သွားပါသည်။ တစ်ခါတလေ မနှေးမမြန်ပုံမှန်လေးပဲ သွားပါသည်။ ရံဖန်ရံခါတော့ . . အရေးကြီးသည်။ ဖြည်းဖြည်းအေးအေး ဆေးဆေးသွားနေ၍မရ။ ခပ်သွက်သွက် သုပ်သီးသုပ်ပြာ ပြေးရတာတွေလည်းရှိသည်။ သေချာတာတော့ ကျွန်တော် ထိုင်မနေပါ။ ခရီးနှင်နေသည်။

ငါတို့တနိုင်နိုင်
ငါတို့ ပြေးခဲ့ကြ။
စနေ တနင်္ဂနွေ တနင်္လာ အင်္ဂါ
ငါတို့ ပြေးခဲ့ကြ။
မြက်ပင်များ၊ လယ်တွက်များ၊ မြို့ရွား

www.burmeseclassic.com

www.burmeseclassic.com



ငါတို့ ပြေးခဲ့ကြ။
အငေးတ ခေတ်များ
ငါတို့ ပြေးခဲ့ကြ။

ကဗျာအမည်က 'အိမ်သေးသေးလေးတစ်လုံး' . . . တဲ့။ 'ပြဇာတ်မင်းသား' ကဗျာစာအုပ်ထဲမှ ဆရာအောင်ချိမ့်၏ ကဗျာတစ်ပုဒ် ဖြစ်သည်။ ဟိုးအဝေးမှာ သေးသေးလေးအဖြစ်သာ အိမ်ကလေးက ကျန်ခဲ့သည်။ ကျွန်တော်တို့ကား တရိပ်ရိပ်ပြေးကြသည်။ ယနေ့ . . တနင်္လာ။ စနေ၊ တနင်္ဂနွေတွေကို ဖြတ်သန်းခဲ့သည်။ မြက်ပင်တွေ၊ လယ်ကွက်တွေ၊ မြို့တွေကို ဖြတ်သန်းလာသည်။ ခေတ်တွေကို ဖြတ်သန်းလာသည်။ ကျွန်တော်တို့ တရိပ်ရိပ်ပြေးနေကြသည်။ ပြေးရင်းမှ ပြေးတာ ကြာတော့လည်း ကွမ်းတစ်ရာလောက်ဝါးချင်သည်။ ရေတစ်မှုတ်လောက် သောက်ချင်သေးသည်။

[ ၂ ]

ဘာလိုလိုနှင့် . . .

ဟောင်ကောင်မှာနေခဲ့တာ . . . သုံးနှစ်ကြာမြင့်ခဲ့ပြီ။ တမြေ့မြေ့ ခံစားနေရသော အိမ်လွမ်းစိတ်က ခုမှပဲပြေပျောက်တော့သည်။ ရှပ်အင်္ကျီက ဖေဖေ့ဖို့၊ ထမီစက မေမေ့ဖို့၊ တီရှပ်က ညီမလေးတွေဖို့၊ နာရီက အစ်မကြီးဖို့၊ လက်ကိုင်အိတ်က အစ်မငယ်တွေဖို့၊ ထွေလီကာလီတွေ ဝယ်ဖို့စဉ်းစားရသည်။

ကျွန်တော် . . . 'အိမ်ပြန်တော့မယ်'ပြောသောအခါ . . . သူငယ်ချင်း 'အာခီတက်'က စိတ်မကောင်း။ ဟောင်ကောင်တွင် ဆောက်လုပ်ရေးလုပ်ငန်းများ အရှိန်အဟုန် လျော့ပါးသွားပြီဖြစ်ရာ ကျွန်တော်တို့၏ ဗိသုကာဒီဇိုင်းပုံစံများရေးဆွဲခြင်း အလုပ်ကလည်း တဖြည်းဖြည်း ဆုတ်ယုတ်လာသည်။ ကျွန်တော့်အတွက်နှင့် သူငယ်ချင်း၏ ပုခုံးပေါ်



ဝန်ထုပ်ဝန်ပိုး မဖြစ်စေချင်။ ကျွန်တော်အိမ်ပြန်ရုံသာ ဖြစ်သည်။ အခြားရွေးချယ်စရာ လမ်းမရှိ။ ဂျပန်သို့ရောက်နေတာ ကြာပြီဖြစ်သော အမျိုးသမီးသူငယ်ချင်း 'အာခီတက်'ကတော့ . . . အိမ်သို့မပြန်စေချင်သေး။ ဂျပန်ကိုလာဖို့ဖိတ်ခေါ်နေသည်။ အရင်ဆုံးဘန်ကောက်တွင် ခဏစောင့် နေရမည်။ ဂျပန်ဝင်လို့ရအောင် သူမကြိုးစားပေးမည်ဟု ပြောသည်။ ကျွန်တော်က တစ်မျိုး။ ဗိသုကာအလုပ်ကလွဲ၍ လေယာဉ်ပျံလည်း မမောင်းချင်၊ ပန်းကန်လည်း မဆေးချင်။ ခက်သည်။ သူတို့က ကျွန်တော့်ကို ပြန်ထွက်ချင်လျှင် ထွက်ရခက်နေမည်စိုးသဖြင့် မပြန်စေချင်သေး။ ရသည့်တက်ဖြင့် လော့်စေချင်သေးသည်။ သူငယ်ချင်းတွေ၏ ကျွန်တော့်အပေါ် ထားသော စေတနာကို မလေးစားဘဲ မနေနိုင်။ သို့သော် . . .။

ထိုခေတ် ထိုကာလက . . . နိုင်ငံခြားသို့သွား၍ အလုပ်လုပ် (သူဌေးပဲလုပ်လုပ်၊ စာရေးပဲလုပ်လုပ်)ပြီး၊ ပြန်လာလျှင် 'သွား'မပါချင်နေပါစေ၊ ကားတစ်စီးလောက်တော့ပါရမည်။ ကျွန်တော်စိတ်ဝင်စားသောအရာမှာ ကားဝယ်ခြင်း၊ ဆိုင်ကယ်ဝယ်ခြင်း၊ အပေါ်စက်၊ အောက်စက် ဝယ်ခြင်း မဟုတ်ပါ။ စာအုပ်ဝယ်ခြင်း ဖြစ်သည်။ ဝယ်ရင်းဝယ်ရင်း စာအုပ်တွေက များလာသည်။ သူငယ်ချင်းတွေက လက်ဆောင်ပေးတာတွေလည်း ရှိသည်။ မြန်မာပြည်သို့ လေယာဉ်ဖြင့် စာအုပ်တွေကို သယ်မည်ဆိုလျှင် လေယာဉ်စရိတ် မတတ်နိုင်။ စရိတ်ကျဉ်းသော သင်္ဘောဖြင့် သယ်ရသည်။ စာအုပ်တွေကို အရင်ပို့။ လူက လေယာဉ်ဖြင့် နောက်မှလိုက် . . .။

အောင်ပွဲတွေကို ဆွတ်ခူးလာသော စစ်သူကြီးတစ်ယောက်ကို ကြိုဆိုပုံမျိုး၊ မင်္ဂလာဒုံလေဆိပ်တွင် မိသားစုက လာရောက်နွေးထွေးစွာ ကြိုဆိုကြသည်။ မှတ်မှတ်ရရ အစ်မငယ်၊ နှမငယ်တို့နှင့်အတူ 'ဖေဖေ'ပါ ပါလာသည်။ မေမေကတော့ (သိပါတယ်လေ) အိမ်မှာ အိမ်စောင့်။

www.burmeseclassic.com



ကျွန်တော် . . . စာလုံးဖြင့် သရုပ်ဖော်နိုင်စွမ်းမရှိပါ။ ဖေဖေနှင့် မောင်နှမတစ်တွေကို မြင်ရတော့ တော်တော်ပျော်ပါသည်။ အနော်ရထာလမ်းက အိမ်ကလေးပြန်ရောက်တော့လည်း၊ အိမ်နီးနားချင်းတွေက ဝမ်းပန်းတသာ နှုတ်ဆက်ကြ။ ငယ်သူငယ်ချင်းတွေကလည်း အပြေးရောက်လာပြီး၊ ရယ်စရာမောစရာတွေ ပြောကြပေါ့ . . .။ အဲဒီအချိန်တွေတုန်းက နိုင်ငံခြားသွားတယ်ဆိုတာ . . . ဝိတိုရိယတောင်ထိပ်တက်ရသလို အရောက်အပေါက်နည်းသေးသည်။ ဆွေမျိုးရင်းချာတွေထဲမှာတော့ 'မိုးရထား'က ဦးလေး ဦးရွှေဝင်းတစ်ယောက်ပဲ (နိုင်ငံတော်တာဝန်ဖြင့်) ပြင်သစ်ကို ခဏခဏသွားရတာ ကြားဖူးသည်။ သူက 'ဘီအက်စီ အင်ဂျင်နီယာ'ဘွဲ့ရ စက်မှုအင်ဂျင်နီယာချုပ်ကြီးပါ။ ရန်ကုန်နှင့် ပဲရစ်ကို စစ်ကိုင်း၊ မန္တလေး သွားသလိုမျိုး အိမ်ဦးနှင့်ကြမ်းပြင် သွားနေတာ . . . သူပါပဲ၊

၁၄နှစ်သားဘဝ ခုနှစ်တန်းကျောင်းသားအောင်ဘဝမှာ သည်အခန်းကျဉ်းလေးထဲသို့ ရောက်သည်။ ယခု ၃၄နှစ်သားအရွယ်၊ ဘွဲ့ရ 'အာခီတက်' . . .။ နိုင်ငံခြားအတွေ့အကြုံ အထိုက်အလျောက်ရပြီးသူ။ အနှစ်နှစ်ဆယ် ကွာဟသွားသည်။ အောင်ရှိန်၏ ဦးကပ်စေးကို သဲကြီးမဲကြီး ဖတ်သော ကာလတွေကား လွန်ခဲ့ပြီလေ။ သည်အခန်းကျဉ်းလေး ထဲမှာ အေးအေးဆေးဆေးထိုင်နေရင်း၊ သည်အခန်းကလေးသည် ပို၍ ကျဉ်းမြောင်းသွားသယောင် ထင်မိပါသည်။ ပို၍အိုက်စပ်လာသလော . . .။ ပို၍ မွန်းကျပ်လာသလော . . .။ ပစ္စည်းတွေက များလာလို့လား . . .။ လူကကော များလာသလား။ နည်းသွားသလား။ အမိုး၊ အကာ၊ အခင်း ရှိတာနဲ့ 'အိမ်'လို့ခေါ်မှာလား . . .။ 'အိမ်'ဆိုတာ လေဝင်လေထွက်ကောင်းမှ မဟုတ်ဘူးလား . . .။ သင့်တင့်မျှတသော အလင်းရောင်ကော မလိုအပ်ပေဘူးလား . . .။ နေမှုထိုင်မှုကော သက်တောင့်သက်သာရှိဖို့ မလိုဘူးလား။ ဒီအိမ်တလေးထဲမှာ နေထိုင်တဲ့ အိမ်သားတွေ . . . စိတ်ချမ်းမြေ့ဖို့ မလိုပေဘူးလား။ နေချင့်စဖွယ် ဧည့်ခန်းလေး၊ တရားထိုင်ချင့်



စဖွယ် ဘုရားခန်းလေး၊ လဲလျောင်းချင့်စဖွယ် အိပ်ခန်းလေး၊ သာသာယာယာရှိဖို့ မလိုပေဘူးလား . . .။ သည်အခန်းလေးနှင့် ပတ်သက်ပြီး တစ်ခါမျှ သည်လိုမတွေးဘူး၊ ခုမှ . . .။

ကဗျာလေးတစ်ပုဒ်ကို သတိရနေမိသည်။ 'အိမ်' . . တဲ့။ တဂိုး၏ 'ဆန်းစသော်တာ ကဗျာများ'ထဲကပါ။ မြန်မာပြန်သူက ဆရာကြီးမင်းသုဝဏ်ပါ။

**စေဦးလဲပမာ**
**နေဝင်ချိန်သည် မိမိ၏**
**နောက်ဆုံးပိတ် ရွှေရောင်ခြည်တို့ကို**
**မြုပ်နှံဖုံးဝှက်လျှက် ရှိပါသည်။**
**ကျွန်တော်သည်**
**ကွင်းကြီးကိုဖြတ်၍ တယောက်ထီးတည်း**
**ခရီးသွားလျှက်ရှိပါသည်။**
**နေရောင်သည် အမှောင်ဘက်သို့**
**ယွန်းသည်ထက်ယွန်းခိုက်**
**ရိတ်သိမ်းပြီးစ လယ်တွင်းကြီးသည်**
**မုဆိုးမအိမ်သဖွယ်**
**ဆိတ်ငြိမ်လျှက်ရှိပါသည်။**

ကျွန်တော်တို့နေသော အခန်းငယ်လေးကား 'မုဆိုးမအိမ်'လား။ သူကြီးအိမ်လား . . . ကျွန်တော့်မှာ အတွေးဖြာလျက် . . .။

### | ၃ |

ကိုကျော်ဝင်း (ရောဝဏ်)တို့၏ ကမ္ဘာအေးမှခြံကြီးကား အင်မတန် ကျယ်ဝန်းလွန်းသည်။ တစ်တောနီးပါးမျှ . . .။ သည်မျှ ကျယ်ဝန်းသော ခြံကြီးသည် လေးထောင့်စပ်စပ်တော့မဟုတ်။ ပုံသဏ္ဌာန်မမှန် . . .။

www.burmeseclassic.com

www.burmeseclassic.com



ထိုခြံကျယ်၏ အလယ်တည့်တည့်လောက်တွင် အုတ်ညှပ်နှစ်ထပ်တိုက်တစ်လုံးရှိသည်။ အောက်ထပ်တွင် ဧည့်ခန်း၊ ထမင်းစားခန်း၊ မီးဖိုဆောင်၊ ရေချိုးခန်း၊ အိမ်သာနှင့် တန်ဖိုးရှိသော တိုင်းရင်းဆေးကုန်ကြမ်းများ သိုလှောင်ရာ စတိုရှိသည်။ အပေါ်ထပ်တွင် ဘုရားခန်း၊ မိသားစုနားနေခန်း၊ အိပ်ခန်းသုံးခန်းရှိသည်။ အိပ်ခန်းတစ်ခန်းက ရေချိုးခန်း၊ အိမ်သာ တွဲလျက်ရှိပြီး၊ ကိုကျော်ဝင်းနေထိုင်သည်။ ကျန်နှစ်ခန်းက တစ်ခန်းမှာ တပည့်တပန်းများ (အလုပ်သမား)နေပြီး၊ ကျန်အိပ်ခန်း တစ်ခန်းကတော့ . . . မိတ်ဆွေသင်္ဂဟများ တည်းခိုရန်အတွက်သာ။

ကိုကျော်ဝင်းကပဲ ဖိတ်ခေါ်သမှုပြု၍ သည်ခြံထဲကို ကျွန်တော်ရောက်လာသလား။ ကျွန်တော်ကပဲ (ဟောင်ကောင်ကပြန်လာပြီး) အနော်ရထာလမ်းက အခန်းကျဉ်းကျဉ်းလေးထဲမှာ မွန်းကျပ်လွန်း၍၊ မိဘများနှင့် မနေချင်တော့ကာ ကိုကျော်ဝင်းကိုခွင့်တောင်းပြီး လာနေသလား။ မမှတ်မိတော့ပါ။ သေချာတာကတော့ သည်ခြံကြီးထဲမှာနေရတာ စိတ်ကြည်နူးဖွယ် ကောင်းပါသည်။ မြင့်မြင့်ကျိုင်းကျိုင်း အုန်းပင်ကြီးတွေ၊ ကွမ်းပင်ကြီးတွေကလည်း တစ်ခြံလုံးပြည့် နီးပါးရှိသည်။ သရက်ပင်ကြီး များလည်း ငါးပင်ခြောက်ပင်ခန့် ရှိသည်။ ကျန်တာတွေကတော့ ဆရာကိုကျော်ဝင်း၏ ရင်ခုန်ကြည်နူးဖွယ် ရောင်စုံပန်းပင်များဖြစ်သည်။ မလေးရှားစကား၊ ကစ်မီကွစ်၊ သစ်ခွမျိုးစုံ၊ ရွက်လှမျိုးစုံ၊ ဂမုန်းမျိုးစုံ . . ။ ကိုကျော်ဝင်းသည် 'ပန်းမြိုင်လယ်က ဥယျာဉ်မှူး'သဖွယ် ဖြစ်သည်။ သူ၏ ပန်းပင်ကလေးများကို အမြဲရေလောင်းပေါင်းသင်သည်။ သူ့ဘာဝနှင့် လိုက်ဖက်သည်။ တကယ်လည်း ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနက ကထိကဆရာတစ်ယောက် ဖြစ်သည်။

ကျွန်တော်ရောက်ပြီး သိပ်မကြာခင်မှာပဲ ပေ၄၀၊ ပေ၈၀လောက်ရှိသည့် တိုင်းရင်းဆေးဝါးထုတ်လုပ်ရန် စက်ရုံတစ်လုံး တည်ဆောက်သည်။ သည်စက်ရုံကြီးထဲမှာ အမှုန့်ကြိတ်ခြင်း၊ ဆေးဝါးထုတ်လုပ်ခြင်းနှင့်



ပုံနှိပ်စက်များ ပါရှိသည်။ ဤသို့ ဆောက်လုပ်ရေးလုပ်ငန်းဖြင့် တွဲသွားသောအခါ ကျွန်တော်လည်း အခြောက်တိုက်ကြီး နေခြင်းမဟုတ်။ အဆောက်အအုံတစ်ခုလုံးကို ပုံစံဆွဲ၊ ကြီးကြပ်၊ ဆောက်လုပ်၊ နေထိုင်။

ကောင်းပြီ။ အဆောက်အအုံတစ်ခုလုံး ဆောက်လုပ်ပြီဆိုကတည်းက အာခီတက်အင်ဂျင်နီယာရှိရမည်။ လက်သမား၊ ပန်းရံ၊ သံချိသံကွေး၊ ရေသန့်၊ ပိုက်ဆက်ဆရာ၊ လျှပ်စစ်ဆိုင်ရာကျွမ်းကျင်သူများ၊ ဆေး၊ ပေါလစ်သုတ်လုပ်ငန်း ကျွမ်းကျင်သူများ ရှိရမည်။ ပြီးတော့ . . . သည်အာခီတက်အင်ဂျင်နီယာ၏ မိတ်ဆွေအပေါင်းအသင်းများလည်း ရှိဦးမည်။

ကျောင်းဆရာ၏ အဝန်းအဝိုင်းဖြစ်သူတွေကတော့ . . . မြကျွန်းညိုညိုတက္ကသိုလ်၊ မြန်မာစာဌာနမှ အာစရိများနှင့် တစ်ရပ်ကွက်တည်းနေ၊ ရေကျော်ရပ်ကွက်မှ ငယ်ပေါင်းများဖြစ်သည်။ ကျွန်တော်သည် ရန်ကုန်အရှေ့ပိုင်းသားအတုဖြစ်ရာ၊ ရေကျော်နှင့် သိပ်အလှမ်းမဝေး။ သူ၏ ငယ်ပေါင်းများသည် ကျွန်တော့်အတွက်တော့ မျက်နှာစိမ်းမဟုတ် . . .။ ကျွန်တော်သည် 'အာခီတက်' အလုပ်ဖြင့် အသက်မွေးမြူနေသူတစ်ဦးဖြစ်ပါသည်။ တစ်ဘက်မှာလည်း မြန်မာစာပေကို မြတ်နိုးခုံမင်သူ တစ်ယောက် ဖြစ်ပါသည်။ ဆရာဦးမောင်မောင်ကြီး၊ ဦးဘိုသင်း၊ တက္ကသိုလ်ဝင်းမွန်၊ တက္ကသိုလ်မင်းဇော်၊ ဇော်ဇော်အောင်၊ ဦးအောင်သင်း၊ ဦးလှထွန်း၊ ဦးတင်ဝင်း၊ ဦးကျော်ညွန့်(မောင်မင်းယာ)၊ ဇောင်းထက် မောင်သာချို . . . စသည့်အမည်တွေက ကျွန်တော်နှင့် သိပ်မစိမ်း။

တစ်ခါက . . .

ဧရာဝဏ်ကမ္ဘာအေးခြံကြီးတွင် ရွှေရောင်ညနေခင်း ကာလများစွာ ရှိခဲ့ဖူးသည်။ ထိုပွဲတွင် အမြဲတမ်းလက်ရွေးစင်တွေက အိမ်ရှင်ကိုကျော်ဝင်းနှင့် ကျွန်တော်ပဲဖြစ်သည်။ တစ်ခါတစ်ရံ ကိုကျော်ဝင်း မအားလပ်သေးသောအခါ သူ့သူငယ်ချင်း၊ ဆရာများကို ကျွန်တော်က

www.burmeseclassic.com

www.burmeseclassic.com



'ဝိုင်း' ထိန်းပေးထားရသည်။ စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်များမှာတော့ . . ဆရာဦးတင်ဝင်းနှင့် ဦးကျော်ညွန့်တို့ ငါးတင်လေးတစ်ကောင်ကို စွဲကိုင်ပြီး ချိတက်လာတတ်သည်။ အေးအေးဆေးဆေး ထိုင်သည်။ ရစ်မှေ့ရည်နှင့် ဒူးယားစီးတရက်ရှိလျှင် နေညိုအောင်ထိုင်တတ်သည်။ ဝိုင်းတော်သားတွေက ဆရာဦးတင်ဝင်းကို 'ရမ်ဘို'လို့ ခေါ်ပါသည်။ 'ရမ်' သောက်သည့်နေရာများမှာ 'ပိုလ်'စွဲလို့ပါ။ ဒဂုံတက္ကသိုလ် မြန်မာစာဌာန၊ ပါမောက္ခဘဝနှင့် ကွယ်လွန်ခဲ့ပါပြီ။ 'လူမှုးပေမယ့် အဘိမ္မောမမူးဘူး' အော်လာရင်တော့ . . . သတိထားရမှာက ဆရာဦးလှထွန်းပါ။ ဆရာနာဂသိန်နာမည်နှင့် တစီစာကုံးစာအုပ်တွေ ရေးသားအောင်မြင်နေသော ဆရာကြီးပါ။ တက္ကသိုလ်က တွဲဖက်ပါမောက္ခနှင့် အငြိမ်းစားယူပြီး အယူအဆတွေ မမူးအောင် ထိန်းသိမ်းနေသူပါ။ တစ်ခါတစ်ရံမှ ကြွလာတတ်သော ဆရာကြီးဦးဘိုသင်းကား အလွန်ခင်ဖို့ကောင်းပါသည်။ စကားပြောတာလည်း လွန်စွာအေးဆေးညက်ညောလှပါသည်။ ဆရာကြီး ရွှေဥဒေါင်းပြောသော (gentleman) လူကြီးလူကောင်းဟန်ပန်နှင့် သောက်သည်မှာ တစ်ခွက်နှစ်ခွက် . . .။

လူစုံကြသောအခါ ခြံကြီးထဲတွင် နှစ်ဝိုင်းသုံးဝိုင်း ဖြစ်သွားသည်။ ငယ်ပေါင်းတွေက တစ်ဝိုင်း၊ ဆရာများက တစ်ဝိုင်း၊ ကျွန်တော်၏ တပည့်များနှင့် သူငယ်ချင်းများက တစ်ဝိုင်း။ ပင်လယ်ကိုမမြင်ရသော်လည်း အုန်းပင်တွေ ကွမ်းပင်တွေအပြည့်နှင့်မို့ ချောင်းသာကမ်းခြေမှာ အပမ်းဖြေရသည်နှင့်ပင် တူတော့သည်။ ကြယ်ရောင်၊ လရောင်တွေအောက်မှာ. . .။

မည်သို့ပင် နေမှုထိုင်မှု ငြိမ့်ညောင်းသာယာပါစေ . .။ ကျွန်တော်က 'ခရီးသွားဧည့်သည်'ပါ။ သည်နေရာ၊ သည်ဌာနမှာ ထာဝရ လဲလျောင်းလို့ မဖြစ်နိုင်ပါ။ ဝေးဝေးသွားချင်လျှင် အမြင့်ကို ပျံသန်းရပေဦးမည်။

တဂိုး၏ 'အိမ်'ကဗျာလေးကို ရွတ်ပြပါဦးမည်။



ထိုခဏ၌ သူငယ်တစ်ဦး၏
စူးရှသော သီချင်းသံသည်
ကောင်းကင်ဆီသို့ ပျံတက်သွားပါသည်။
ဆိတ်ငြိမ်သော ညဦးမှောင်ထဲတွင်
သီချင်းအမျှင်ကို တန်းတန်းစွဲ၍
သူငယ်သည် အမှောင်ထုကို
ဖြတ်သန်းလျက်ရှိပါသည်။

သူ့အိမ်သည် ကွင်းကြီး၏အဆုံး
ကြံခင်း၏ဟိုမှာဖက်
ငှက်ပျောတော ကွမ်းသီးတော
အုန်းတောနှင့် ပိန္နဲတောတို့အကြားတွင်
တည်ရှိပါသည်။

ကိုကျော်ဝင်းတို့၏ ရောဝက်ခြံကြီးကတော့ ကမ္ဘာအေး၊ ကျောက်မျက်ရတနာရုံးချုပ်ရှေ့က မဟာဂန္ဓာရုံကျောင်းတိုက် ဘေးနားမှာပါ။ 'တဂိုး'ကဗျာအတွေးထဲက သူ၏အိမ်ကတော့ ကွင်းကြီး၏အဆုံး၊ ကြံခင်း၏ဟိုဖက်၊ ငှက်ပျောတော၊ ကွမ်းသီးတော၊ အုန်းတောနှင့် ပိန္နဲတောတွေကြားမှာ အသေအချာ တည်ရှိပါသည်။ တစ်ခါက . . 'အာရ်အိုင်တီ'မှာ အချစ်ကဗျာအနွဲ့လေးတွေရေးခဲ့သော 'ဇော်ထွဋ်'၏ ကိုယ်ပိုင် 'အိမ်' တလေးက ဘယ်မှာလဲ . . .။ လွမ်းစရာ . . .။

[ ၄ ]

တကယ်လည်း . . . လွမ်းစရာကောင်းပါသည်။ လူ့သက်တမ်း တစ်ဝက်လောက်သို့ ရောက်နေပြီဖြစ်သော 'အာခီတက်'တစ်ယောက်မှာ အိုးပိုင်အိမ်ပိုင် ဆိုလို့ တဲလေးတစ်လုံး၊ ယာခင်းလေးတစ်ခုတောင် မရှိသေးပါလား . . .။ သည်အတိုင်းပဲ မြေပြင်က လယ်တွေကိုကြည့်ပြီး ခရီးဆက်

www.burmeseclassic.com

www.burmeseclassic.com



နေမလား . . .။ ကောင်းကင်က ကြယ်တွေကိုကြည့်ပြီး ခရီးနှင်လေမလား . . .။

တကယ်တော့ . . .

ကျွန်တော်က ကဗျာဆရာမဟုတ်၊ ကဗျာလေးတွေကို မြတ်နိုးသူတစ်ယောက်ပါ။ ကျွန်တော်ခံစားတင်ဆက်နေသော တဂိုး၏'အိမ်'က မပြီးသေးပါ။

ပုခက်များ အိပ်စင်များ
မီခင့်နှလုံးသားများ ညဦးမီးအိမ်များ
ရွှင်မြူးသော သူငယ့်ဘဝများနှင့်
ပြည့်ဝလျှတ်ရှိသော အိမ်များကို
မှောင်မိုက်သော မြေပြင်သည်
ပွေ့ပိုက်ထားလျက်ရှိပါသည်။

ကြယ်ရောင်အောက်တွင်
တယောက်တည်း ခရီးသွားနေသောကျွန်တော်သည်
ဤအခြင်းအရာကို
ငေးမော ကြည့်ရှုမိပါ၏။

■ ■ ■



# အသိုက် - ၃

[ ၁ ]

ပြောင်းလဲခြင်း ရေအလျဉ်တွင်
အချိန်ရထား၏ သယ်ဆောင်မှုကြောင့်
ငါမျောပါသွားခဲ့ပြီ
နှုတ်ဆက်ခဲ့ပါ၏ အိုမိတ်ဆွေ၊
ခွဲခွာခြင်း (နွေဦးတမန်-တဂိုး မြန်မာပြန်-ဆရာမြသန်းတင့်)

[ ၂ ]

ဟောင်ကောင်မှပြန်လာသောအခါ သူငယ်ချင်း 'အာဒီတက်' (ဗိသုကာ) ကို ခွဲခွာခဲ့ရသည်၊ နှုတ်ဆက်ခဲ့ရသည်။ အနော်ရထာလမ်းမှ တစ္ဆာအေးသို့ ခြေဆန့်လာသောအခါ ဖေဖေမေမေတို့နှင့်တကွ ရင်ချင်းနီးတပ်နေသော မိသားစုကို ခွဲခွာခဲ့ရပြန်ပါသည်။ နှုတ်ဆက်ခဲ့ရပြန်ပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုမှတဖန် . . . ကမ္ဘာ့အေးမှ ဝါသနာတူသူငယ်ချင်း ကိုကျော်ဝင်း (ဇရာဝဏ်)တို့လည်း နေ့တစ်နေ့မှာ ခွဲခွာခဲ့၊ နှုတ်ဆက်ခဲ့ရပြန်သည်။

ကျွန်တော်သည် . . . အေသင်မြို့မှာ တစ်လမ်းဝင်၊ တစ်လမ်းထွက် ဒဿနတရားတွေ ဟောနေသည့် ဂုရုကြီး 'ဆိုကရေးတီး' မဟုတ်ပါ။ အမေရိကနှင့် ဂျပန်နှစ်နိုင်ငံကို လွန်းပျံပြေးပြီး ဗိသုကာဗိုင်းတွေ ဖန်တီးနေသည့် ကမ္ဘာကျော် အာခီတက်ကြီး 'အီဆိုဇာကီ'လည်းမဟုတ်။

မိမိကိုယ်မိမိ၊ တစ်ခါတစ်ရံ စဉ်းစားမိသည်မှာ ဟိုနေ . . . သည်နေ၊ ဟိုသွား . . . သည်သွားနှင့် 'ရွှေတောင်သားဂျစ်ပစီ' ဖြစ်နေပြီလား . . .။ လေနှင်ရာလွင့်ရမည့် ရော်ရွက်ဝါလို ဖြစ်ရပြီလား။ မဟုတ်ပါ။ ကျွန်တော်သည် 'လေလွင့်သူ' တစ်ဦးမဟုတ်ပါ။ ကျွန်တော့်မှာ စိုက်ပျိုးရန် မျိုးစပါးတွေနှင့် လယ်ကွက်အသစ်တွေ ရှိသကဲ့သို့ ရိတ်သိမ်းရန် မှည့်နေသည့် စပါးခင်းတွေ ကျန်သေးသည်။ မနက်ဖန်မှာ ထွန်ရက်စရာတွေလည်း ရှိသေးသည်၊ မနက်ဖန်မှာ . . .။ မနက်ဖန်မှာ . . .။

ကျွန်တော့်မှာ တကယ်မရှိတာ အိမ်ကလေးတစ်လုံးပါ။ မြန်မာအာခီတက်တစ်ယောက်မှာ မိုးလုံလေလုံ အိမ်ကလေးတစ်လုံးတော့ လက်ဝယ်ပိုင်ဆိုင်သင့်သည်ဟု ထင်ပါသည်။ ဆင်းရဲသားတွေမှာတောင် အိမ်သေးသေးလေးတစ်လုံးတော့ ရှိသေးသည်မဟုတ်လား။ ကဗျာလေးတစ်ပုဒ်ကို လွမ်းမိသည်။

'ဆင်းရဲတဲ့အိမ်' တဲ့။ (နေရောင်အောက်ကကဗျာများ၊ ကိုတာ မြန်မာပြန်သည်)

အင်း . . . ဆင်းရဲသားကြယ်များ
အလင်းရောင်မရှိရှာ
အို . . . ဝမ်းနည်းစရာ
ဝမ်းနည်းစရာ
လွမ်းချင်းပါ



နောက်တစ်ခု ညီးလျှ
အဆုံးသတ်တာ
အို . . . ဝမ်းနည်းစရာ
ဝမ်းနည်းစရာ
လွမ်းချင်းပါ။

ဆင်းရဲသားအိမ်မှာ မီးသီး၊ မီးအိမ်၊ မီးခွက် မလင်းတာ မပြောပါနှင့်။ ဆင်းရဲသား ကြယ်ကလေးတွေမှာတောင် အလင်းရောင် ကင်းမဲ့နေသတဲ့ . . .။ တကယ်ပင် ဝမ်းနည်းစရာ၊ လွမ်းစရာ၊ လွမ်းချင်း တစ်ပုဒ်ပါ။

|၃|

မိဘတွေ၏ အရိပ်ကိုခိုလှုံ၊ သူငယ်ချင်းတွေ၏ ကြည့်ရှုစောင်မမှုတို့ ခံယူရင်း ၃၅ သက်တမ်းကို တစ်စတစ်စ ဖြတ်သန်းခဲ့ပါသည်။ ၄၀မှ ဘဝစသည် ဆိုလျှင်တော့'ဘဝ'စဖို့ နည်းနည်းလိုပေဦးမည်၊ ကံကြမ္မာက ကျွန်တော့်ကို လှည်းတန်းဘက်သို့ စေစားခဲ့ပြန်သည်။ လှည်းတန်းတွင် အခန်းတစ်ခန်း ငှားရမ်းနေထိုင်ဖို့ စီစဉ်ခြင်းသည် ကျွန်တော်နှင့် ဇရာဝဏ်တိုကျော်ဝင်းတို့ သူငယ်ချင်းနှစ်ယောက်၏ သံခင်းတမန်ခင်းကြားတွင် အဖုအထစ်ရှိ၍မဟုတ်။ ဒါကို . . . မိတ်ဆွေအရင်းအချာတွေ နားလည်ပြီးဖြစ်သည်၊ ကိုကျော်ဝင်းသည် ပညာတတ်၊ ငွေကြေး ချမ်းသာကြွယ်ဝ၍ ရှုပ်ရည်ချောမောပြေပြစ်သူ . . .။ မိတ်ဆွေများကို အကူအညီပေးဖို့ ဝန်မလေးသူ . . .။ ကျွန်တော့်အပေါ် ဝယ် ဆိုဖွယ်မရှိ၊ အလွန်ကောင်းမွန်ပါသည်။ သူ . . . ကော်ဖီတစ်ခွက်သောက်လျှင် ကျွန်တော့်အတွက် တစ်ခွက် . . .။ သူ . . . နန်းကြီးသုပ်တစ်ပွဲစားလျှင် ကျွန်တော့်အတွက် တစ်ပွဲ၊ သူ . . . ဝီစကီတစ်ခွက်နှင့် ဆက်ရက်မင်း စည်းစိမ်ခံစားနေလျှင်လည်း ကျွန်တော့်အတွက် သူမမေ့ရက် . . .။ ကိုကျော်ဝင်း၏မြင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးဦးလှထွန်းကတော့ . . . သူငယ်ချင်းတွေ စိတ်ဝမ်းကွဲမှာ စိုးရိမ်ပုံရသည်။ ရောဝက်အိမ်ကြီးပေါ်တွင် အလကား အိပ်နေ၊ စားနေသူဟု ကျွန်တော့်အပေါ် သဘောမထား။ သား၏သူငယ်ချင်းကို သားသမီးလိုပဲ သဘောထားဟန်ရှိသည်။ အမြင်မတော်တာရှိလျှင် သွန်သင်ဆုံးမသည်။ အခါအခွင့်သင့်လျှင် ဗုဒ္ဓ၏တရားဓမ္မများကို မိန့်ကြားသည်။ ကျွန်တော်တို့ တစ်တွေ လူပျိုကြီးဘဝနှင့်နေသည်ကို သဘောမတွေ့။ အိမ်ထောင်သည် ဘဝနှင့် တည်တည်ငြိမ်ငြိမ် ဖြတ်သန်းစေချင်သည်။ ကျွန်တော်တို့က သူနှင့်တွေ့လျှင် မပြောရဲ၊ မဆိုရဲ 'ဟဲ . . ဟဲ. . 'သွားဖြဲနေရသည်။ 'မင်းကမ္ဘာအေးမှာမနေဘဲ လှည်းတန်းကို ဘာဖြစ်လို့ ပြောင်းတာလဲ . . . 'ဟု မေးသည်။ ရပ်ကွက်သစ်၊ လမ်းသစ်၊ အိမ်သစ်တွင် တစ်ယောက်တည်း မနေသင့်ကြောင်းလည်း ကျွန်တော့်ကိုပြောသည်။ သားတစ်ယောက်လို သဘောထားကာ၊ စိတ်ပူပန်၍ပြောဆိုခြင်းကို ကျွန်တော်နားလည်သည်။ အနီးအနား မျက်စောင်းထိုးအိမ်တွင် သူငယ်ချင်းငယ်ပေါင်းတစ်ဦး ရှိကြောင်း ပြောပြရသည်။ 'သိဟ်ရာသီ၊ အင်္ဂါဖွား၊ တစ်ကောင်တည်း၊ ဒါပေမယ့် . . . ခြင်္သေ့'လို့ပြောတော့ သူကရယ်သည်။ 'အေးကွာ . . . ကြည့်သေးတာပေါ့'ဟု သက်ကြီးစကားချွေသည်။ ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက်၏ သံခင်းတမန်ခင်း ဆက်ဆံရေးသည်လည်း နွေးထွေးချောမွေ့လျက်ရှိကြောင်း ဝမ်းသာစကား ပြောဆိုရပါသည်။

ငယ်ပေါင်းသူငယ်ချင်း ကိုအေးကျော်(ရွှေတောင်သား)က လှည်းတန်းမှာ တက္ကသိုလ်တက်၊ လှည်းတန်းသူနှင့်ပဲ အိမ်ထောင် ရက်သားကျ၊ လှည်းတန်းမှာပဲ အခြေကျနေတော့ . . . လှည်းတန်းကပဲ သူ့ဘဝ၊ လှည်းတန်းဈေးကပဲ သူ့ရွှေရောင်အိပ်မက်၊ ရတနာမြိုင်လမ်း ကလေးက သူ၏တောက်ပသော ရွှေရောင်လမ်းကလေးပါ။ လှည်းတန်းမှာ ကျွန်တော် ခဏနေချင်သည်၊ အိမ်ရှာပေးပါ အကူအညီတောင်းတော့ လုံခြုံစိတ်ချရသော သူ၏မျက်စောင်းထိုး အခန်းကလေးကို အခမဲ့ အတိုးဆောင် ကူညီ



ငှားရမ်းပေးခဲ့သည်။ ဘာပဲဖြစ်ဖြစ် . . . ကျွန်တော်က သူ့ကို ကျေးဇူးတင်မိသည်။ ကျွန်တော်က 'တစ်ကောင်တည်း ခြင်္သေ့' . .။ အိမ်မှာအမြဲမရှိနိုင်၊ သားကောင်ဖြစ်သော ဆောက်လုပ်ရေးလုပ်ငန်းခွင် ရှိရာအရပ်သို့ သွားရောက်ကြီးကြပ်ရသည်။ သည်စကားကို အင်ဂျင်နီယာ ဗိသုကာ ဝေါဟာရဖြင့် ပြောလျှင် construction supervision ။ တကယ်တော့ 'အာခီတက်'သည် လေနှင်ရာလွင့်ရသော ရွက်ဝါတစ်ရွက်မဟုတ်။ 'ရေကြည်ရာ၊ မြက်နုရာ' . . . လုပ်ကိုင်နေရခြင်း ဖြစ်သည်။ ပဲခူးမှာ လုပ်ငန်းရှိလျှင် ပဲခူးကိုပြေးရပြီး၊ ပုဂံမှာ လုပ်ငန်းရှိလျှင် ပုဂံကိုပြေး။ ဆောက်လုပ်ရေး လုပ်ငန်းက ကိုယ့်ဆီသို့ ပျံသန်းမလာပါ။ ကိုယ်ကပဲ လုပ်ငန်းခွင်ရှိရာသို့ ကားတစ်တန်၊ မီးရထားတစ်တန်၊ လေယာဉ်တစ်ဖုန် ပျံသန်းရသည်။ တိမ်လိုလေလို လွင့်မျောနေခြင်းလည်းမဟုတ်။ ဆောက်လုပ်ရေးလုပ်ငန်း၏ သဘောသဘာဝ။

ကိုအေးကျော်၏ မှိုင်းမကူညီမှုဖြင့် ရတနာမြိုင်လမ်းက အိမ်ကလေးသို့ ပြောင်းရွှေ့နေထိုင်ဖြစ်ပါသည်။ ကျွန်တော်ပြောင်းရွှေ့ပြီး နှစ်ရက်ခန့်အကြာ၊ ညကြီးမင်းကြီး သူခိုးထပူပါလေတော့သည်။ ကျွန်တော်၏ ဘဝတစ်လျှောက်လုံးတွင် လူဆိုး၊ သူခိုး၊ ဓားပြများကို တစ်ခါမျှမြင်ဖူးတွေ့ဖူးခြင်း မရှိပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့ထံသို့ လုပ်ငန်းအပ်နှံသူ (client) အများစုသည် စိန်နားကပ်ပန်ပြီး ပတ္တမြားလက်စွပ်တပ်ထားကြသူများ ဖြစ်ကြလေသည်။ 'သူခိုး၊ သူခိုး' . . . အော်သံတွေက တစ်ရပ်ကွက်လုံး ပွက်လောညံနေပါသည်။ သူခိုးကတော့ မှောင်ရိပ်ထဲမှာ ပုန်းနေသလား၊ ထွက်ပြေးလွတ်မြောက်သွားပြီလား . . . မသိပါ။ ခြင်္သေ့ကတော့ အပြင်လည်းမထွက်ရဲ . . .၊ အခန်းထဲမှာလည်း အိပ်မပျော်နိုင်၊ တစ်ကောင်တည်းပါ။ ဆရာမကြီး ကြည်အေး၏ 'တစ္ဆေ'ကဗျာကို ဘာမဆိုင်ညာမဆိုင် သွားပြီး သတိရနေမိပြန်ပါသည်။

အိပ်လို့မရ၊

www.burmeseclassic.com

www.burmeseclassic.com



ညကြီးမင်းကြီး၊ ထပြီးထိုင်နေ
မွေ့ရာတွေလည်း၊ ကြေမွတွန့်လိပ်
သိပ်စိတ်ညစ်တယ်၊ သတိမြွယ်လွင့်
နိုတွယ်စရာ၊ အတည်မတျ။

မနက်ခင်း၊ ကိုအေးကျော်နှင့်တွေ့တော့ ညက . . . သူ့နိုးပူလို့ အိပ်မပျော်သည့်အချိန်အတွင်း 'ကြည်အေး'၏ (နာမည်ကျော်) 'တစ္ဆေ' ကဗျာ . . . ခေါင်းထဲဝင်လာကြောင်း ပြောပြလိုက်ရာ . . . သူက အားနာ ပါးနာပြုံးပါသည်။ သူက ကျွန်တော့်ကို 'တို့ရပ်ကွက်လေးတတော့ . . . အေးအေးဆေးဆေးပါကွာ' ဟု ပြောဖူးတာကိုး . . .။

[ ၄ ]

လှည်းတန်းကတော့ . . . လှည်းတန်းပါပဲ . . .။ ဆရာ(ဦး) သိန်းဖေမြင့်တို့ခေတ် လှည်းတန်း။ ကျွန်တော်တို့ အာရ်အိုင်တီကျောင်းသား ဘဝလှည်းတန်း။ ယခုခေတ် လှည်းတန်း။

ဆရာသိန်းဖေမြင့်က ကျွန်တော်၏အချစ်ဦး (တပေဘဝ ဇာတ် လမ်းစုံ) စာအုပ်တွင် . . .

'ကမာရွတ်သည် များစွာစိတ်ဝင်စားဖွယ်ကောင်းသော အရပ် ဖြစ်၏။ ထိုစဉ်က ကမာရွတ်တွင် တောနှင့်မြို့ ရောနှောနေ၏။ မြန်မာပြည် တွင် ဦးဆုံးပေါ်သောစက်ရုံများ ကမာရွတ်တွင်ရှိသည်။ တပြိုင်တည်း ဟင်းသီးဟင်းရွက်ခြံများ၊ ပန်းခြံများနှင့် သစ်သီးဝလံဥယျာဉ်များ အများ ဆုံးရှိသည်။ ကမာရွတ်မှာ ကုလားသူဌေးကြီးများနေသည်။ ကုလားဗမာ အလုပ်သမားများ နေသည်။ ကုလား၊ ဗမာ၊ တရုတ်၊ ခြံသမားများ နေ သည်။ မြင်းလှည်းသမား၊ ဘတ်စ်ကားသမား၊ ဖျက်ထိုးခေါင်းရွက်ဈေးသည် များ နေသည်။ တက္ကသိုလ်ကျောင်းသားများလည်း နေသည်' . . . ဟု ဆရာရေးဖွဲ့ခဲ့လေသည်။



ကမာရွတ်နောက်ခံကားချပ်ကား ဖျပ်ခနဲ၊ ဖျပ်ခနဲ ပြောင်းလဲ သွားလေသည်။ ယနေ့ ကမာရွတ်သည် ကျူရှင်သင်တန်းများနှင့် ဘော်ဒါ ဆောင်ရပ်ကွက် ဖြစ်နေသည်။ ယင်းအလွှာကို မှီခိုပြီးအလုပ်ရှာဖွေရေး အတိုးဆောင်များ၊ ပွဲစားအလွှာများ၊ ဆိုင်ခန်းများ၊ လမ်းဘေးဈေးသည်များ၊ ထမင်းဆိုင်များ၊ အလှပြင်ဆိုင်များ၊ ဖက်ရှင်ဆိုင်၊ စတိုးဆိုင်များနှင့် စည် ကားဆဲ . . .။ တောရွာနှင့်တော့ မတူတော့။ မြို့ပြဆန်လာ၏။ ဝတ်စား ဆင်ယင်မှုက 'ကိုရီးယားကားထဲကလို၊ အမေရိကန် ရုပ်ရှင်ထဲကလို . . .။'

[ ၅ ]

လှည်းတန်း၊ ထန်းတပင်ဘုန်းကြီးကျောင်း၏ အတွင်းဘက်က ရတနာ မြိုင်လမ်းကလေးသို့ ပြောင်းရွှေ့ပြီး သိပ်မကြာပါ။ ဆရာဦးလှမြင့် (တထိက၊ ဗိသုကာဌာန)က အကြောင်းတစ်ခုဖြင့် ကျွန်တော်၏ အိမ်ကို လိုက်လာပါသည်။ ကျွန်တော်တို့ အင်းစိန်လမ်းမကြီးမှ ကားတစ်စီးဖြင့် စီးလာပြီး လှည်းတန်းလမ်းမကို ချိုးကွေ့ပါသည်။ လှည်းတန်းဈေးကို ကျော်လာပြီး နာမည်ကျော် လှည်းကလေးဒိန်ချဉ်။ ပြီး . . . ဆကာကြီး ဗိုလ်ဟင်းခါးရောက်ပြီး ညာဖက်ကွေ့လျှင် ထန်းတပင်လမ်း။ ထန်းတပင် လမ်းနှင့် ပေ၅၀လမ်းဆုံသည့်နေရာသည် နေ့လယ်ခင်း ဈေးကွဲချိန်မို့ လူသူရှင်းနေသည်။ ကားလေးသည် တစ်ရွေ့ရွေ့သာသွား၍ရပြီး ထန်း တပင်ဘုန်းကြီးကျောင်းဝင်းကျော်တော့ ဘယ်ဘက်ကွေ့ရသည်။ ရွာ အဝင်လမ်းကလေးလို ကားတစ်စီးစာပဲ မောင်း၍ရသည်။ နှစ်အိမ်ကျော် ကြလျှင် လက်ျာဘက် ကွေ့ရပြန်သည်။ သည်လမ်းက ရွာလမ်းကလေး လိုပဲ . . .။ ကားတစ်စီးသာမောင်း၍ရပြီး နှစ်စီးမောင်း၍ ရှောင်၍မရ။ ဝဲယာရှိ အိမ်ခြေရာခြေတွေက သိပ်တော့လည်း မသပ်မရပ်၊ ပတ်ကား လိုက်တာမရှိ။ ပျဉ်ထောင်အိမ်နှင့် အုတ်ညှပ်အိမ်ကလေးတွေ . . .။ ထဲချာမပီ၊ စာမပီသော အိမ်ကလေးတွေ . . .။ အချို့က ယိုင်ယိုင်နဲ့နဲ့၊

www.burmeseclassic.com

www.burmeseclassic.com



တချို့က နွဲ့နွဲ့နှောင်းနှောင်း၊ တချို့က ဟာလာဟင်းလင်း။ လက်ျာဘက်ခြမ်း ၇အိမ်၊ ၈အိမ်ကျော်တော့ . . . ကျွန်တော့်၏ ယာယီကွန်းခိုရာ ဘုံဗိမာန်လေးကို ရောက်ပါပြီ။

အုတ်ညှပ်နှစ်ထပ်တိုက်ကလေး။ သုံးပင်နှစ်ခန်း။ မျက်နှာစာ ၁၈ပေ လောက်သာ ရှိမည်။ သို့သော် အပေါ်ထပ်နံရံက အုတ်မဟုတ်။ ပျဉ်ခင်း၊ ပျဉ်ကာ။ ပညာရပ်စကားဖြင့် (brick nogging)အတု။ နံရံတွင် ခြယ်သထားသော ဆေးရောင်ကလည်း တောက်တောက်ပပ ခြယ်သခြင်း မရှိ။ ခြံစည်းရိုးဆိုတာကလည်း မည်ကာမတ္တ။ ကြိုးတို့ကြဲတဲ။ ခွေးမပြောနှင့် . . . နွားအုပ်ပင် ဝင်နိုင်သေးသည်။

ဆရာက ကျွန်တော်၏ဆင်းရဲသားကြယ်ပွင့်နှင့်တူသော ဧည့်ခန်းတွင် အမောပြေထိုင်ရင်း၊ ကျွန်တော့်ကို 'ဗျ'သည်။ 'မင်း . . . ဒီအခန်းကို ဘယ်လိုလုပ် ရှာတွေ့လာသလဲကွ' . . . ။ သိပ်တော့ ကျေနပ်ပုံမရ။ ဟုတ်ပါသည်၊ 'အာခီတက်'တစ်ယောက်နေထိုင်သော အခန်းသည် သည်လောက်သေးနုပ်ခြင်း မဖြစ်တန်ရာ။ ဧည့်ခန်းတွင် ကျွန်းစားပွဲလေးနှင့် ထိုင်ခုံ ၄၊ ၅ လုံး ချထားသည်။ ကျွန်တော်၏ ပုံဆွဲစားပွဲတစ်လုံးရှိသည်။ လူသွားလမ်းကလေးက သည်ကြားထဲကပဲ ကြပ်ကြပ်တည်းတည်း ဝင်ထွက်သွားလာရသည်။ အတိအကျပြောရလျှင် ၉ ပေပတ်လည်တောင် ပြည့်ပြည့်တင်းတင်းမရှိ။ နောက်ဖေးဘက်သို့ဆက်သွားလျှင် အိပ်ခန်း။ အိပ်ခန်းမှ ဖြတ်သန်းသွားရာ ထမင်းစားခန်း၊ နောက်ဖေးမှာ မီးဖိုဆောင်။ ရေချိုးခန်းကတော့ ကဗျာဆန်သည်။ စည်ပိုင်းချထားပြီး အပြင်မှာပဲ ချိုးရသည်။ အိမ်သာကတော့ အပေါ်အောက် နှစ်ခန်းတစ်ခန်း တွဲသုံးရသည်။ ရှိလှ ရှေ့နှင့်နောက် ၃၆ပေ။ အခန်းတစ်ခန်းတွင် ခပ်သေးသေး ၃ ပေ ပတ်လည်လောက် သစ်သားပြတင်းပေါက်လေးတွေ ရှိသည်။ ဘေးအိမ်ကလည်း တစ်ပေ၊ နှစ်ပေသာကွာသဖြင့် ပြတင်းပေါက်ဖွင့်သော်လည်း သဘာဝ အလင်းရောင်ကား မှိန်ပျပျ။ အခန်းတစ်ခန်းစီတွင် မီးလုံး



တစ်လုံးစီလောက်တော့ ထွန်းထားရသည်၊ လေပြေလေညှင်းကလေးတွေနှင့်တော့ အိပ်မက်ထဲမှာပဲ ဆုံတွေ့ခွင့်ရသည်။ တစ်ခါတစ်ရံ အောက်စီဖွင်အစား ကာဗွန်ဒိုင်အောက်ဆိုဒ်တွေကိုပဲ ရှူရှိုက်နေရသည်။ တစ်ခါတစ်ရံ နောက်ဖေးမှ ညစ်ညမ်းသောလေထုသည် ကျွန်တော့်ပုံဆွဲခုံအထိ ကျူးကျော်ဝင်ရောက်လာသည်။ အနားမှာ အမွှေးတိုင်ပုံရှိလျှင် ကိုယ်ပဲနံ့စော်လိမ့်မည်။

နောက်ပိုင်းမှာတော့ . . . အခန်းလေးကို နေချင့်စဖွယ်ဖြစ်အောင် စုပ်ချက်ခြယ်သနေမိသည်။ အိမ်ရှေ့မျက်နှာစာနှင့် အတွင်းခန်းအားလုံးကို သနပ်ခါးလိမ်းကျံလိုက်သည်။ အောက်မှာ ဖယောင်းပုဆိုးခင်းလိုက်သည်၊ ပုဂွန်ဆီရောင် ခန်းဆီးလေးတပ်လိုက်သည်။ အခန်းတွင်းစိုက်သော indoor plant အပင်ငယ်လေးတွေ စိုက်ထားလိုက်သည်။ ပန်းအိုးအလှလေးတွေ ချထားလိုက်သည်။

သည်အိမ်ရောက်ပြီး သိပ်မကြာခင် ဟိုမှသည်မှ အလုပ်လေးတွေ ဖြိုးဖြိုးဖျောက်ဖျောက် ဝင်လာသည်၊ ဇိသုကာဒီဇိုင်းပုံငံရေးဆွဲခြင်းနှင့် အဆောက်အအုံ ကြီးကြပ်ဆောက်လုပ်ခြင်း လုပ်ငန်းနှစ်ခုကို ကျွန်တော်တစ်ယောက်တည်း မနိုင်တော့ . . . ။ ပွင့်သစ်စအာခီတက် ကိုစိန်ဝင်းကို ခေါ်ရသည်၊ အိမ်ရှေ့ဧည့်ခန်းသည် ရုံးခန်းဖြစ်သွားပြီး၊ အိမ်အတွင်းဘက်သည်အိမ်၊ ကြီးကြီးကျယ်ကျယ် ပြောလျှင် home-office ၊ ရုံးလည်းအိမ်၊ အိမ်လည်းရုံး။ ကွန်ပျူတာဖန်သားပြင်နှင့်တော့ စိမ်းနေသေးသည်။ ပုံဆွဲခုံပေါ် . . . ပုံဆွဲစက္ကူ (trancing paper)တင် ပြီး အမေပေးသောလက်နှင့် ဆွဲပေါ့ . . . ။ ၁၉၉၃ ဝန်းကျင် . . . ။

ရေပတ်လည်ဝိုင်းရံနေသောကုန်းမြေကို 'ကျွန်း'လို့ခေါ်သလို . . . ၊ အမိုး အကာ၊ အခင်း ရှိသော လူနေစရာနေရာကို 'အိမ်'သို့ လွယ်လွယ်ခေါ်ပါသည်။ 'အာခီတက်'တွေ စိတ်ကူးပုံစံဖန်တီးနေသော အိမ်ပုံစံတွေကတော့ သည်ထက်ပိုမည် ထင်ပါသည်၊ လေဝင်လေထွက်ကောင်းမွန်ဖို့

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားမည်၊ သဘာဝအလင်းရောင်ရရှိဖို့ စဉ်းစားမည်။ ခေတ်မီသော ဆောက်လုပ်ပုံနည်းစနစ်များ၊ ခေတ်မီသော ပစ္စည်းများကို သုံးမည်။ သည်ထက်ပိုပြီး သာသာယာယာ၊ လှလှပပလေး နေချင့်စဖွယ်ဖြစ်အောင် ဆောက်မည်။ သက်တောင့်သက်သာဖြစ်အောင် ဒီဇိုင်းဆွဲမည်။

ယခု . . ကျွန်တော်နေသောအခန်းလေးမှာ မျက်နှာသစ်ခွက် (basin) မရှိ၊ လက်ဆေးဇလုံ (sink) မရှိ၊ မီးဖိုချောင်ကောင်တာ (kitchen counter) ပီပီပြင်ပြင်မရှိ၊ ဧည့်ခန်း၊ အိပ်ခန်းနှင့် ထမင်းစားခန်းကလည်း ဒိုးယိုပေါက်။ ဟာလာဟင်းလင်း။ စာအုပ်ဗီဒိုများဖြင့် ယာယီခန်းဆီးသဖွယ် ကာရံလိုက်ခြင်း ဖြစ်သည်၊ ရေချိုးခန်း၊ အိမ်သာကလည်း အိမ်နှင့်တစ်သားတည်းမဟုတ်၊ အပေါ်အောက်သုံးလို့ရရန် နယ်မြို့အိမ်တွေမှာလို သီးသန့်ထုတ်ထားသည်၊ အရှေ့တိုင်း အိမ်သာအိုး၊ ရေချိုးခန်းကတော့ အခန်းရယ်မဖွဲ့တော့ဘဲ ကြယ်မြင်၊ လမြင် လေဟာပြင်ထဲမှာ စည်ပိုင်းချထားပြီး ခွက်နှင့်ခပ်ချိုးရသည်။

'အိမ်' ဆိုတာ . . .

မိုးလုံရင်ပြီးရောလား . . .၊ နေမပူရင်ပြီးရောလား . . .၊ နေ့လည်နေ့ခင်း ငုတ်တုတ် ထိုင်နိုင်ပြီး၊ ညရေးညတာ ကျောတစ်ခင်းစာရရင် ပြီးရောလား၊ ထမင်းထိုင်စားစရာ နေရာလေးနှင့် ချက်စရာ မီးဖိုလေးပါရင် ပြီးရောလား . . .။ ပြီးတော့ . . . အိမ်ထဲမှာ ရှိသင့်ရှိထိုက်သည့် မျက်နှာသစ်ခွက်၊ လက်ဆေးခွက်၊ မီးဖိုချောင်ကောင်တာ . . . စတာတွေသည် မရှိမဖြစ်ပစ္စည်းလော . . .၊ ဇိမ်ခံပစ္စည်းလော . . .၊ ပြီးတော့ . . . ရေခဲသေတ္တာ၊ တီဗီ၊ အောက်စက်၊ ဆလောင်း၊ ဓာတ်ငွေ့မီးဖို လေအေးပေးစက် . . ဒါတွေကကော . . . မရှိမဖြစ် ပစ္စည်းလော . . .၊ ဇိမ်ခံပစ္စည်းလော . . .၊

[ ၆ ]

တစ်နှစ်၊ နှစ်နှစ် နေသားကျလာသောအခါ . . . အိမ်ရှင်



ဦးသိန်းဟန်တို့မိသားစု၊ အိမ်ခေါင်းရင်းမှ ကိုအောင်သိန်း၏သားစု၊ အိမ်ရှေ့မှ ကိုစောထွဋ် မိသားစုတို့နှင့်တကွ ငယ်သူငယ်ချင်းကိုအေးကျော်၏ မိသားစုများနှင့် ရပ်ဆွေရပ်မျိုးသဖွယ် ဖြစ်လာကြသည်၊ အိမ်ရှေ့လမ်းကလေးမှာ ကတ္တရာ၊ ကွန်ကရီ ခင်းမထားသဖြင့် အဝါရောင်လမ်းကလေးဟု ပြောရမည်။ လမ်းကလေးကို မီးခိုးရောင်လမ်းကလေးဖြစ်ဖို့ ဝိုင်းဝန်းကြိုးဆိုင်းပြင်းကြသည်။ ကွန်ကရီလမ်း ဆိုပါတော့ . . .။ လမ်းဆိုသည်မှာ လူသွားလာရေးအတွက် ပင်မသွေးကြော၊ လမ်း၏ဘေးမှ ရေစီးရေလာကောင်းမွန်ဖို့လည်း အရေးကြီးသည်။ အင်ဂျင်နီယာ စကားလုံးဖြင့် ပြောလျှင် infrastructure၊ သည်လမ်းကလေးသာယာဖို့ ကျွန်တော်လည်း ကြုံ့တုန်းကြုံ့ခိုက်၊ တစ်တပ်တစ်အား 'အုတ်တစ်ချပ်၊ သဲတစ်ပွင့်'

သည်လမ်းကလေး၊ သည်အိမ်ကလေးမှာ အသားကျလုဆဲဆဲကာလ ပြောင်းရွှေ့ရန်အကြောင်း ဖန်လာပြန်သည်။ အနော်ရထာလမ်းမှ မိဘတွေ၏ အိမ်ကလေးကို ကန်ထရိုက်တိုက် ဆောက်မည်ဖြစ်ရာ ဆောက်လုပ်ပြီးစီးမှ မိမိတို့၏အခန်း လက်ဝယ်ပြန်ရမည်၊ ထိုစဉ် အစ်မအကြီးဆုံးက အင်းစိန်ရွာမ သံမဏိစက်ရုံမှာ ဘဏ္ဍာရေးဌာနမှ အရာရှိ၊ အိမ်တစ်လုံးနေထိုင်ခွင့်ရသည်။ မိဘနှစ်ပါးနှင့် အစ်မ၊ နှမလေး ပြောင်းရွှေ့နေထိုင်ကြသည်၊ ကျွန်တော့်ကို မိသားစုနှင့် နေထိုင်ဖို့ ပြန်ခေါ်သည်။ မေမေမေမေတို့ကား အိုမင်းပြီ၊ 'ရော်ရွက်ဝါပမ္ဘာ' . . . အချိန်မရွေး ဖြုတ်ခနဲကြွေလွင့်နိုင်သည်။ သည်တုန်းက ကျွန်တော့်မှာ အက်စ်အိုး ဆလွန်းကားနွမ်းနွမ်းလေး တစ်စီးရှိသည်၊ အင်းစိန်ရွာမဆိုတာ မြို့လယ် ဆေးခန်းများနှင့် တော်တော်လေးဝေးသည်မို့လား . . .၊ မေမေမေမေ ကျန်းမာရေးကောင်းလျှင် သွားဖို့ လာဖို့ 'စီးတော်ယာဉ်' လိုသည်၊ ကောင်းပါပြီလေ . . .၊ ကျွန်တော်လည်း မိသားစုနှင့် နီးနီးကပ်ကပ် လိုက်နေရန် ဆုံးဖြတ်လိုက်သည်၊

www.burmeseclassic.com



[ ၇ ]

ပြောင်းလဲခြင်း ရေအလျဉ်တွင်
အချိန်ရထား၏ သယ်ဆောင်မှုကြောင့်
ငါမျောပါသွားခဲ့ပြီ
နှုတ်ဆက်ခဲ့ပါ၏ အိုမိတ်ဆွေ။

■ ■ ■



# အသိုက် - ၄

[ ၁ ]

'ရွှေတောင်'ကို ချစ်သည်။ ပြီးတော့ . . . နှုတ်ဆက်ခဲ့ရပါသည်။

'ဗိုလ်တထောင်'ကို ချစ်သည်၊ ပြီးတော့ . . . နှုတ်ဆက်ခဲ့ရပါသည်။

'ဟောင်ကောင်'ကို ချစ်သည်။ ပြီးတော့ . . . နှုတ်ဆက်ခဲ့ရပါသည်။ ပြီးတော့ . . . ဗိုလ်တထောင်ကို ချစ်သည်။ နှုတ်ဆက်ခဲ့ရသည်။ 'ကမ္ဘာအေး'ကို ချစ်သည်။ နှုတ်ဆက်ခဲ့ရသည်။ ခု . . . [illegible]ည်းတန်းကို ချစ်သည်။ နှုတ်ဆက်ခဲ့ရပါသည်။ ကျွန်တော့်ဘဝမှာ အကြိမ်ကြိမ် နှုတ်ဆက်ခဲ့ရဖူးသည်။

ကမ္ဘာကျော် ချီလီကဗျာဆရာကြီး ပက်ဘလိုနေစဉ်၊

www.burmeseclassic.com

www.burmeseclassic.com



လို ရေးဖွဲ့တတ်ရင်တော့ 'ချစ်ဖို့ပဲ ပြီးတော့ နှုတ်ဆက်ခဲ့ဖို့ပဲ' (ဆရာကိုတာ မြန်မာပြန်) ကဗျာမျိုး ရေးဖွဲ့ချင်ပါသေးသည်။

အနိစ္စသာဖြစ်တဲ့ ကျုပ်တို့ဘဝတော့
သစ္စာခဲတွေ၊ လေ၊ ပင်လယ်တမ်းစပ်
ကျောက်တုံးတွေကို တို့ထိကြည့်တယ်
အဲဒါတွေကတော့ ဆက်တည်ရှိနေမှာပဲ
နိဗ္ဗာန်အဖြစ်နဲ့ ဒါမှမဟုတ် ယောင်တွမ်းလျက်နဲ့
ကျုပ်အဖို့ကတော့ ရှာဖွေတွေ့ရှိ
အဲသဟာတွေကို အမည်ပေးနေတာပေါ့
ကျုပ်တန်းမှန်းရာ ပန်းတိုင်ကတော့
ချစ်ဖို့ပဲ နှုတ်ဆက်ခဲ့ဖို့ပဲ။

[ ၂ ]

အင်းစိန်ရွာမ သံမဏိစက်ရုံမှာ အစ်မကြီးက ကံကောင်းထောက်မစွာ ဝန်ထမ်းအိမ်ရာရသည်။ ကိုယ်ပိုင်ပေးသည်တော့ မဟုတ်။ စက်ရုံ ဝန်ထမ်းအိမ်ရာမှ . . . အရာရှိရိပ်သာ။ ရိပ်သာအသစ်သည် အာရ်စီနှစ်ထပ်။ တိုက်ခန်းတွဲတွေဖြစ်သော်လည်း ရိပ်သာအဟောင်းက တစ်ထပ်သွပ်မိုး ပျဉ်ထောင်အိမ်ကြီးတွေ . . .။ ဆေးရောင်ခြယ်သ ထားခြင်းမရှိ။ ပြုပြင်မွမ်းမံထားခြင်း ရှိဟန်မတူသောကြောင့် ညစ်ထေးနေသော အကျီအဟောင်းကြီးနှင့် တူတော့သည်။ ခေါင်မိုးသည် ငွေရောင်သွပ်ရည်များ လွင့်ပြယ်ကာ သံချေးရောင်လွှမ်းထနေပေသည်။ ပျဉ်ထောင် အိမ်ခန္ဓာကြီးကလည်း ညိုမှိုင်းမှိုင်းဆိုတော့ 'ဟာမိုနီ' အဖြစ်သား . . .။

အရာရှိလုံးချင်းအိမ်ရာများသည် သိုက်သိုက်ဝန်းဝန်း မြိုင်မြိုင်ဆိုင်ဆိုင်တော့မရှိ။ ဟိုဘက်ရှစ်အိမ်၊ သည်ဘက်ရှစ်အိမ်။ အိမ်အလုံး ၁၆လုံး လောက်သာ ရှိသည်။ ကားတစ်စီးစာ ပတ်လမ်းပေးပြီး



အလယ်မှာပေတစ်ရာခန့်အကျယ် ပြန့်ပြူးသော ကွက်လပ်ကြီးရှိသည်။ တစ်နိုင်တစ်ပိုင် ဗူး၊ ဖရုံ၊ ငရုတ်၊ သခွား . . . စားပင်သီးပင်လေးတွေ စိုက်ကြပျိုးကြသည်။

တကယ်တော့ . . . သည်အိမ်ညိုညစ်ညစ်ကြီးများသည် ဝန်ထမ်းအိမ်ရာစစ်စစ်မဟုတ်ဟု ပြောဆိုကြသည်။ သံမဏိစက်ရုံကြီး တည်ဆောက်စဉ်အခါက ဆောက်လုပ်ရေးရုံးခန်း(site office) နှင့် အင်ဂျင်နီယာ ရိပ်သာ။

ကျွန်တော်တို့မိသားစု နေထိုင်ခွင့်ရသော အိမ်ကလေးက တောင်ဘက်အလှည့်။ မြန်မာ့ရိုးရာ အိမ်ဆောက်ဝနစ်အရ ဆိုလျှင်တော့ ပထမ တန်းစားကောင်းသည်။ ဘုရားစင်က အရှေ့ရပ်တွင် ဖြစ်သည်။ တိုက်ဆိုင်မှုသာ ဖြစ်ပြီး၊ မိမိနေထိုင်ချင်သောအိမ်ကို ရွေးချယ်ခွင့်ရသောကြောင့် မဟုတ်ပါ။

အိမ်ကလေးသည် သိပ်ပြီးသေးသေးကွေးကွေးတော့မဟုတ်။ မျက်နှာဖွင့် ပေ၃၀လောက်ရှိသည်။ အိမ်ရှေ့နှင့် နောက်ဖေးဘက်မှာ ပေ၄၀ခန့် ရှိသည်။ အိမ်၏ဘေးနှစ်ဖက်တွင် မြေပို ၁၀ပေခန့်စီ ကျန်ပါသေးသည်၊ အိမ်ရှေ့ဖက်မှာ မြေပို၁၀ပေနှင့် နောက်ဖက်တွင်လည်း ၁၀ပေခန့်ရှိရာ ခြံဝန်းသည် ပေ၅၀၊ ၆၀ခန့်မှန်းရသည်၊ အိမ်မကြီးသည် သဘာဝမြေကြီးမှ ၂ပေခန့်မြင့်သည်။ အဝင်ဘွင် ဖိနပ်ချွတ်(lobby)ရှိသည်။ ၄" × ၁" ပျဉ်းကတိုး ကြမ်းခင်းထားပါသည်။ အိမ်မကြီး၏ ကြမ်းခင်းမှတစ်ထစ် (၆လက်မခန့်) နိမ့်သည်။ ဝဲ၊ ယာတွင် အခန်းငယ်တစ်ခန်းစီပါရှိသည်။ ၁၀ပေပတ်လည်ခန့် ရှိသည်။ နံရံအားလုံးကိုလည်း ၄"× ½" ပျဉ်းကတိုးပြားများဖြင့် ကာရံထားသည်။ မူလက ဘယ်အခန်းလို့ သတ်မှတ်ဆောက်ထားသည် မသိတော့ပါ။ ကျွန်တော်တို့ကတော့ ခေါင်းရင်းခန်းသည် ဘုရားခန်းနှင့် ဖေဖေအတွက်။ ခြေရင်းဘက်က မေမေ့အတွက်။ အလယ်ဇဟိုမှ တည့်တည့်ဝင်၊ ၆ လက်မခန့် အပေါ်

www.burmeseclassic.com

www.burmeseclassic.com



တက်သွားလျှင် ဧည့်ခန်း၊ ပေ၂၀ပတ်လည်ခန့် ရှိမည်၊ လက်ျာဘက်တွင် ၁၀ပေပတ်လည် နှစ်ခန်းဖွဲ့လိုက်သည်၊ တစ်ခန်းက အစ်မကြီးနေ၍ တစ်ခန်းက ကျွန်တော် . . .။ အစ်မနှစ်ယောက်နှင့် နှမလေးက သီးသန့် အိပ်ခန်းမရှိရှာ . . .။ ရန်ကုန်ယဉ်ကျေးမှုထုံးစံ၊ နေ့မှာ ဧည့်ခန်း၊ ညမှာ အိပ်ခန်း။ အိမ်မှ နောက်ဖေးဘက်သို့ ပြလက်မပြန်ဆင်းလျှင် လက်ျာဘက် တွင် စတိုနှင့် မီးဖိုခန်း၊ ထမင်းစားရန်နေရာ၊ လက်ဝဲဘက်တွင် အိမ်သာ ခန်း၊ အိမ်သာခန်းကတော့ ရှေးရိုးကြီး အရှေ့တိုင်းသုံးအိမ်သာ။ မျက်နှာ သစ်ခွက်၊ လက်ဆေးခွက်တွေက အနီစွဲသဘော၊ အလုံးစုံပျက်စီးလျက်. . ။

အိမ်ကလေး၏ပုံသဏ္ဌာန်သည် ရိုးရာအိမ်ပုံစံမျိုးကို အခြေခံထားသည်၊ အလယ်မှာ အိမ်မဆောင် ရှိသည်၊ အိမ်ရှေ့နှင့် အိမ်နောက်ဖေးကို ခေါင်မိုးတစ်ဆင့်နိမ့်၍ အဖီဆွဲချထားသည်၊ အိမ်ရှေ့ ကြမ်းခင်းနှင့် နောက်ဖေးကြမ်းခင်းများကို အိမ်မထက်တစ်ဆင့် နိမ့်ထား သည်၊ အိမ်ရှေ့ဘက်ရှိ နိမ့်ထားသောအပိုင်းကို ရှေးအခါက 'ဝဲလင်း'ဟု ခေါ်၍ နောက်ဖေးကအဖီကို 'လက်တီး' ဟု ခေါ်ကြပါသည်၊ နိမ့်ထား သောအမိုးကို 'ခလောက်ဆွဲ' လို့ ခေါ်သည်၊ သည်လို 'ခလောက်ဆွဲ' အိမ်မျိုးကို 'အိမ်ပုဆစ်တုပ်'လို့ ခေါ်သလို . . . အချို့ဒေသမှာလည်း 'တလိုင်းအိမ်'လို့ ခေါ်ပါသည်၊

ဆောက်တုန်းကတော့ သည်အိမ်ကလေးကို စကေး ကိုက်ပဲ၊ ကျင်တွယ်ကိုက်ပဲ၊ ချိန်ကျ၊ မျဉ်းကျပဲ အိမ်ဖြေရရ တည်ဆောက်ကြ မှာပါ။ ယခုမူ အိမ်ကလေးမှာ ဇရာထောင်းလို့ ဆံဖြူသွားကြွေ ပါးရည် နားရည်တွန့်နေသည့် အဖွားအိုနှယ် မခိုင့်တခိုင်။ နံရံတွေက ဟိုယိုင် သည်ယိုင်။ လေးငါးမူး ကာပျဉ်တွေတလည်း ပွဲတာကပွဲ ရွဲတာကရွဲလို့ . . .။ ကြမ်းခင်းတွေတလည်း အဖွားအို၏သွားများလို ကျိုးတိုးကျဲတဲ၊ ပေါက်တဲ့ ကြမ်းကပေါက်၊ ပြတဲ့ကြမ်းကပြဲလို့ . . .။ မျက်နှာကျက်ပြား ရိုက်ထား သည်မှာလည်း ဟုတ်တိပတ်တိမရှိလေတော့ ပွလျှင်သူများထက်ပွလို့



အေးလျှင်လည်း သူများထက်အေးပေါ့ . . .။

'သံမဏိ'တ အရာရှိအိမ်ရာမှာနေရင်း ရှေးတုန်းက ဆောက် လေ့ဆောက်ထရှိသည့် အရာရှိအိမ်ပုံစံတွေကို ပြေးပြီး မြင်ယောင် မိပြန်သည်။ ရှေးက အရာရှိအိမ်မှာ လှေကားနှစ်စင်းရှိသည်။ တစ်စင်းက ယောက်ျားတက်ရန်၊ တစ်စင်းတမိန်းမတက်ရန် . . .။ လှေကားနှစ်စင်း အလယ်ဝဟိုတွင် ပင်မဝင်ပေါက်တစ်ခု ရှိသေးသည်။ ဆင်ဝင် (သို့မဟုတ်) ဆင်ကပ်။ ဆင်ဝင်သည် အိမ်မကြီးမှတိုးချဲ့ထားသော ကြမ်းခင်းဖြစ်သည်၊ အရာရှိများ၊ မင်းမျိုးမင်းနွယ်များမှာ ဆင်များဖြင့် သွားကြ၊ လာကြရာ ဆင်ပေါ်မှဆင်းလျှင် ဆင်ဝင်သို့ရောက်မည်၊ ဆင်ဝင်မှတစ်ဆင့် အိမ်မ ကြီးသို့ လှမ်းတက်ရသည်၊

ခြေရင်းက သတ္တုဗေဒအင်ဂျင်နီယာ၊ ခေါင်းရင်းအိမ် က စက်မှုအင်ဂျင်နီယာ၊ ခေါင်းရင်းတစ်အိမ်ကျော်က ဆရာဝန်၊ အိမ်ရှေ့ အိမ်က စက်မှုအင်ဂျင်နီယာ . . .။ မည်သည့်အရာရှိမှာမှ ကားလည်းမရှိ၊ ဆင်လည်းမရှိ။ ထို့ကြောင့် သံမဏိက အရာရှိအိမ်ရာမှာ ဆင်ဝင်မပါခြင်း ဖြစ်လိမ့်မည်ဟု သဘောပေါက်မိသည်၊

ယခုခေတ်တော့ . . . အိမ်ဆောက်ရတာ လွတ်လပ် သည်။ ကိုရီးယားရုပ်ရှင်ကားထဲက ခေတ်ဆန်ဆန်အိမ်မျိုးလေး ဆောက်လို့ ရသလို . . . အမေရိကန်ကောင်းဘွိုင်ကားထဲက ရိုးရာအိမ်ပုံစံမျိုးလည်း ဆောက်လို့ရသည်၊ ငွေသာရှိလျှင် ရောမခေတ်က မြို့ပြင်မှာ ခြံကြီးဝန်းကြီး တွေမှာဆောက်ခဲ့သည့် အိမ်ကြီး ရခိုင်(villa) ကြီးတွေလည်း ဆောက်လို့ ရသည်။ ယိုးဒယားဟန်အိမ်ပုံစံတွေကို မိတ္တူကူး၍ ဆောက်လျှင်လည်း ရသည်၊

ရှေးတုန်းကတော့ အိမ်ဆောက်ရတာ လွတ်လပ်မှု သိပ်မရှိလှ၊ စောင့်စည်းစရာ ထုံးတမ်းစဉ်လာ မမှတာတွေရှိသည်၊ ရတနာ သုံးပါးနှင့်ဆိုင်သော အဆောက်အအုံ၊ ထီးနန်းနှင့်ဆိုင်သော အဆောက်

www.burmeseclassic.com

www.burmeseclassic.com



အအုံ၊ မှုမတ်နှင့်ဆိုင်သော အဆောက်အအုံ . . . စသဖြင့် အဆောက်အအုံတစ်ခုစီမှာ ဂုဏ်အနိမ့်အမြင့်၊ ရာထူးအဆင့်အတန်း၊ အမျိုးဘာသာ သာသနာ ဝိသေသရှိသည်။ အလျှုအတန်းပြု၍ ဆောက်လုပ်လှူဒါန်းသော အဆောက်အအုံဟန်ပန်များကိုပင် အလှူရှင်၏ဆန္ဒအရ ဆောက်လုပ်ချင်သည့်ပုံ ဆောက်၍မရ။ ရှင်ဘုရင်က ဆောက်လုပ်လှူဒါန်းသော အဆောက်အအုံဆိုလျှင်တစ်မျိုး၊ မိဖုရား၊ သားတော်၊ သမီးတော်တို့က ဆောက်လုပ်လှူဒါန်းလျှင်တစ်ဖုံ၊ မှုမတ်စသော အရာရှိကြီးငယ်များက ဆောက်လုပ်လှူဒါန်းလျှင် တစ်နည်း . . . အဆောက်အအုံကို မြင်ရုံမျှဖြင့် 'အပွေးမြင် အပင်သိ'နိုင်ပေသည်။

တိုက်ဆိုင်သဖြင့် မုံရွာခရိုင်၊ မုံရွေးကြေးမုံဘက်က ရှေးမြန်မာ အိမ်ကလေးနှစ်လုံးကို ယှဉ်ပြတင်ဆက်ချင်ပါသည်။ အိမ်တစ်လုံးကကြေးမုံက ဦးကြွင်ဥ၏အိမ်၊ နောက်တစ်လုံးက မုံရွေးက ကင်းဝန်မင်းကြီးဦးကောင်း၏အိမ်။ ဦးကြွင်ဥ၏အိမ်ကို မြန်မာသက္ကရာဇ် ၁၂၀၀ လောက်က ဆောက်ခဲ့ပြီး၊ ဦးကောင်း၏အိမ်ကိုတော့ ၁၂၂၃- ၁၂၂၆ ခုနှစ်မှာ ဆောက်ခဲ့သည်။ (ရှေးမြန်မာအိမ်များ၊ ပါမောက္ခဦးမျိုးမြင့်စိန်နှင့် အပေါင်းအပါများ၊ တက္ကသိုလ်ပညာပဒေသာ)။ ဦးကြွင်ဥအိမ်၏ လှေကားသည် လှေကားဦးတိုက်မတွေ့ရပါ။ အိမ်၏ဘေးဘက်မှ အဆင်းအတက်လုပ်ရပါသည်။ ဦးကြွင်ဥ၏အိမ်မှာ အလှအပ၊ အပြောက်အမွမ်း ခြယ်သထားခြင်းလည်းမရှိပါ။ သို့ဖြစ်ရာ ဦးကြွင်ဥသည် မင်းမှုထမ်းမဟုတ်။ သာမန်အရပ်သား ငွေဒင်္ဂါး၊ ရွှေဒင်္ဂါးများများ ပိုင်ဆိုင်သူ . . . ဟု ခန့်မှန်းနိုင်ပါသည်။ ဦးကောင်း၏အိမ်မှာ လှေကားဦးတိုက်၊ နှစ်စင်းရှိသည်။ တံခါးပေါက်များနှင့် ပြတင်းပေါက်များပတ်ပတ်လည်တွင် အပြောက်အမွမ်းများ ဆင်ယင်ထားသည်။ ဧည့်ဆောင်၏ အပြင်နံရံတွင်လည်း ခြူးပန်းခြူးနွယ်တွေ ခြယ်သထားသည်။ သေချာပါသည်။ မင်းမှုထမ်း အရာရှိကြီး တစ်ဦး၏အိမ်။



[ ၃ ]

'သေချင်တဲ့ကျား တောပြောင်း' . . .

'တစ်ရွာမပြောင်း၊ သူကောင်းမဖြစ်' . . . တဲ့။

ဆန့်ကျင်ဘက် စကားပုံနှစ်ခုက ကျွန်တော့်ကို တိုးတိုးတိတ်တိတ် ထိရှမိသည်။ ဘဝ၏ဇာတ်ခုံပေါ်တွင် အလိုက်အထိုက် ကပြတင်ဆက်နေရသော ပြဇာတ်မင်းသား ကျွန်တော့်မှာ 'သူတော်ကောင်း'ဖြစ်လိုက်၊ 'ကျား' ဖြစ်လိုက် . . .။

သည်'တလိုင်းအိမ်'ကလေးမှာနေစဉ် . . . ပင်လယ်ပြင်မှာ ရွက်လှေကြီးတစ်စင်းနှင့် ခရီးသွားကြသလို မိသားစု စုံစုံညီညီနှင့် ပျော်ရွှင်ဖို့လည်း ကောင်းသည်။ လွမ်းမောဖို့လည်း ကောင်းပါသည်။ လှုပ်စီးတွေ လင်းလက်ပြိုးပြက်၊ မိုးခြိမ်းသံတွေကလည်း တကျုံးကျုံးနှင့်၊ လှိုင်းလုံးကြီးတွေကလည်း ထန်းတစ်ဖျားလောက်မြင့်၊ မုန်တိုင်းကလည်း 'ထဝီးဝီး'ပါးပျဉ်းထောင်လာသောအခါ . . .။

ကျွန်တော့်ရင်တွေ လှိုက်မောခဲ့ရပါသည်။ ဟိုဆရာဝန်နှင့် ကုသ၍ ရောဂါမပျောက်၊ သည်ဆရာဝန်နှင့် ကုသလည်း မပျောက်ဘဲ၊ အနော်ရထာလမ်း အိမ်ခန်းလေးထဲကပင် နာတာရှည်ရောဂါစွဲကပ်လာရသော မေမေ့ကို မြောက်ဥက္ကလာပဆေးရုံမှာ ခွဲစိတ်ကုသမှုခံယူခဲ့ရပါသည်။ ပါမောက္ခ၊ အရိုးအထူးကုဆရာဝန်ကြီးဘစ်ဦး၏ လက်စွမ်းကြိုးစားမှုကြောင့် မေမေတစ်ယောက်၊ သေကံမရောက်၊ အသက်မပျောက်ခဲ့ရပါ။

မှတ်မှတ်ရရ ၁၉၉၆ခုနှစ်၊ ဒီဇင်ဘာလ ၂၄ရက်၊ ခရစ္စမတ် အကြိုနေ့၊ ပျင်းပျင်းရှိတာနှင့် . . . ညနေ၊ အောင်ဆန်းကွင်းမှာ ဘောလုံးပွဲကို တစ်ယောက်တည်း ကြည့်ဖြစ်ပါသည်။ ဘောလုံးပွဲပြီးသောအခါ အိမ်မပြန်ချင်သေး၊ လှည်းတန်းက သူငယ်ချင်းတစ်ယောက်၏ အိမ်သို့ဝင်ပြီး ဝေ့ဝှိုက်လိုက်ပါသည်။ နှစ်ယောက်တည်း ခရစ္စမတ်အကြို

www.burmeseclassic.com

www.burmeseclassic.com



ညချမ်း ပွဲလေးကျင်းပပြီး တစ်ခွက်နှစ်ခွက် သောက်ဖြစ်ကြပါသည်။ ညရှစ်နာရီလောက်ထိုးသောအခါ ကျွန်တော်ရီဝေခြင်း မရှိသေးပါ။ ဆက်လက်မသောက်ချင်တော့ပါ။ ဘာဖြစ်လို့လဲမသိ။ ကျွန်တော်မပျော်တော့ပါ။ ခရစ္စမတ်အကြိုညချမ်းမို့ သူငယ်ချင်းက အေးအေးဆေးဆေး နေစေချင်ပါသည်။ တားရှုံးဆီး၍မရလွန်း၍ ကျွန်တော့်ကို ပြန်ခွင့်ပြုလိုက်ပါသည်။ ရှားညိုရောင် အက်စ်အီးဆလွန်းကားလေးကို ဖြည်းဖြည်းမှန်မှန် မောင်းနှင်ပြီး၊ 'သံမဏိ'စက်ရုံသို့ တစ်ယောက်တည်းပြန်လာခဲ့ရာဝယ် . . . တစ်အိမ်လုံး မီးရောင်တွေ ထိန်ထိန်တောက်နေသည်။ ကျွန်တော်ညနေ အိမ်မှ မထွက်ခင်အထိ၊ ဖေဖေကော၊ မေမေကော ကျန်းကျန်းမာမာ . . .။ ကားလေးကို ဘရိတ်အုတ်လိုက်ပြီး၊ အိမ်ထဲမှအစ်မတစ်ယောက် မသာမယာမျက်နှာနှင့် အပြေး ထွက်လာသည်။ 'ဖေဖေ ဆုံးပြီ . . .' တဲ့ . . .။ 'ဟင်' . . . လို့။ ကျွန်တော်လည်း ဒါပဲပြောနိုင်သည်။ ဆုံးပြီ . . . ဖေဖေ။ ကုတင်ပေါ်တွင် အနွေးထည်လေးဝတ်ပြီး၊ ကွေးကွေးလေး အိပ်နေသလိုပင် . . .။ ဘေးမှာ စိပ်ပုတီး၊ တရားစာအုပ်တွေ၊ အစားအသောက်နှင့် သောက်ဆေး၊ ဒိုင်ယာရီ။ ညစာပင် ဝဝလင်လင် စားသောက်ဖြစ်သေးသည်ဟု ပြောကြသည်။ အသားအရည်က လူကောင်းပကတိလိုပင် ပူနွေးနေသေးသည်။ ရင်ဘတ်ကိုင်ကြည့်တော့ မခုန်တော့ . . .။

|၄|

ဖေဖေကွယ်လွန်ပြီး နှစ်လလောက်အကြာ . . . 'သံမဏိ'မှ လှည်းတန်းသို့ ပြောင်းရွှေ့ခဲ့ကြပါသည်။

'သံမဏိ'ကို ချစ်သည်။ နှုတ်ဆက်ခဲ့ရပါသည်။

'ဖေဖေ့'ကို ချစ်သည်။ နှုတ်ဆက်ခဲ့ရပါသည်။

ကဗျာဆရာကြီး 'နီရူဒါ'၏ ကဗျာလေးကိုပဲ ပြန်လည်ရွတ်ခွင့်ပြုပါ။

**'ချစ်ဖို့ပဲ နှုတ်ဆက်ခဲ့ဖို့ပဲ'** . . .



# အသိုက် - ၅

|၁|

မိသားစုကလေး။ ကျွန်တော်တို့အသိုက်အမြုံကလေးသည် ခန်းချီဆရာ တက်ကော့စကီး (Ted Kautzky)၏ ရေဆေးရှုမျှော်ခင်းခန်းချီကားတစ်ချပ်လို၊ ရံဖန်ရံခါ စိမ်းစိမ်းစိုစိုရှိလှသည်။ တစ်ခါတစ်ရံတော့ မလှမပ . . .။ တကယ့်ကို မလှမပ … ။ ပီကာဆို (Picasso)၏ အချိုးအစားမကျနု၊ ကိုးရိုးကားယား ကျူဘစ်ပန်းချီကားလို အရုပ်ဆိုးဆိုး။

ကမာရွတ်၊ ဗေဿသီရိလမ်းကလေးသို့ ကျွန်တော်တို့ 'ရွှေ့'ကြရပြန်သည်။ လှည်းတန်းဗေဿသီရိလမ်းဆိုတာ ဘန်ကောက်က 'ရာမ-လေး'လမ်းလို နာမည်ကြီးသည်။ သို့သော် . . . 'ရာမ-လေး'က ချော်လမ်းသွားအမြန်လမ်းမကြီး၊ ဗေဿသီရိလမ်းကလေးကတော့ ကျဉ်းကျဉ်းမြောင်းမြောင်း၊ ကားနှစ်စင်းကို မနည်းရှောင်ရသည်။ လမ်းဆုံ

www.burmeseclassic.com

www.burmeseclassic.com



ကာနီးတွင် နာမည်ကျော် ဦးဝင်းနိုင်အင်္ဂလိပ်စာကျူရှင်ရှိသည်။ ကျူရှင်အနီး ခြံဝင်ပေါက်တစ်ခုမှဝင်လျှင် ပုံသဏ္ဌာန်အတိအကျ ပြောရခက်သော မြေကွက်ကြီးတစ်ကွက်ကိုရောက်မည်။ မြေကွက်ကြီးထဲတွင် သေးသေးကြီးကြီး၊ အိမ်သုံး-လေးလုံးရှိသည်။ ဝင်ဝင်ချင်းပက်ပင်းတွေ့ရသော နှစ်ထပ်အိမ်ကလေးမှာ အိမ်ထောင်တစ်စုနေသည်။ သွပ်မိုးပျဉ်ကာ။ အိမ်ကလေး၏ တောင်ဘက်တွင် မည်သည့်ဗိသုကာလက်ရာဟန်ဟု သတ်မှတ်ရခက်မည်ဖြစ်သော နှစ်ထပ်အုတ်ညှပ်အဆောက်အအုံ ခပ်နွမ်းနွမ်းတစ်လုံး။ ပိုင်ရှင်က အမျိုးသမီးဘော်ဒါဆောင်ဖွင့်ထားသည်။ ဘော်ဒါဆောင်၏ အနောက်ဘက်တွင် 'ပန်းရုံပျံ' တို့ လက်စွမ်းပြသထားသော အချိုးအစားမကျမန နှစ်ထပ်တိုက်အိမ်တစ်လုံး။ ပိုင်ရှင်က တစ်ခန်းယူထားပြီး အခန်းသုံးခန်းလောက် အိမ်ငှားထားသည်။ ထိုအိမ်၏ အနောက်ဘက်တွင် လမ်းကြားခြားပြီး တစ်ထပ်အုတ်ညှပ်ကားဂိုဒေါင်တစ်လုံး . . . အဲလေ . . . အိမ်တစ်လုံး။ သွပ်မိုးမိုးထားသည်။ မျက်နှာကျက် ရိုက်မထား (မိုးလုံရင်တော်ပါပြီ)။ အိမ်ကို အလယ်ဗဟိုမှ တစ်ခြမ်းခြမ်း အုတ်နံရံကာရံထားသေးသည်။ မိသားစုနှစ်စုကို ငှားရမ်းရန် ရည်ရွယ်ဟန်ရှိသည်။ ခေါင်းရင်းခြမ်းတွင် အစ်မကြီးနှင့်ကျွန်တော်နေ၍၊ ခြေရင်းခြမ်းတွင် အစ်မနှစ်ယောက်၊ နှမတစ်ယောက်တို့က အမေကြီးကို အနီးကပ် စောင့်ရှောက်နေထိုင်သည်။

'အိမ်'ယောင်ဆောင်ထားသော ထိုကားဂိုဒေါင်ထဲတွင် ရေချိုးခန်း အိမ်သာကို ဝတ်ကျေတမ်းကျေ ဖွဲ့ပေးထားသည်။ ကျွန်တော်ကတော့ 'အာခိတက်' တစ်ယောက်အမြင်ဖြင့် မော်ဒန်ဆရာကြီး 'ဖရင့်လွိုက်ရိုက်' တို့ ပြောခဲ့သော လွတ်လပ်ပန္နက်ဖွဲ့စည်းမှု (free plan)ဆိုတာ ဒါမျိုး ထင်ပါရဲ့ . . . ဟု ခေတ်မီမီ ကမ္ဘာကြည့်ကြည့်နေမိသည်။ ပွဲစားအမျိုးသမီးကြီး၏ လက်သုံးကတော့ ခန်းကျယ် (hall type) . . . ။ ကဗျာမဆန်သော ထိုအိမ်ငယ်လေးကို အချိုအချောင်ရ၍ ငှားနေသည်တော့ မဟုတ် . . .



လှည်းတန်းအိမ်ငှားခက တိုက်ကြီးပြီးရင် ကမ္ဘာပေါ်မှာ ဒုတိယ ဈေးအကြီးဆုံး လေ . . . ။

[ ၂ ]

မဂ္ဂဇင်းစာမျက်နှာများပေါ်တွင် ကျွန်တော် . . . စကားပြေ စတင်ရေးဖွဲ့ခဲ့သော နှစ်ကာလများကို သတိရဆဲ . . . ၁၉၉၇၊ ၁၉၉၈။ အိမ်နှင့်တူသော ကားဂိုဒေါင်လား၊ ကားဂိုဒေါင်နှင့်တူသော အိမ်လားတော့ မပြောတတ် . . . ။ ထိုအိမ်ကလေးမှာ ရေးခဲ့တာတော့ သေချာသည်။

ဗိသုကာအလုပ်လုပ်ရတာ . . . ပင်လယ်တွင် လှိုင်းစီးရတာနှင့် တူသည်။ နိမ့်တုံမြင့်တုံ . . . ။ လုပ်ငန်းကိုင်ငန်းပါးသောအချိန်တွင် စာအုပ်ကို 'မိတ်ဆွေ' ပိုလုပ်ဖြစ်သည်။ စာအုပ်စာပေထဲက ရစရာတွေ အများကြီး ကြားလာရသောအခါ ပြောစရာစကားတွေလည်း များများလာသည်မှာ သဘာဝ . . . ။ ပုလဲနှင့် ရန့်သစ်မဂ္ဂဇင်းမှာ 'စာလုံး'ဖြင့် စကားပြောဖြစ်သည်။ စာရေးသည့် (သို့မဟုတ်) ပုံဆွဲသည့်စားပွဲတ ညေ့ခန်းအလွန်၊ ခုတင်၏ဘေးမှာ။ ရှုခင်းရှုကွက်သည် ရှမ်းကုန်းမြေမြင့် တောင်တန်းတွေကို ငေးမောရသလိုတော့ ပန်းချီမဆန်။ သုံးလေးပေမျှ ကျယ်သော လမ်းကြားကလေးခြားပြီးလျှင် သူများ၏အိမ်နောက်ဖေး . . . ။ ကိုသန်းလှိုင်၏ 'တစ်ဆောင်းသစ်ပြန်ပြီ' သီချင်းသည် ငရုတ်သီးကြော်နှင့်အတူ ပြတင်းခန်းဆီးကို ဖြတ်၍ ချဉ်းနင်းဝင်ရောက်လာသည်။

သူများ၏ မြေပိုင်နက်ပေါ်မှာ အဆောက်အအုံဆောက်လုပ်ခွင့်ရသည်ကိုတော့ ကျွန်တော်ကောင်းကောင်းသိသည်။ သူများ၏ ကြော်နံ့ ညှော်နံ့တွေ၊ သူများ၏လင်မယားရန်ဖြစ်သံတွေ၊ ဆဲသံဆိုသံတွေ . . . ထိုယ့်အပေါ် ကျူးကျော် ဝင်ရောက်လာရင် ဘယ်လိုဖြေရှင်းရမလဲ . . . ကျွန်တော်မသိ။ အိမ်ရှေ့က စောင်းလျားပင်အရိပ်ကလေးမှာ သစ်သားထိုင်ခုံလေးရှိ၍ တော်ပါသေးသည်။ 'စတေး'ရှောင်၍ရသည်။ သည်နေရာလေးမှာ လမင်းနှင့်ဆုံဆည်းခွင့်ရသည်။ သည်နေရာလေးမှာပဲ အရှင်

www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒာမိက ဟောကြားတော်မူသော တရားနှင့်ယှဉ်သော 'အိမ်'ကလေးကို သတိရမိသေးသည်။

**အမိုးကျဲနေတဲ့အိမ်**
**မိုးရေနှိပ်စက်မယ်။**
**အမှတ်တျနေတဲ့စိတ်**
**ကိလေသာနှိပ်စက်မယ်။**
**ကိုယ့်ရဲ့စိတ်အိမ်ကို**
**သတိအမိုးစိပ်စိပ်မိုးမှ**
**ကိလေသာမိုးရေအေး**
**ကင်းဝေးလိမ့်မယ်။**

အိမ်တစ်အိမ်၏ လုံခြုံမှု၊ စိတ်ချမ်းသာမှုအတွက် 'အမိုး'က အရေးကြီးဆုံးဟု ဆရာတော်က မိန့်ကြားသည်။ အမိုးတစ်ချပ်နှင့်တစ်ချပ် ကျိုးတိုးကျဲတဲဖြစ်လျှင် နေပူမည်၊ မိုးရေဝင်မည်။ ထိုအခါ ဆင်းရဲဒုက္ခ ရောက်မည်။ သည်လိုပါပဲတဲ့ . . .။ 'စိတ်'ဟူသော 'အိမ်'မှာ သမထ၊ ဝိပဿနာ ဘာဝနာတည်းဟူသော 'အမိုး' လုံခြုံအောင် မိုးမထားရင်၊ အပေါက်အပြဲတွေ ရှိနေရင် အဲသည်ကျဲနေပေါက်နေသည့် နေရာကနေ 'ကိလေသာ' တည်းဟူသော 'မိုးရေ'တွေ ဝင်ရောက်လာနိုင်ပါသည်။ 'ကိလေသာ' မိုးရေနှိပ်စက်မှုများကင်းဝေးအောင် 'သတိ'အမိုးစိပ်စိပ်မိုး ထားရမည်ဟု မိန့်တော်မူသည်။

[ ၃ ]

'ဖေဖေ့'ကို တသပူဆွေးမှုက မိသားစု၏ နှလုံးအိမ်တွင် လတ်လတ်ဆတ်ဆတ်ပင် ရှိနေသေးသည်။ နေမင်းကြီးကွယ်ပျောက် သွားသလို . . .၊ ပင်စည်မှပင်မအကိုင်းကြီးတစ်ကိုင်း ကျိုးကျသွားသလို၊ တောင်တန်းကြီးပြိုလဲသွားသလို . . .၊ တံတားတစ်စင်း ဘုန်းဘုန်းလဲသွား



သလို . . .။ မိခင်ကြီးခမျာ သနားဖို့ကောင်းသည်။ အာရုံကြောအချို့ ယိုယွင်းနေသည်ဖြစ်ရာ အတိတ်ကိုသတိရတစ်ချက်မရတစ်ချက်၊ အသိ တရားကလည်း မှုန်မှုန်ရီရီ။ သတိရတာနည်းနည်း၊ သတိမရတာ များများ။

အိမ်ကလေးတစ်လုံးသည် သက်မဲ့မဟုတ်။ အသက်ရှိသည်။ သူ့တွင် ဝမ်းနည်းစရာတွေရှိသလို ဝမ်းသာစရာတွေလည်းရှိသည်။ အပျော် အပျက်တွေ ရှိနိုင်သလို ဆွတ်ကြင်လွမ်းမောစရာတွေလည်း အပြည့် အမောက်။ ကြည်နူးမှုအပြုံးပွင့်တွေပွင့်ဝေနေနိုင်သလို . . . အမုန်း တရားသံသရာအဆက်ဆက်လည်း ယှက်သွယ်နိုင်သည်။ မည်သို့ပင် ဖြစ်စေ . . . ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း၊ ချစ်ခြင်း၊ မုန်းခြင်း၊ ဆုံဆည်းခြင်း၊ ခွဲခွာခြင်း စမ္ပတာတွေကိုတော့ 'အမိုး' တစ်ခုတည်းအောက်မှာ အတူတူ မျှဝေခံစား၊ စံစားရပေမည်။

မိသားစုရထားတွဲကြီးကို မေမေက ဦးဆောင်ဦးရွက်လုပ်၍ မခုတ်မောင်းနိုင်။ သမိုင်းပေးတာဝန်က ကျွန်တော်တို့ အငယ်နှစ်ယောက် လက်ထဲသို့ ခေါင်းဆောင်မှု အလိုလိုရောက်လာသည်။ ခေါင်းဆောင်နှင့် ခေါင်းဆောင်မှု (Leader- Leadership)၊ စီမံခန့်ခွဲမှု (management)၊ တန်ဖိုး (Values)၊ အနာဂတ်အမြင် (Vision)၊ စိမ်ခေါ်မှုများ (challenges)၊ ပြုပြင်ပြောင်းလဲမှု (Flexibility) . . . စသည်။ 'ခေါင်းဆောင်မှု ဆိုတာဘာလဲ . . .'။ 'ခေါင်းဆောင်မှုဆိုတာ အများရဲ့ ယုံကြည်မှု၊ တိုးစားမှု၊ လေးစားမှုရရှိအောင် စွမ်းဆောင်နိုင်ပြီး၊ ပြည်သူရဲ့ ရည်မှန်း ချက်ကို ပေါက်မြောက်အောင်ထောက်ပံ့ပေးနိုင်မှု' (Cham & Montborgae, ၁၉၉၂) ဟု ဖတ်ဖူးသည်။

မောင်နှမရှစ်ယောက်ရှိရာ ကျွန်တော်သည် ယောကျ်ားလေး ထဲတွင် အငယ်ဆုံး၊ နှမလေးသည် အားလုံးတွင်အငယ်ဆုံး။ အငယ်ဆုံး နှစ်ယောက်က မိသားစု ပွဲကိုင်တက်လုပ်သည်ဆိုတော့ . . . အစဉ်အလာ မဟုတ် (informal)။ အစဉ်အလာအရ (အစ်ကိုအကြီးဆုံးက အိမ်ထောင်ခွဲ)

www.burmeseclassic.com

www.burmeseclassic.com



အစ်မအကြီးဆုံးက 'ပွဲကိုင်'။ သို့သော် . . . သူမက မလုပ်လို။ နောက် အစ်မများ မဦးဆောင်နိုင်။ တကယ်ဆိုတော့ 'ခေါင်းဆောင်'လုပ်တာ လွယ်လှသည်တော့မဟုတ် . . .။ ကမ္ဘာလုံးသည် မနေ့ကနှင့်သည်နေ့ မတူ။ မနက်ဖန် မတူ။ အတွေးအခေါ်၊ အယူအဆ၊ အမြင်၊ ယုံကြည်မှု၊ တန်ဖိုးများ . . . စသော အကြောင်းအရာတွေက ခေါင်းဆောင်မှုကို စိမ်ခေါ်သည်ဟု ပြောသည်။ (Challenges to Leadership) နွေလယ် နေက ခြစ်ခြစ်တောက် ပူပြင်းသည်။ အိမ်ရှေ့ စောင်းလျားပင်အရိပ်ကလေး က မဖွယ်မရာ ကြဲတဲတဲ။ နောက်ဖေး သရက်ပင်အရိပ်သည်လည်း မစိုပြေ သေး။ လေညင်းသည် ခရီးလွန်နေပြီလော . . .။ ငြိမ်သက်လွန်းနေသည်။ မိသားစုအရေးကိုစီမံခန့်ခွဲဖို့ ကျွန်တော်တို့မောင်နှမနှစ်ယောက် ခေါင်းချင်း ဆိုင် ဆွေးနွေးနေကြသည်မှာ ထိပ်သီးခေါင်းဆောင်နှစ်ဦးနှယ် . . .။

[ ၄ ]

'အိမ်'ကလည်း အမျိုးမျိုးအထွေထွေ . . .။ တောက်ပသစ်လွင် နေသည့်အိမ်၊ ဟောင်းမြင်းဆွေးမြေ့နေသည့်အိမ်၊ လှပသောအိမ်၊ အ ကျည်းတန်သောအိမ်၊ ဆေးပေါလစ်ရောင် ဖိတ်ဖိတ်လဲ့နေသောအိမ်၊ မှိန် ပျပျညှိုးရော်ရော်အိမ်၊ နေချင့်စဖွယ်အိမ်၊ စွဲလမ်းစရာမကောင်းသောအိမ်၊ ထရံကာခနိမိုးအိမ်၊ အုတ်ကာအုတ်ကြွပ်မိုးအိမ်၊ ရိုးရာအိမ်၊ ကျေးလက် အိမ်၊ မော်ဒန်ဟန်အိမ်၊ ပို့စ်မော်ဒန်ဟန်အိမ်၊ အရှေ့တိုင်းဟန်ပန်အိမ်၊ အနောက်တိုင်းဟန်ပန်အိမ်၊ ရိုးစင်းသောအိမ်ပုံစံ၊ ခေတ်မီဆန်းပြားသော အိမ်ပုံစံ၊ ပူလောင်သောအိမ်၊ အေးမြသောအိမ် . . . အိမ်၊ . . . အိမ် . . .။

'ဘယ်အိမ်မှာနေကြမလဲ' . . . လို့ ဆရာတော် အရှင်ဆန္ဒာဓိက က မေးခွန်းထုတ်ထားပါသည်။ ဆရာတော်ကပဲ အဖြေပေးထားပါသေး သည်။ 'ဆိုးတဲ့ အိမ်၊ မလှတဲ့အိမ်၊ တန်ဖိုးသေးတဲ့အိမ်၊ ယုတ်ညံ့တဲ့အိမ်မှာ နေရတာထက် ကောင်းတဲ့အိမ်၊ လှတဲ့အိမ်၊ တန်ဖိုးကြီးတဲ့အိမ်၊



မြင့်မြတ်တဲ့အိမ်မှာ နေရတဲ့သူတွေ ဘဝလုံခြုံမှုနဲ့ စိတ်ချမ်းမြေ့မှု ပိုပြီးရနိုင်ပါတယ်' . . .

'ဂိုဒေါင်အိမ်'ကလေးမှာ နေလာတာ တစ်နှစ်ပြည့်တော့မည်။ တစ်နှစ်ပြည့်လျှင် ဘာရယ်မဟုတ်။ အိမ်လခတိုးမည်။ အိမ်ရှင်က အိမ်၏ ဝန်ဆောင်မှုကော . . . တိုးချဲ့ပေးမည်လော . . .။ နိုး (No)။ ရေပူ ရေအေး ပိုက်လိုင်းသွယ်ပေးမလား။ အဲယားကွန်းတပ်ပေးမလား။ 'နိုး'။ ပေါလစ်တိုက်ပေးမလား၊ ဆေးသုတ်ပေးမလား။ နိုး။

နေ့ခင်းနေ့လယ်တွင် ရေနွေးကြမ်း၊ ထမင်းကြမ်းနှင့် လက်ဖက် သုပ်စားသောက်ပြီး စကားစမြည်ပြောကြခြင်းသည် ကျွန်တော်တို့မိသားစု ကလေး၏ မြတ်နိုးဖွယ်ဓလေ့တစ်ရပ်။ တောဘုန်းကြီးကျောင်းတွင် အလှူ စားရသလို၊ ဖင်ထိုင်ခုံအနိမ့်ကလေးနှင့် စားပွဲအနိမ့်ကလေးနှင့် . . .။ အနိမ့်တွင် နေထိုင်မွေ့လျော်ခြင်း (living low) (သို့မဟုတ်) အရှေ့တိုင်း ယဉ်ကျေးမှု။ လက်ဖက်ရည်ပါတီပွဲ (tea party)လို့ အမည်ပေး၍ရသလို 'မိသားစုညီလာခံ'ဟု ပြောလျှင်မမှား။ သာရေး၊ နာရေး၊ လူမှုရေး၊ မိသားစုအရေး၊ စီးပွားရေး၊ ရပ်ရေးရွာရေး၊ ကျန်းမာရေး . . . ရေးပေါင်း များစွာ ဆွေးနွေးဖြစ်ကြသည်။ ယခု . . . တင်သော ဆွေးနွေးရန်ကိစ္စ (issue)က အရေးကြီးသည်။ အရေးကြီးသည်ဆိုတော့ . . . ဆူနာမိ လှိုင်းလို နာဂစ်မုန်တိုင်းလို . . . သဘာဝဘေးအန္တရာယ်ကြီးတော့ မဟုတ်ပါ။ ကမ္ဘာကြီး ရှေ့ဆက်ပြီးဖြစ်နေမည့် ဖရိုဖရဲကမောက်ကမ (chaos)တွေလည်း ပါဝင်မည်မဟုတ်ပါ။ မိသားစု၏ နေရေးထိုင်ရေး ဖြစ်ပါသည်။

အရေးကြီးပါသည်။ မိသားစုတစ်စုတွင် နေရေးထိုင်ရေးသည် အလွန် အရေးပါလှပေသည်။ မြို့ထဲ (အနော်ရထာလမ်းက)က ကန်ထ ရိုက်တိုက်ခန်းတစ်ခန်းလည်း ပြန်လည်ရပါတော့မည်။ သို့သော် . . . အခန်းမှာ အလွန်ကျဉ်းမြောင်းသွားသဖြင့် မိသားစုနေထိုင်၍ အဆင်မပြေ

www.burmeseclassic.com

www.burmeseclassic.com



တော့ပါ။ မြို့ထဲတိုက်ခန်းကို သူများကိုငှားရမ်းထားပြီး၊ ကျယ်ဝန်းသော တိုက်ခန်းတစ်ခန်း (သို့မဟုတ်) တိုက်အိမ်တစ်လုံး ငှားရမ်းနေထိုင်ဖို့ . . . 'မိသားစုညီလာခံ'မှ မောင်နှမလေးဦးက ဆုံးဖြတ်ချက်ချမှတ်လိုက်ပါသည်။

ကျွန်တော့်အတွက်တော့ . . .

လှည်းတန်းကို ဒုတိယအကြိမ် နှုတ်ဆက်ခြင်းပင်ဖြစ်လိမ့်မည်။ 'နေရစ်တော့ . . . ဗေဒါသီရိလမ်းကလေးရေ' . . .။

■ ■ ■



# အသိုက် - ၆

ရန်ကုန်မြို့၏ အိမ်ငှားခဈေးနှုန်းသည် ကျောက်ဆောင်ကျောက်ခဲလို ခိုင်မြဲနေသည်မဟုတ်ပေ။ တစ်နှစ်တစ်ခါ ဒီရေအလား တိုးပွားနေလေသည်။ ကမာရွတ်လှည်းတန်း အိမ်ငှားခကလည်း တက်မည်တကဲကဲ . . .။ လှည်းတန်းက ဗေဒါသီရိလမ်းကလေးကို ယဉ်ကျေးစွာပဲ ကျွန်တော်တို့ နှုတ်ဆက်ခဲ့ရပါသည်။ အိမ်ငှားခဈေးနှုန်း အနည်းငယ်ချိုသာသော ဗဟန်း၊ ဂွတ္တာလစ်ရပ်ကွက်၊ ရတနာလမ်းသို့ မြစ်ကြီးတစ်ဝင်းသို့ပဲ ချီးကွေ့လိုက်ပါသည်။ လမ်းအမည်လေးက 'ရတနာ' . . . တဲ့။ သူ့သိုက်တာ . . .။ ရှိပါသေးသည်။ ဟိုဖက်လမ်းအမည်လေးတွေက ပုလဲလမ်း၊ မြလမ်း၊ ဥဿဖယားလမ်း၊ ပတ္တမြားလမ်း . . . 'ရတနာ' အမည်အလေးတွေပါပဲ . . .။

ကျွန်တော် . . . တစ်ယောက်တည်း ပြုံးမိပါသည်။ ကျွန်တော့်မှာ အိမ်တစ်လုံး (သို့မဟုတ်) အခန်းတစ်ခန်း မပိုင်ပါ။ ကားတစ်စင်း (သို့မဟုတ်) လေယာဉ်တစ်စင်းမရှိပါ။ ရွှေမပြောပါနှင့် . . .။ ကြေးတစ်ကျပ်

www.burmeseclassic.com

www.burmeseclassic.com

သား (သို့မဟုတ်) ပုလဲတစ်လုံး ရွှဲတစ်လုံးမရှိပါ။ သို့သော် . . . ကျွန်တော် ကံမဆိုးပါ။ ရွှေတောင်မြို့က ရွှေပြောင်ပြောင် ဘုရားအနီးမှာ ကျွန်တော့်ကို မွေးဖွားပါသည်။ တစ်ခါက လှည်းတန်း ရတနာမြိုင်လမ်းကလေးထဲမှာ ခိုနားဖူးပါသည်။ ယခု . . . ရတနာလမ်းထဲ ချိုးဝင်လိုက်ပါသည်။ ဦးချစ်မောင်လမ်းမမှဝင်လျှင် လက်ဝဲဘက်တွင် ဦးဆုံးတွေ့ရသော နှစ်ထပ်အိမ်ကြီးဖြစ်ပါသည်။ ရတနာလမ်းထဲ တဖြည်းဖြည်း ဆက်လျှောက်သွားလျှင် 'ပုလဲနှင့်မဟူရာပေါင်းစပ်ထားသော မျက်လုံးများပိုင်ရှင်' . . . ရတနာသူကလေးတွေကို တွေ့နိုင်ပါသည်။

အိမ်ကြီးအကြောင်း ကျွန်တော် ပြောပါမည်။ သွပ်မိုး၊ ပျဉ်ကာ ပျဉ်ထောင် အိမ်မည်းမည်းကြီးပါ။ လေးပင်သုံးခန်းရှိပြီး၊ ရတနာလမ်းကို မျက်နှာစာ လှည့်ထားပါသည်။ ပတ္တမြားလမ်းသွယ်လေးကို ဘေးတိုက်ပေးထားသဖြင့် ထောင့်အိမ်ဟုပြောလျှင်ရပါသည်။ ထောင့်အိမ်ဆိုသည်နှင့် မျက်နှာစာနှစ်ဖက်လှပဟု လူတိုင်း နားလည်ထားပါသည်။ သို့သော် . . . ထိုအိမ်ညစ်ထေးထေးကြီးမှာ ရတနာလမ်းဘက်ကကြည့်လျှင် အရုပ်ဆိုး၍ ပတ္တမြားလမ်းသွယ်မှကြည့်လျှင် အကျည်းတန်ပါသည်။ ပျဉ်ထောင်အိမ်ဟု လွယ်လွယ်ပြောရသော်လည်း တကယ်တော့ . . . ပျဉ်ထောင်အိမ်စစ်စစ်လည်း မဟုတ်ပြန်။ အောက်ထပ်နံရံတချို့တွင် သုံးပေခန့်အမြင့်ထိ ၄၅"ထု အုတ်နံရံတပ်ထားပြီး၊ အပေါ်တွင် သံဇကာတပ်ထားပါသည်။ အောက်ထပ်တွင် ရေချိုးခန်းအိမ်သာမှအပ အခန်းဟူ၍ ပီပီပြင်ပြင် ဖွဲ့စည်းမှုမရှိပါ။ ခန်းမ (hall) ဟင်းလင်းကြီးဖြစ်နေပါသည်၊ အပေါ်ထပ်တွင်လည်း အိမ်နောက်ဖေးတွင် စတိုခန်းတစ်ခန်း ဖွဲ့ထားသည်မှလွဲ၍ ဘုရားခန်း၊ အိပ်ခန်း၊ ရေချိုးခန်း၊ အိမ်သာ သီးခြားဖွဲ့စည်းမထားပါ။ အပေါ်ထပ်တွင် မျက်နှာကျက်ရိုက်မထားသဖြင့် နေပူလျှင် လွန်စွာပူပြင်းလှပါသည်။ ပြတင်းရွက်များမှာ ကျွန်းပြားများဖြစ်ရာ မိုးရွာ၍ ပြတင်းတံခါးပိတ်ထားလျှင် အမှောင်ထုကြီးစိုး၍ မွန်းကျပ်နေပါသည်။ အောက်ထပ်ကတော့



သံဇကာဖြစ်နေသဖြင့် မိုးသက်လေနှင်လျှင် မိုးမလုံပါ။ ယာယီကာရံ ဖန်တီးထားရပါသည်။ အိမ်ကြီးကို မြေပြည့်၊ အိမ်ပြည့် ဆောက်ထားပါသည်။ မြေသည် ပေ ၂၅၊ ပေ၅၀ခန့် ကျယ်ဝန်းပါသည်။ အောက်ထပ်တွင် မေမေနှင့်အစ်မနှစ်ယောက်၊ နှမတစ်ယောက် နေထိုင်ပါသည်။ ကျွန်တော်က အပေါ်ထပ်မှာ ကွန်းခိုပါသည်။

'အိမ် . . . ဆိုတာ ဘာလဲ' . . . လို့ ကျွန်တော့်ကိုယ် ကျွန်တော် . . . မေးခွန်းထုတ်ကြည့်မိပါသည်။ မိုးလုံရင် အိမ်လို့ ခေါ်ပါသလား . . .။ နေရိပ်ရင်၊ နေကွယ်ရင် အိမ်လို့ခေါ်ပါသလား . . .။ လေပြည်လေညင်းကလေး ဖြတ်သန်းစီးဆင်းနေရင် 'အိမ်'လို့ ခေါ်ထိုက်ပါသလား . . .။ ငလျင်ဒဏ်၊ လေပြင်းမုန်တိုင်းဒဏ်ခံနိုင်မှ 'အိမ်'လို့ ခေါ်မှာလား . . .။

'အိမ်'၏ အဓိပ္ပာယ်ကို 'နေရန်ဆောက်လုပ်ထားသော အဆောက်အအုံ' . . . လို့ ဖွင့်ဆိုပါသည်။ (မြန်မာစာအဖွဲ့၊ အဘိဓာန်) အင်္ဂလိပ်လိုလည်း House ကို A building in which people live . . . လို့ ဖွင့်ဆိုပါသည်။ (Visual dictionary of Architecture) house အသုံးထဲတွင် ရုံ၊ ရုံ၊ တင်းကုပ်၊ ဂေဟာ . . . နေရာဌာနများလည်း အကျုံးဝင်တတ်ပြန်သည်။

အိမ်မှာ နေထိုင်သည့် ပုဂ္ဂိုလ်၏အဆင့်အတန်း အနိမ့်အမြင့်ကို လိုက်၍လည်း အိမ်အခေါ်အဝေါ် ကွဲပြားပြန်သေးသည်။ တဲ၊ နန်းတော်၊ အိမ်တော်၊ ရဲတိုက်၊ ရွှေတောင်၊ အိမ်ကြီးရခိုင် . . . စသဖြင့်။ သည်ဘက်ခေတ်မှာတော့ ဟောင်ကောင်တစ်လွှာ၊ နှစ်လွှာ၊ ကန်ထရိုက်တိုက်ခန်း၊ ကွန်ဒိုမီနီယမ် . . . တိုက်ခန်းများသည်လည်း ကွန်းခိုရာနေရာထိုင်ခင်းများဖြစ်ရာ . . . 'အိမ်'ပါပဲ။ ရပ်ထဲရွာထဲမှာလည်း သူ့အိမ်၊ ကိုယ့်အိမ်၊ အိမ်လို့ပဲ သုံးတတ်ကြပါသည်။ စာသံ ပေသံဖြင့်သုံးလျှင်တော့ ခန်းဆောင်၊ ခန်းဝါ . . . သုံးကြပါသည်။

www.burmeseclassic.com



အိမ်ကို 'dwelling' . . . လို့လည်း ခေါ်ပါသည်။ အိမ်တစ်လုံးကို အခြားအိမ်တစ်လုံးနှင့် ဘုံနံရံတွဲသုံးထားခြင်းမရှိလျှင် detached dwelling လို့ ခေါ်ပါသည်။ အိမ်နှစ်လုံးသည် ဘုံနံရံတစ်ချပ်တွဲသုံးထားလျှင်တော့ semidetached dwelling လို့ ခေါ်ပါသည်။ semidetached house ဟုလည်း သုံးပါသည်။ အမေရိကန်အသုံးကတော့ အိမ်နှစ်လုံးရင်ချင်းဆက်ထားလျှင် duplex လို့ခေါ်ပြီး၊ အိမ်သုံးလုံးအမှာပူးထားလျှင် triplex လို့ခေါ်ပါသည်။

bungalow လို့ခေါ်သည့် တစ်ထပ်တိုက်ပုပြတ်ပြတ်ကလေးတွေကို 'ဘန်ဂလို'လို့ပြောလိုက်လျှင် လူတိုင်းနားရည်ဝပြီးဖြစ်ပါသည်။ အမေရိကန်တွေကတော့ ranch house ဟုပြောသည်။ cottage လို့လည်း ပြောသည်။ farmhouse လို့လည်းသုံးသည်။ တစ်ခါတစ်ရံ country home, country cottage . . . သုံးတာလည်းရှိသည်၊ cottage industry ဆိုရင်တော့ အိမ်တွင်းစက်မှုလက်မှုကို ပြောပြန်ရော . . .။ house ကိုလည်း အခြားစာလုံးနှင့် တွဲဖက်သုံးလျှင် အဓိပ္ပာယ်တစ်မျိုးထွက်ပြန်ရော . . .။ Opera-house ဆိုတာ ကပွဲရုံ။ coffee-house ကော်ဖီဆိုင်။ fashion-house ဖက်ရှင်အရောင်းဆိုင်။ guest house တည်းခိုခန်း၊ publishing house စာအုပ်တိုက်။ THE WHITE HOUSE အိမ်ဖြူတော်။

လူနေထိုင်သော အခင်းအကျင်း (သို့မဟုတ်) ဂေဟာကို residence လို့ပြောပါသည်။ အင်းလျားလမ်းက ဆာကူရာ residence ကမ္ဘာအေးဘုရားလမ်းက မီကာဆာ residence . . .။ အိမ်တစ်ဆောင်မီးတစ်ပြောင် ခမ်းနားစွာရှိသည်။ ရဲတိုက်ကို castle လို့ခေါ်ပြီး၊ သူရဲခိုတွေနှင့် တည်ဆောက်ထားသော နန်းတော်ကို palace . . . လို့ ခေါ်ပါသည်။ Villa ဆိုတာတတော့ ရောမခေတ်က ခြံဝန်းအကျယ်ကြီးတွေထဲမှာ ထည်ထည်ဝါဝါရှိလှသည့် အိမ်ကြီးရခိုင်တွေကိုသုံးခြင်းဟုဆိုသည်။



ပြည်လမ်းက ပါရမီ Villa လိုမျိုး။

အိမ်ဆိုတာတော့ အိမ်ပါပဲ။ အခင်းရှိမည်၊ အကာရှိမည်။ အမိုးရှိမည်၊ သို့သော် . . .။ Housing ကို 'အိမ်ရာ'လို့ ပြန်ဆိုပါသည်။ မင်းမနိုင်အိမ်ရာ၊ လမ်း၅၀အိမ်ရာ၊ ဖဆပလအိမ်ရာ၊ ရန်ကင်းအိမ်ရာစသဖြင့်။ apartment ဆိုသော အသုံးရှိသေးသည်။ တိုက်ခန်းတွဲတွေဖြစ်သည်၊ အမေရိကန်တွေက flat လို့ပြောသည်။ hall ပုံစံ (သို့မဟုတ်) အခန်းဖွဲ့ထားသည်၊ apartment များ အတွဲလိုက်ရှိနေလျှင် apartment block ဟုသုံးသည်။ မြေညီထပ်ဖြစ်ပြီး . . . နောက်ဖေးမှာ ဝန်းခြံပါလျှင် garden apartment ဟုပြောသည်၊ အိမ်ရှေ့မှာ စွယ်စုံသုံးရမည့် ခန်းကျယ်ပါပြီး၊ နောက်ဘက်မှာ မီးဖိုချောင်၊ ရေချိုးခန်းအိမ်သာရှိလျှင် studio apartment ဟုခေါ်သည်၊ အပေါ်နှင့်အောက်နှစ်လွှာဝပြီး၊ ကြမ်းခင်းမှ အဆင်းအတက်လုပ်၍ရလျှင် duplex apartment ဟုခေါ်ပါသည်။ အခန်းဖွဲ့အားလုံးနီးပါးတူညီပြီး ဘုံနံရံများဖြင့် ဖွဲ့စည်းထားသော အခန်းတွဲကို row house ဟုခေါ်ပါသည်၊ သို့မဟုတ် . . . town house။ အောက်ထပ်မှာ အရောင်းဆိုင်ခန်း၊ အပေါ်ထပ်မှာ လူနေလျှင်တော့ shop house ဟုခေါ်ပါသည်၊ အဆောက်အအုံတစ်ခု၏ အပေါ်ဆုံးအမိုးအလွှာရှိ နေထိုင်ရန် apartment (သို့မဟုတ်) residence ကို penthouse ဟုခေါ်ပါသည်။

ကျွန်တော်တို့ ယခုနေထိုင်သော သပြေသီးမှည့်ရောင်အိမ်ကြီးသည် မည်သည့်အိမ်အမျိုးအစားထဲတွင် ပါဝင်နိုင်မလဲ . . .။ ကျွန်တော်စတွေးတတ်ပါ။ သေချာတာတစ်ခုတော့ရှိပါသည်၊ နေချင့်စဖွယ် 'ဘန်ဂလို'လေးတစ်လုံးမဟုတ်ပါ။ ခြံဝန်းထဲတွင် အပန်းဖြေရန် ဥယျာဉ်တစ်ခုလည်းမပါရှိပါ။ နေ့သစ်၏အာရုဏ်ဦးကို ကြိုဆိုသော ကျေးငှက်သံများလည်း မကြားရပါ။ လမင်းကိုဖူးတွေ့ခွင့်မရသလို နေမင်းကို နှုတ်ဆက်ခွင့်လည်း မကြုံကြိုက်ပါ။ အိမ်ရှေ့ဘက်နားတစ်ဝိုက်တွင် ကွမ်းယာဆိုင်၊

www.burmeseclassic.com

www.burmeseclassic.com



ထမင်းဆိုင်၊ မုန့်ဟင်းခါးဆိုင်၊ အသုပ်ဆိုင်၊ လ္ဘက်ရည်ဆိုင်နှင့် ဆိုက်ကားဂိတ် . . . ။ မန္တလေးမြို့၏ နှလုံးသားဗဟို၊ ၈၄လမ်း၊ စစ်ကိုင်းကားဂိတ်အနီးမှမိတ်ဆွေတစ်ယောက်၏အခန်းတွင် အလည်အပတ်ရောက်ခဲ့သော နေ့လည်ခင်းများ၊ ညနေခင်းများ၊ ညဥ့်ဦးယံကာလများ၊ ညဥ့်နက်နက်အချိန်အခါများသို့ သတိရမိသည်။ နေ့လည် နေ့ခင်းမှာတော့ စစ်ကိုင်းကားဂိတ်မို့၊ ၈၄လမ်းမကြီးမို့၊ မန္တလေးမြို့လယ်မို့၊ ဈေးချိုနားမို့ . . ညခင်းကျတော့လည်း ညဈေးတန်းမို့ . . . ။ သန်းခေါင်ယံကျော်တော့လည်း ဟင်းသီးဟင်းရွက်ကုန်စိမ်းဒိုင်တွေနှင့်မို့ . . . ။ ဆူလိုက်ညံလိုက်တာ။ အော်လိုက်ကြ၊ ဟစ်လိုက်ကြတာ. . . ။ တတ်နိုင်ပါဘူးလေ၊ ရတနာလမ်းက ကျွန်တော်တို့ဆီ လာတာမှမဟုတ်တာ . . . ။ ကျွန်တော်တို့က ရတနာလမ်းကိုပြောင်းဖို့ ရွေးချယ်တာကိုး . . . ။ အိမ်နားမှာ အမှိုက်ပုံရှိရင်တော့ နံမှာပေါ့ . . . ။ သည်လိုပဲတွေးရင်း၊ သည်လိုပဲ ဖြေသိမ့်ကြရပါသည်။ အိမ်နီးချင်းကောင်းများနှင့် အတူတကွနေထိုင်ဖို့ဆိုသည်မှာ တစ်ခါတစ်ရံ ငွေကြေးဖြင့် ပေးဆပ်ရယူရပါသည်။

ထိုသောအခါ . . . ရန်ကုန်မြို့ကို အပူလှိုင်းဖြတ်ပါသည်။ နေ့ခင်းနေ့လည် အပေါ်ထပ်တွင် ပူလွန်း၍နေမထိ၊ ထိုင်မသာ ဖြစ်နေပါသည်။ အလုပ်လုပ်ရန်ရှိသောအခါ ဘုရားသွား၍တရားထိုင်နေလို့ မဖြစ်တော့ပါ။ အညာစောင်ကို ရေစွတ်ပြီး ယာယီမျက်နှာကျက် လုပ်ရပါသည်။ ပျဉ်းကတိုး၊ လျှာထိုးတြမ်းခင်းကို ရေစွတ်၊ ဖျာကို ရေစွတ်ပြီး ပန်ကာလေပူတွေ ဖြတ်သန်းစေပြီး၊ အလုပ်လုပ်ရပါသည်၊ 'ငရဲ' . . . မြေပေါ်မှာ ရှိသလား . . . ။ မြေအောက်မှာရှိသလား . . . ကျွန်တော် မသိပါ။ ယခု. . . အပူဒဏ်ကို ရင်ဆိုင်ခံနေရခြင်းသည်လည်း 'ငရဲ' တစ်မျိုးပင် ဖြစ်လိမ့်မည်ထင်ပါသည်။ တပည့်ကိုးသောင်းနှင့် အလုပ်လုပ်နေကြရင်း အပူလှိုင်းဒဏ်ခံနေရသော နွေရာသီကို မှတ်မှတ်ရရဖြတ်သန်းခဲ့ဖူးပါသည်။ ဌာနဆိုင်ရာတစ်ခုမှ အရာရှိကြီးတစ်ဦး၏အိမ်လေးကို ဒုတိ



မြို့သစ်မြောက်ပိုင်းမှာ မှတ်မှတ်ရရပဲ၊ တည်ဆောက်ခဲ့ကြပါသည်။

မိုးသည်းသည်းတစ်ညနေတွင် မိုးရေစက်များ အိမ်ထဲသို့ ဝင်မလာစေရန် ပြတင်းတံခါးများ ပိတ်ရပါသည်။ အိမ်ပေါ်တစ်ထပ်လုံး မှောင်မည်းသွားပါသည်။ စိုးပိုင်ကတော့ 'မောင်ငိုမယ် မိုးသည်းထဲမှာကွယ်' . . . လို့ ငိုဖူးပါသည်။ ဆိုဖူးပါသည်။ အမှောင်ထဲမှာ ကျွန်တော်တစ်ယောက်ထဲပါ။ မိုးဟာ . . . သည်းသည်းမဲမဲရွာနေဆဲပါ။ တံခါးတွေ၊ ပြတင်းတွေ ဖွင့်လို့မရသေးပါ။ အပြင်မှာ ဖွန်လေ၏ မိုးရေစက်တွေ . . . ။ ကျွန်တော့်အတွေးတွေက လင်းလက်နေသည်။ ကမ္ဘာကျော် မော်ဒန်အာခီတက်ကြီး 'ဖီလစ်ဂျွန်ဆင်'၏ 'The Glass House' ဆိုသော သူ၏ ကိုယ်ပိုင်ဒီဇိုင်း၊ ကိုယ်ပိုင်အိမ်ကြီးကို မြင်ယောင်နေမိသည်။ မှန်သားပြင်နှင့် နံရံလေးဖက် ကာရံထားသည်။ အိမ်ထဲမှာနေရင်း နေထွက်တာနှင့် နေဝင်တာကို ငေးမောလို့ရသည်။ မှန်သားပြင်ကျယ်ကြီးဖြင့် ကာရံထားသဖြင့် အထဲမှာနေသော်လည်း အပြင်မှာနေသလို ပတ်ဝန်းကျင်ကို ခံစား၍ရသည်။ အတွင်းလား . . . အပြင်လား . . . ဝေခွဲရခက်သည်။ ကျွန်တော်သည် ရတနာလမ်းမှ မဟုတ်တော့၊ အမေရိကားမှာ . . . ။ New Caanaan မှာ . . . ။ မိုးရေစက်တို့ ပြေးလွှားကြပြီ။ နေပွင့်ပြီ။ အနောက်ဆီမှ လိမ္မော်ရောင်သန်းလာသည်။ မှန်သားပြင်အိမ်ကြီးထဲမှ 'နေဝင်ချိန်'ကို ငေးရီနေမိသည်။ မော်ဒန်ရှေ့ဆောင်ကြီး 'ဖရင့်လွိုက်' ပြောသလို အိမ်ထဲလား၊ အိမ်ပြင်ရောက်နေတာလား မဝေခွဲတတ်ဖူး ဆိုတာ' . . . ဟုတ်ပေသားပဲ . . . ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း - ၇

ဘဝသည် မြစ်ကြီးတစ်စင်းလိုပဲ၊ ချိုးရကွေ့ရပြန်ပါသည်။ တကယ်တော့ . . . မချိုးချင် မကွေ့ချင်။ ဟိုင်းဝေးလမ်းမကြီးလိုပဲ ဖြောင့်ဖြောင့်ကြီးသွားချင်ပါသည်။ မတတ်နိုင်။ ချိုးရကွေ့ရပြန်ပါသည်။ ဒွတ္တလစ်၊ ရတနာလမ်းမှ နီလာလမ်းသို့ . . .။ 'နီလာ'တဲ့ . . .။ လမ်းအမည်ကလေးတွေက ရွှန်းလဲ့တောက်ပသည်။ နီလာသန္တာကြွယ်၊ ပတ္တမြားခင်၊ မြကေရီ၊ အင်္ဂလန်စိန် . . . ဆိုသော မျိုးသမီးနာမည်ကလေးတွေသို့ ရတနာအမည်ကလေးတွေမို့ မြရီစိမ်းလဲ့ . . .။ ရတနာလမ်းအိမ်ကတော့ ဦးချစ်မောင်လမ်းမကြီးနှင့် နီးသည်။ နီလာလမ်းအိမ်က အတွင်းဘက် နည်းနည်းဝင်ရသည်။ ရတနာလမ်းမှ အထဲသို့ ဓာတ်တိုင်သုံးတိုင်စာလောက်လျှောက်ပြီး၊ ဘယ်ကွေ့ညာတွေ့မှ ရောက်သည်၊ ဦးချစ်မောင်လမ်းမကြီးဘက်နီးလျှင် လူစည်ကားသဖြင့် အိမ်ငှားခ နည်းနည်းဈေးပို၍ အတွင်းဘက်ကျလျှင် နည်းနည်းဈေးချိုသည်။ ကမ္ဘာ့ရွှေဈေး၊ ကမ္ဘာ ပါလာ ဈေးကျသွားသည်သာ ကြားဖူးနားဝရှိသော်လည်း ရန်ကုန်မြို့

www.burmeseclassic.com



အိမ်ငှားခဈေးနှုန်းဂရပ်ကတော့ ကျရိပ်မရှိ။ တက်ပြီးရင်း . . . တက်
နောက်တစ်နှစ် ထပ်တက် . . .။

ကျွန်တော့်ဘဝကား အဝေးပြေးလမ်းမကြီးနှင့်မတူ
မြစ်ကြီးတစ်စင်းလို . . .။ အချိုးအကွေ့တွေ များလွန်းသည်။ မတတ်နိုင်
မိတ်ဆွေကဗျာဆရာ (ကို)ခေါ်း(ကွမ်းခြံကုန်း)က . . .

**'မြစ်ဆိုတာ**
**မကွေ့ရင်**
**မလှဘူး။**

BURMESE CLASSIC

**ဒါကြောင့်**
**ကွေ့လိုက်တယ်'** . . . လို့ ကဗျာတစ်ပုဒ်ရေးဖူးသည်
ကျွန်တော့်မှာတော့ . . .

ကျွန်တော့်မှာ ချမ်းသာကြွယ်ဝသမျှ စာအုပ်မျာ
စာအုပ်စင်၊ စာအုပ်ဘီဒို၊ စာရေးစားပွဲ၊ ကုလားထိုင်များ ရှိပါသည်။ အလေ
အပင်တွေဖြစ်သဖြင့် အိမ်ပြောင်းရ၊ ရွှေ့ရ မလွယ်ကူပါ။ တပည့်တပ
တွေကို အရပ်ကူပါ လူဝိုင်းပါ ခေါ်ရသည်။ ငှက်ကလေးတွေကတော့ . .
ကျွန်တော့်လို စာအုပ်တွေ၊ စာအုပ်စင်၊ စာအုပ်ဘီဒိုတွေ ရှိမည်မဟုတ်ပ
နေမှုထိုင်မှု အသိုက် ပြောင်းရရွှေ့ရ လွယ်ကူမည်ထင်ပါသည်။

ကျွန်တော် အိမ်ပြောင်းမည်ဆိုလျှင် တပည့်တွေ
ကြည့်ရသည်မှာ မျက်နှာမရွှင်ပြ။ ပညာများကား ကျောက်စိမ်းတုံးတွေ
လေးလံပြီး၊ အဖိုးတန်လှသည်ဟု ထင်မိသည်။ တပည့်အများစု
ကျောက်စိမ်းကိုတော့ စိတ်ဝင်စားနိုင်ပြီး၊ ကျွန်တော့်စာအုပ်များကိုတေ
စိတ်ဝင်စားဟန် မရှိပါ။ တပည့်များမှာ နှစ်မျိုးနှစ်စား ရှိပါသည်။ တချို့
'ကကြီးခခွေး' တတ်ပြီး၊ တချို့က 'ကကြီးခခွေး' မတတ်ပါ။ ကမ္ဘာပေါ်မှ
ရှိကြကုန်သော ဆောက်လုပ်ရေးဇာတ်အဖွဲ့သားတွေ 'အေ၊ ဘီ၊ စီ၊



တတ်ကြလား၊ မတတ်ကြဘူးလားလည်း ကျွန်တော် မသိသေးပါ။

သွားရင်းလာရင်း အငှားကားကလေးပေါ်တွင် ဖူလိုင် ၏ ခရမ်းနုရောင် မိုးရေစက်များကြားမှ ဟေမာနေဝင်း၏ 'အမေ့အိမ်ကိုပဲ ချစ်သမီးလွမ်းပါတယ်' . . . ဆိုသော မြန်မာသံစဉ် သီချင်းသံလွင်လွင်လေး နားထဲရစ်ဝဲလာပါသည်။ တကယ်တော့ ဒီသီချင်းကလေးသည် တချိန်က ခေတ်စားခဲ့သော မစိန်မြင့်လတ်၏ 'အမေ့အိမ်' အမည်ရသော ရေဒီယိုဇာတ်တစ်ပုဒ် ဖြစ်ပါသည်။ သီချင်းကလေးမှာ အိမ်ထောင်ရက်သားကျပြီး၊ ရှုန်းရင်းကန်ရင်း ဘဝအမောတွေကြားမှ 'အမေ့အရိပ်၊ အမေ့အိမ်' ကို လွမ်းဆွတ်တသသ ဖြစ်ပါသည်။

ကျွန်တော်တို့ရဲ့ အမေ့အိမ်ကတော့ အနော်ရထာလမ်းကြီးပေါ်မှာ ကျန်ခဲ့ပါပြီ။ မြေပိုင်ရှင် အိန္ဒိယနွယ်ဖွားတစ်ဦးနှင့် ကန်ထရိုက်တာ ဂန္ဓာလရာဇ် တိုင်းသားတစ်ဦး ပူးပေါင်းကြံစည်မှုဖြင့် အမေ့အိမ် (ကန်ထရိုက်တိုက်ခန်း)၏ ပင်မဝင်ပေါက်မှာ ခြောက်ပေခုနစ်ပေမျှသာ ကျဉ်းကျဉ်းကြုပ်ကြုပ် ရှိလိမ့်မည်။ အပေါ်ထပ်တွေကို ဆင်းတက်နိုင်သော လှေကားကတော့ မြို့တော်ခန်းမကြီးက လှေကားလို ကျယ်ကျယ်ဝန်းဝန်း . . .။ လှေကားအောက်တွင် ထီဆိုင်၊ မိတ္တူကူးဆိုင် . . . သီးခြားငှားစားရန်အတွက် မြေရှင်နှင့်ကန်ထရိုက်တာ ရည်ရွယ်ဟန်ရှိသည်။ ကျွန်တော်တို့ သရေခေတ္တရာနယ်သားရွှေ ခံလိုက်ရလေခြင်း။ ဘာမျှမတတ်နိုင်။ ဆောက်ပြီးပြီလေ။ ဒီအမေ့အခန်းလေးကို အရပ်အခေါ် ဆယ့်နှစ်ပေခွဲအကျယ်၊ နောက်ဖက်ကို ပေခြောက်ဆယ်ရှိသည်ဟု ပြောပါသည်။ အမြီးနုတ်ခေါင်းနုတ်နှင့် အကျယ်၁၀ပေ၊ အိမ်ရှေ့နှင့် နောက်ဖေး ၅၅ပေခန့်သာ ရှိပါမည်။ ဒီအခန်းလေးမှာ အမေအပါအဝင် မိသားစုဝင် ငါးဦးအတွက် မတ်တပ်အိပ်ပြီး၊ မတ်တပ်နေထိုင်ရမည့်ပုံ။ နေဖို့ ထိုင်ဖို့ အဆင်မပြေလှပါ။ အခန်းလေးကို ငှားရမ်းထားလိုက်ပြီး ကျွန်တော်တို့ တတော့ ဟိုနေဒီနေ . . .။ ဟိုရောက် ဒီရောက်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုရွှေ ဒီရွှေ၊ ဟိုနေ ဒီနေနှင့် 'နီလာလမ်း' အိမ်ကလေးကို ပြောင်းကြ၊ ရွှေ့ကြရပြန်သည်။ အိမ်တလေးက နှစ်ထပ် တိုက်ပုကလေးပါ။ သံကူကွန်ကရိတိုင်၊ ယက်မတို့ဖြင့် ခိုင်ခိုင်မာမာ တည်ဆောက်ထားပြီး၊ သွပ်မိုး မိုးထားသည်။ ခေါင်မိုးကလည်း မိုးလုံပါသည်။ အိမ်မှာလည်း မေမေက မားမားမတ်မတ် . . .။ လေးလက်မခွဲထု အိမ်နံရံကာရံထားပါသည်။ ကြမ်းခင်းကတော့ သံကူကွန်ကရိမဟုတ်။ ၃"×၂" ပျဉ်းကတိုးဆင့် တစ်ပေခြားပေါ်တွင် ၄"×၁" ပျဉ်းကတိုး လျှာထိုးခင်းပြီး ပေါလစ်သုတ်ထားသည်။ ပေအစိတ်၊ ပေငါးဆယ် မြေကွက်ထဲတွင် အိမ်ကလေးက ပေနှစ်ဆယ်၊ ပေလေးဆယ်လောက်ရှိမည် မှန်းသည်။ အိမ်ရှေ့မှာ မြေလွတ်ကလေး လေး၊ ငါးပေ ရှိသည်။ ပန်းအိုးကလေးတွေချဖို့ အတော်ပါပဲ . . .။

အိမ်ကလေး၏မြေညီထပ်တွင် ထုံးစံအတိုင်းပါပဲ. . . ဧည့်ခန်း၊ ထမင်းစားခန်း၊ မီးဖိုဆောင်တွဲလျက်ရှိပြီး၊ အိပ်ခန်းငယ်နှစ်ခန်း ဖွဲ့ထားသည်။ နောက်ဖေးဘက်မှာ သီးသန့်ရေချိုးခန်း၊ အိမ်သာ ခပ်ကျဉ်းကျဉ်း နှစ်ခု။ လှေကားလေးမှ တစ်ဆစ်ချိုးတက်လာသော် အပေါ်ထပ်ကို ရောက်သည်။ အပေါ်ထပ်မှာတော့ နောက်ဘက်တွင် အိပ်ခန်းတစ်ခန်းသာ ဖွဲ့ထားသည်။ ကျန်ဧရိယာများမှာ အခန်းရယ် မယ်မယ်ရရမရှိ။ ဟာလာဟင်းလင်း။ အိမ်ရှေ့ဘက်ထွက်ရန် ဝရန်တာလေးတစ်ခုပေးထားပြီး . . . တံခါးတစ်ပေါက်ရှိသည်။ ပြတင်းပေါက်ကလေးတွေက အရေအတွက်နည်းပါးပြီး၊ သေးကွေးသော်လည်း သစ်သားပြတင်းတွေမဟုတ်။ မှန်ကြည်တပ်ထားသဖြင့် အလင်းရောင်က အတော်အသင့်ရသည်။ ဘေးအိမ်တွေက မြို့ထဲကလို ကပ်လျက်မဟုတ်။ သွန်ခြံဝင်း၊ ကိုယ့်ခြံဝင်းကလေးနှင့်မို့ အသက်ရှူရ နည်းနည်းချောင်လည်သည်။ လေဝင်လေထွက်လည်း မဆိုးလှ။ အလင်းရောင်လည်း အတန်အသင့် ရပါပေသည်။

အိမ်ကလေးက တည်ဆောက်ပြီးစီးတာ . . . သိပ်



မကြာလောက်သေး။ ရေဆေး၊ ဆီဆေး၊ ပေါလစ်ဆေးသားလေးတွေ အတန်အသင့် တောက်ပနေသေးသည်။

အိမ်ကလေးကို ထုဆစ်ထားသည့် ဗိသုကာလက်ရာ တန်ဆိုတာကိုတော့ ပြောဖို့တော်တော် ခတ်ပါလိမ့်မည်။ တွေ့နေကျ မြင်နေကျ အရပ်ထည်အိမ်မျိုးကလေးပါပဲ . . .။ ခေတ်ပေါ် အပြောက်အမွမ်းလေးတော့ ဟိုတစ်တို့ ဒီတစ်တို့ တို့ထိခြယ်သထားသည်။ နီလာလမ်းကလေးက ကွန်ကရိလမ်းကျဉ်းတလေး၊ ကားနှစ်စီး ရှောင်၍မရ။ တစ်စီးစာသာ အကျယ်ရှိသဖြင့် ကျယ်လှ ခုနှစ်ပေ၊ ရှစ်ပေ။ လမ်းကလေး၏ တစ်ဖက်တစ်ချက်မှာတော့ မြောင်းငယ်တစ်သွယ်စီ။ လမ်းကလေးမှာ တစ်ဖက်ပိတ်။ ကားဝင်ပြီးလျှင် ထွက်စရာလမ်းမရှိ၊ လာရာလမ်းမှပဲ နောက်ဆုတ်ပြန်ထွက်ရသည်။ လမ်းက တိုတိုကလေး၊ အိမ်ခြေကလည်း မရှိလှ၊ တစ်ဖက်တစ်ဆယ့်ငါးအိမ်ပေါ့ . . .။ လမ်းထဲတွင် သုံးထပ်လေးထပ်တိုက်မရှိ၊ တစ်ထပ်၊ နှစ်ထပ် ပျဉ်ထောင် သို့မဟုတ် . . . တိုက်အိမ်။ မိုးအခါ ရေမဝပ်ခြင်းမှာ ဒီလမ်းကလေး၏ ဂုဏ်ပုဒ်တစ်ခု ဖြစ်သည်။

အိမ်ရှေ့အိမ်ကလေးမှာ နှစ်ထပ်တိုက်အိမ်ကလေး။ နံရံဆေးသားမလွင့်ပြယ်သေးသဖြင့် ဒီတိုက်ကလေးလည်း ဆောက်ပြီးတာ သိပ်ကြာသေးဟန်မတူ။ ငြိမ်သက်ခြင်းနှင့်အတူ . . . လူတစ်ယောက်သာ နေထိုင်ဟန် ရှိသည်။ ဒီတိုက်အိမ်ကလေး၏ တစ်ဖက်ဘစ်ချက်မှာ တစ်ထပ်ပျဉ်ထောင်အိမ်ကလေးတွေ ရှိသည်။ တစ်အိမ်က ဆက်သွယ်ရန် ဆိုင်ကို စီးပွားရေးလုပ်စားသည်။ တက္ကစီကားလည်း ပြေးဆွဲဟန်တူသည်။ တစ်အိမ်ကတော့ ပန်းတိမ်လား၊ ပန်းပဲလား၊ ကုန်သည်လား၊ ပွဲစားလား၊ ဝန်ထမ်းလား . . . တကယ်မသိ။ ခေါင်းရင်းအိမ်က နှဲခ်ထပ်ထရံကာ သွပ်မိုး။ သူတို့လည်း အိမ်ငှားတွေပဲ။ လက်ဘက်ရည်ဆိုင်တင်ရောင်းသော မုန့်ကလေးတွေ လုပ်သည်။ လင်မယားတွေ၊ ခဏခဏ ရန်ဖြစ်ကြ ပြုံးပြည် . . .။ **'အိမ်နီးချင်းတောင်း ယင်တောင်းရ'** စကားပုံနှင့်တော့

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းပြန်။ ခြေရင်းအိမ်ကတော့ တစ်ထပ်ပျဉ်ထောင်အိမ် သေသေသပ်သပ်ကလေး။ အေးချမ်းသော ဘဝများပိုင်ရှင် . . .။ ဘာသံမျှ မကြားရ။ လျှပ်စစ်မီးပျောက်ကွယ်နေသော ညတွေကို ကျွန်တော်ကြောက်လန့်သည်။ အိမ်ပေါ်တွင် ကျွန်တော်တစ်ကိုယ်တည်း . . .။ မှောင်သော ညတွေမှာ အိမ်ခေါင်းရင်းက လင်မယား ရန်ဖြစ်တာဘာဟုတ်သေးလဲ၊ လမ်းလယ်လောက်က လင်မယားကမှ မကြားဝံ့ မနာသာ အော်ကြီးဟစ်ကျယ် ဆဲရေးတိုင်းထွာလိုက်တာ . . . တစ်ညလုံး။

ဒါ . . . အပြင်က မီးတွေပါ။ အိမ်နားမှာ မီးလောင်လျှင် မိမိအိမ်လည်း မီးမလောင်ကျွမ်းအောင်၊ မီးမကူးစက်အောင် သတိထားရပါသည်။ သွားရင်းလာရင်း မီးပွားမလွင့်စင်အောင်လည်း ရှောင်ရှားရပါသည်။ ဒါကြောင့်ပဲ . . . ရှေးလူကြီးတွေက '**အပြင်ကမီး အိမ်ထဲယူမလာနဲ့**' . . . လို့ ပြောခဲ့တာကိုး။

ဘာရယ်မဟုတ် . . .။ အိပ်မပျော်မယ့်အတူတူ တစ်ညလုံးပဲ ငုတ်တုတ်ထိုင်ပြီး အတွေးပင်လယ်ကြော မျောနေမိသည်။ ကျွန်တော်တို့ငယ်ငယ်တုန်းက အိမ်မှာ ဧည့်သည်အဝင်အထွက်များသည်။ မေမေကတော့ ပြောပါသည်။ '**အိမ်သာလို့ ဧည့်လာတာ**' . . . တဲ့။ ဖေဖေမေမေတို့မိတ်ဆွေတွေ၊ တပည့်တပန်းတွေနှင့် ဆွေမျိုးပေါက်ဖော်တွေပါပဲ။ မေမေက ဂန္ဓာလရာဇ်တိုင်းသား၊ ပေါက်ဖော်ကပြားမို့ . . . ဆွေမျိုးပေါက်ဖော်လို့ သုံးလိုက်တာပါ . . .။ ပြီးတော့ . . . အိမ်နီးချင်းတွေ သွားလာဝင်ထွက်ကြပါသည်။ တစ်အိမ်ကဟင်းကောင်းချက်လျှင် တစ်အိမ်ကို ဦးဦးဖျားဖျားပို့ပေးပြီး၊ တစ်အိမ်ကအသီးအနှံ တစ်အိမ်ကခွင့်တောင်းခူးယူကြတာ . . . တောမြို့ကလေးတွေရဲ့ ချစ်စရာစရိုက်ပါ။ ဒါကြောင့်ပင် '**အိမ်မိုးချင်းထပ် ရပ်တွတ်အတူနေ စိတ်နေအစင်းသားသိ**' . . . လို့ ပြောကြတာမို့လား . . .။ မြို့ကြီးပြကြီးဆိုတာတော့ တစ်အိမ်တစ်အိမ် ကျီးကန်းနှင့်ဖျိုင်းလို ဖာသိဖာသာ တစ်သီးတစ်ခြား



နေကြတာပါပဲ။

ရှေးလူတွေပြောကြသလို . . . '**အိမ်နီးချင်းကောင်းမှ အလောင်းလှမယ်**' ဆိုရိုးနှင့်တော့ ယနေ့မြို့ပြမှာ ဆီလျော်တော့မည် မထင်ပါ။ ကျွန်တော်တို့ မိသားစုလေးကို ကြည့်ပါ . . .။ တစ်နှစ်တစ်ခါလောက် အသိုက်ပြောင်းနေရသူတွေအဖို့ အိမ်နီးချင်းကောင်းနှင့် ဆုံစည်းခွင့်ရဖို့မလွယ်။ တစ်လမ်း၊ တစ်အိမ် ရေပွက်ပမာ တစ်နှစ်လောက်သာ နေထိုင်ဖြစ်ကြသည်မို့လား . . .။ မတတ်နိုင် . . .။

တကယ်မတတ်နိုင် . . .။ ကျွန်တော်တို့ အတည်တကျ အိမ်ကြီးဖွဲ့ နေထိုင်ချင်တာကတော့ အင်းလျားလမ်း (သို့မဟုတ်) ပြည်လမ်းမကြီးနားပဲ ဖြစ်သည်။ သို့သော် . . .

အိပ်မက်ကို အိပ်မက်ထဲမှာပဲ ထားချင်ပါသည်။ ထို ...ကာ ၂၀၀၀ ပြည့်နှစ်ဟု နှလုံးသားစာမျက်နှာပေါ်တွင် ရေးမှတ်ဖူးသည်။ ...ရာဦးလှမြင့်၊ ကိုမင်းမင်းစိုးတို့ ကွယ်လွန်သည့်နှစ်။

ကိုမင်းမင်းစိုးက အရာရှိတစ်ဦး။ ကျွန်တော့်ကလိုင်းရင့် ...ent) (လုပ်ငန်းအပ်နှံသူ)။ ငယ်ငယ်ရွယ်ရွယ် အသက် သုံးဆယ်စွန်းစွန်း ... ရှိဦးမည်။ ရုပ်ချော၊ သဘောဖြူ ပရဟိတစိတ် အလွန်ရှိသူ . . . တစ် ...ကြာကြာ မနေလိုက်ရ။ သွားပြီ . . .။ နောက် . . . ကြယ်တစ်ပွင့်က ...တော့်ရဲ့စာတွေထဲမှာ မကြာမကြာပါနေသည့် 'အာခီတက်' ဆရာ ...မြင့် . . .။ ဆရာကတော့ အသက်ခြောက်ဆယ်စွန်းစွန်းမှာ ကြွေလွင့် ... . . .။

ဒီအိမ်ကလေးမှာ နေထိုင်ကြသောနှစ်ကာလသည် ...ရောင်ကာလမဟုတ်။ ဦးစီးဦးဆောင်လုပ်နေသော လူတစ်ယောက် ... ဆုံးပါးပြီဆိုမှတော့ ဆောက်လက်စအိမ်ကြီးလည်း တစ်ပိုင်းတစ်စ . . .။ မပြီးသေးသော ပန်းချီကားတစ်ချပ်မှာ မှုံဝါးဝါး . . .။ ...တော်တို့၊ နေမျိုးဝင်းတို့တစ်သိုက် ကိုင်ညွှတ်နေရသော ပညာ

www.burmeseclassic.com

www.burmeseclassic.com



တောင်တန်းကြီး ဆရာဦးလှမြင့်တလည်း တိမ်းပါး . . .။ ထိုအထဲ . . . ကျွန်တော့်ကျန်းမာရေးက ချချာနဲ့နဲ့။ မြန်မာကျပ်ငွေက ရှားပါး . . .။

တော်ပါသေးသည်။ မေမေ့ကျန်းမာရေးက အထူးကု မကူရသမို့။ ဒေါင်ဒေါင်မြည် . . .။ နှမငယ်ကလေး၏ တနိုင်တပိုင် စာရင်းစစ်လုပ်ငန်းလေးကတော့ . . . အူစိုရုံရနေသေးလို့ . . .။ မနက်တစ်နပ်၊ ညတစ်နပ်တော့ ပူစရာသိပ်မလို . . .။ မောင်နှမတစ်တွေ နေ့လည်နေ့ခင်းချိန်များတွင် လွှက်သုပ်လေးစား၊ ရေနွေးချမ်းလေး သောက်လို့ အေးအေးချမ်းချမ်း နေနိုင်သေးတာ . . .။

ဘာပဲဖြစ်ဖြစ် . . . **'အိမ်ရှေ့တမာ၊ နောက်မှာ ခါးတက်၊ စီးပွားတတ်'** . . . ဆိုသည့် စကားပုံလေးနှင့်အညီ၊ အိမ်ရှေ့မှာ တမာပင်ကလေးစိုက်၊ နောက်ဖေးဘက်မှာ ခံတက်ပင်လေးလည်း စိုက်ကြည့်ဦးမှပါလေ။

■ ■ ■



# အသိုက် - ၈

ညက အိပ်မက်မက်ပါသည်။ နေရာက ထိုင်းရဲ့ပတ္တယား ကမ်းခြေတစ်နေရာတွင် ဖြစ်ပါသည်။ ရှေးဟောင်းဂရိဗိသုကာအကျော် အမော်တစ်ဦးနှင့်အေးအေးလူလူ စကားပြောဖြစ်ကြပါသည်။ အကြောင်း အရာက ဗိသုကာနယ်ပယ်ကပဲ ဖြစ်သည်။ 'ခေတ်ပေါ်မြန်မာအိမ်ပုံစံ တစ်လုံးကို ဗိသုကာဒီဇိုင်း ဘယ်လိုရေးဆွဲမလဲ . . .' ဆိုတာပါပဲ။ ကျွန်တော်ကတော့ ခေတ်ပြိုင်၊ ခေတ်မီဗိသုကာကို သဘောကျတာကိုး . . .။ ခေတ်ရဲ့နေမှုထိုင်မှုပုံစံ၊ ခေတ်ရဲ့ဆောက်လုပ်ရေးပစ္စည်း၊ ခေတ်ရဲ့ နည်းပညာ၊ ခေတ်ရဲ့တွေးပုံခေါ်ပုံထင်ဟပ်ဖို့အရေးကြီးကြောင်း ပြောဆို ပါသည်။ သူက ဤသို့မဟုတ် . . .။ ရှေးဟောင်းအမွေအနှစ်ကိုထိန်းသိမ်း ဖို့၊ ရိုးရာဗိသုကာဟန်ပန်ကို ပုံဖော်ဖို့၊ ရိုးရာလူနေမှုဇရိုက်ကို ထင်ဟပ်ဖို့ ဆွေးနွေးပါသည်။ ကျွန်တော်တို့၏ ငြင်းခုံပွဲလေးကို ငင်လယ်လေပြည်က နှဲ့လျစွာ ပွတ်သပ်ကြည်စယ်နေပေသည်။ လှိုင်းပုတ်သံသည် ညင်သွဲ့

www.burmeseclassic.com



နဲ့ပြောင်းလိုက်၊ တဝုန်းဝုန်း ရိုက်ခတ်လိုက် . . .။ လေပြည်ထဲတွင် မြန်မာခေတ်ပေါ် အိမ်ကလေးတစ်လုံးသည် လွင့်မျောနေလေရဲ့ . . .။ သည်တစ်ခါ . . . လေပြည်သည် အချိန်အတော်ကြာ ငြိမ်သက်သွားတော့သည်။ ပြီး . . . အနည်းငယ် အိုက်စပ်လာသယောင်ယောင်။

အိပ်ယာမှ ကျွန်တော်နိုးထသောအခါ လည်ပင်းတွင် ချွေးနည်းနည်းစို့နေသည်။ အိပ်ယာတွေ အလီလီအဖန်ဖန်ရွှေ့ခဲ့၊ ပြောင်းခဲ့ရလေရာ . . . မနက်ခင်း မျက်လုံးနှစ်လုံးဖွင့်လျှင် 'ဘယ်ရောက်နေသလဲ' မိမိကိုယ်ကို မိမိ၊ အမြဲမေးရသည်။ ထိုင်းပတ္တယား ကမ်းခြေမှာလား၊ ရန်ကင်းဘောက်ထော်မှာလား။ ခန်းဆီးနံရံက ညိုးရော်နေပြီဖြစ်သော အထပ်သားအကာအရံ။ နံရံ၏ အိမ်ရှေ့ဖက်ခြမ်းတွင် မှန်တရှတ်ကပ်အရွက်လေးများရှိသည်၊ ထိုအရွက်လေးများကိုဖြတ်သန်းပြီး ပြောင်းပြန်လေ ဝင်လာတတ်သည်။ အပြင်ဘက်မှ အလင်းရောင်တချို့လည်း ဝင်လာတတ်သေးသည်။ သည်နေရာသည် ပတ္တယားမဟုတ်တာတော့ သေချာသလောက်ရှိသည်၊ ဘောက်ထော် စွန်းလွန်းဂူကျောင်းလမ်း။

စွန်းလွန်းဂူကျောင်းလမ်းသို့ ကျွန်တော်တို့မိသားစုလေး ချီးခဲ့၊ ကွေ့ခဲ့ရပြန်ပါသည်။ တကယ်ဆို . . . ကျွန်တော်တို့က ဂွတ္တလစ်နီလာလမ်း တိုက်ပုပုလေးမှ မခွာချင်သေး။ နေချင်သေးသည်၊ သို့သော် . . . သည်မြေသည် ကျွန်တော်တို့မြေမဟုတ်။ သည်အိမ်သည် ကျွန်တော်တို့အိမ်မဟုတ်။ ကျွန်တော်တို့မပိုင်။ ကျွန်တော်တို့မဆိုင်။ ကျွန်တော်တို့က အမြဲအကောင်းမြင်သမားလေ။ 'တစ်ရွာမပြောင်း သူကောင်းမဖြစ်' လို့ . . . ထာဝရခံယူထားသူတွေပဲ။

တချို့က ကျွန်တော့်ကိုအထင်မကြီးတာ ဒါတွေလည်းပါသည်။ ထိုစဉ်က ကျွန်တော်သည် အသက်လေးဆယ်စွန်းလာပါသည်။ သူများတွေလို လေယာဉ်ပျံတွေ၊ သင်္ဘောတွေ၊ မီးရထားတွေ မပိုင်ဆိုင်နိုင်သော်လည်း ချောင်းရိုးသွားသည့် လှေတစ်စီးလောက်တော့ ပိုင်ဆိုင်သင့်



ပါသည်။ သို့သော် . . . အချိန်တွေသိချင်လျှင် နေရောင်ကို လှမ်းမျှော်ကြည့်နေရပြီး၊ လက်ပတ်နာရီတစ်လုံးပင် မရှိသေးပါ။ တကယ်တော့ . . . ကျွန်တော်သည် ထည်ထည်ဝါဝါ အိမ်ကြီးရခိုင်နှင့် မနေနိုင်သေးသော်လည်း အိုးမဲ့အိမ်မဲ့အခြေအနေမဲ့တော့လည်း မဟုတ်ပြန်။ မိုးကုတ်ဆရာတော်ဘုရားကြီး၏တရားတော်တွေထဲမှာ ထပ်တလဲလဲပါနေသော ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးရှိသည်။ ကျွန်တော့်ကိုယ်၊ ကျွန်တော်လည်း ပြည်လမ်းမကြီးပေါ်မှာမနေနိုင်လို့ အင်းလျားလမ်းမှာမနေနိုင်လို့ တစ်ခါမျှလည်း အားငယ်စိတ် မဖြစ်ပေါ်ပါ။ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားခဲ့တာ တကယ်ထိမိသည်၊ 'လူဆိုတာ သေသွားရင် ဖိနပ်စုတ်လောက်တောင် တန်ဖိုးမရှိဘူး' . . . တဲ့။ လှပသောနွေဦးမှာ ရေကူးခပ်နေကြသော ငါးလေးတွေ . . . စိတ်ညစ်တယ်ဆိုတာ . . . တစ်ခါမျှမကြားဖူးပါ၊ ကျွန်တော်တစ်ယောက် လရောင်အောက်မှာ လမ်းလျှောက်ဖူးပါသည်။ နေရောင်အောက်မှာ လမ်းလျှောက်ဖူးပါသည်၊ နေတတ်လျှင် ကျေနပ်စရာပင်ကောင်းပါသည်။

ကျေကျေနပ်နပ် မဖြစ်စရာတွေလည်း လောကမှာရှိပါသေးသည်။ ဖေဖေဆုံးပါးသွားသောအခါ မေမေက 'အော်တို' မုဆိုးမဖြစ်ရရှာသည်။ ငယ်ငယ်ရွယ်ရွယ်မဟုတ်၊ သက်ကျားအို မုဆိုးမကြီး။ အငြိမ်းစားဆရာမကြီး။ အာရုံကြောတချို့ ချို့ယွင်းနေသော အမျိုးသမီးကြီး၊ သည်မုဆိုးမ မိခင်အိုကြီးတွင် ပိုင်ဆိုင်တာတစ်ခုပဲရှိသည်။ အနော်ရထာလမ်းမှ မြေညီထပ်အခန်းကျဉ်းကျဉ်းကလေး။ သည်အခန်း မဖွယ်ရာကလေးသည် အဖွားအိုအတွက်တော့ အိုစာမင်းစာ . . . (သို့မဟုတ်) ရဲတိုက် (သို့မဟုတ်) နန်းတော်၊ ဒါကို . . . ညီအစ်ကို မောင်နှမအချို့က ချက်စောင်းထိုးသည်၊ အနုနည်းနှင့် အမွေခွဲဝေပေးဖို့ စစ်ခင်းသည်၊ မောင်နှမရင်းချာ ... မောင်နှမရှစ်ယောက်ထဲမှာ အဆင်ပြေတာတွေရှိသလို အဆင်မပြေတာတွေလည်းရှိသည်လေ၊

အနော်ရထာလမ်းက အခန်းလေးကို အရောင်းအ

www.burmeseclassic.com

www.burmeseclassic.com



ဝယ်လုပ်သည့်နေ့က စာချုပ်ကို အမေကြီး တြည်ကြည်ဖြူဖြူနှင့်ပင် လက်မှတ်ထိုးပေးရှာပါသည်။ သည်အခန်းအရောင်းအဝယ်လုပ်သည့် ကိစ္စကို တကယ်ပင်သူသိလား၊ မသိလားတော့ . . . ကျွန်တော်မသိပါ။ ကျွန်တော့်မှာတော့ ရင်နှင့်အမျှခံစားရပါသည်။ အော် . . . မိခင်၏ မေတ္တာမိုးတွေ . . . သွန်းဖြိုးလိုက်ခြင်းပင် . . .။ မိဘအမွေအနှစ်ကို ကျွန်တော်တို့ ခွဲစိတ်ကြပါသည်။ နားထဲတွင် ရေဒီယိုတေးတစ်ပုဒ် ကြားယောင်လာပါသည်။

'ဒီရေဟာ . . . တို့ရေ . . . တို့ချစ်သောရေ . . . ဒီမြေဟာ . . . တို့မြေ . . . တို့ချစ်သောမြေ . . .'တဲ့။ ကျွန်တော်တို့မှာ ချစ်သောရေလည်းမရှိ၊ ချစ်သောမြေလည်းမရှိ၊ ချစ်သောအိမ်လည်း မရှိတော့ပါ။

တော်ပါသေးသည်။ အဝယ်ဆုံးနှမငယ်က ခေါင်းဆောင်ကောင်းတစ်ယောက်လို စီမံကွပ်ကဲမှုကောင်းပါသည်။ နားခိုစရာနေရာ တစ်ခု ခြေကုပ်ယူဖို့ ကြိုးစားပမ်းစား လိုက်လံရှာဖွေပါတော့သည်။ သင်္ကန်းကျွန်း၊ တာမွေ၊ အလုံ အိမ်ရာပေါင်းစုံ။ နောက်ဆုံးတော့ တာမွေ၊ မေတ္တာညွန့် အဝေရာအိမ်ရာမှာ ဂိတ်ဆုံးပါသည်။ အိုးအိမ်ဦးစီးဌာနမှ ဦးဆောင်တည်ဆောက်သော အိမ်ရာစီမံကိန်းတစ်ခုဖြစ်သည်။ အချောသပ် မပြီးသေးသဖြင့် လအတန်ငယ် စောင့်ဆိုင်းရပါသည်။

ရန်ကင်း၊ ဘောက်ထော် ပြည်သာယာဆိုတာ တကယ့်ဆိတ်ငြိမ်ရပ်ကွက်လေးပါ။ မြို့စောင်းမှာ ကျေးဇူးသာရကာတွန်ကျူးတဲ့ ရပ်ကွက်လေးပါ။ သည်ရပ်ကွက်ထဲ စွန်းလွန်းဂူကျောင်းလမ်းမှာ ကန်ထရိုက်တိုက်ရှိသည်ဆိုလျှင်တော့ စက်ာပူမြို့လယ်မှာ တံငါရွာရှိသည်ဟု ပြောသလို ထင်မိပါလိမ့်မည်။ မဟုတ်ပါ။ တကယ်ပင် . . . ကန်ထရိုက်တိုက် ခပ်ညံ့ညံ့အမျိုးအစား ဟောင်ကောင်ပုံစံရှိပါသည်။ အထပ်မြင့်မဟုတ်၊ လေးထပ်ပဲ ရှိပါသည်။ သည်မြေညီထပ်တစ်ခုနှင့်



ထပ်ခိုးလိုလို (ပထမထပ်လိုလို)မှာ ကျွန်တော်တို့ ကွန်းခိုပါသည်။

နိုင်ငံခြားဆိုလျှင် အလိုလိုအထင်ကြီးနေသော ထုံးစံတစ်ခုလိုဖြစ်နေပါပြီ။ ကြည့်ပါဦး . . .။ ဂျပန်တို့ဘူး၊ ထိုင်ဝမ်ဖရဲ၊ ယိုးဒယားသဘော်သီးထောင်း၊ ပီကင်းဘဲကင်၊ မလေးရှားခေါက်ဆွဲ၊ စင်္ကာပူလက်ဖက်ရည်၊ တိုကျိုတေလာ။ ယခု . . . ဟောင်ကောင် ကန်ထရိုက်တိုက်။ တကယ်တော့ . . . အမည်တစ်မျိုးသာ ဖြစ်ပါသည်။ ဟောင်ကောင်မှာလည်း သည်လိုတိုက်မျိုးမရှိပါ။ ရန်ကုန်မြို့ စည်ပင်သာယာရေးနယ်နိမိတ်တွင် 'ထပ်ခိုး'မထည့်ရပါ။ သို့သော် . . . ကန်ထရိုက်များက ထပ်ခိုးထည့်ပါသည်။ ပြီးလျှင် ဒင်္ဂါးငွေဆောင်ပါသည်။ ထည့်သည့်ထပ်ခိုးကလည်း တစ်ဝက်မက အပြည့်ပင်ထည့်လာကြသည်။ တစ်ယူနစ်ကို နှစ်လွှာဖြစ်သွားသည်။ သို့သော် . . . တစ်လွှာနှင့်တစ်လွှာ မျက်နှာကျက်အမြင့်မှာ လက်တစ်ဖောင်ပင် မလွတ်တော့။ ကန်ထရိုက်ဘိုက်ရဲ့ သဘောကိုက ကျဉ်းကျဉ်းရှည်ရှည်မျောမျော မဟုတ်လား။ သည်အထဲ မျက်နှာကျက်က လူတစ်ရပ်လွတ်ရုံ . . .။ တိုက်ခန်းရဲ့ အလယ်လောက်မှာ လေစီးအားနည်းရပ်ဝန်းဖြစ်ပေါ်ပြီး၊ တိမ်တုဖုံးလွှမ်းသလို မှောင်မိုက်နေပါသည်။ ယခု . . . အခန်းမှာ အစွန်ခန်းဖြစ်နေသဖြင့် တော်ပါသေးသည်။ ဘေးဘက်မှာ ပြတင်းရွက်တွေရှိသည်။ အလင်းဝင်နိုင်သည်၊ လေဝင်နိုင်သည်ဟု ယူဆရသော်လည်း ပြတင်းရွက်တွေကို တကယ်ဖွင့်၍မဖြစ်။ မိမိအိမ်နံဘေးက သူများကန်ထရိုက်တိုက်၏ နောက်ဖေး။ လမ်းကြားပဲ ခြားနားသည်။ အကယ်၍ ပြတင်းရွက်တွေကို ဖွင့်လှစ်ထားလျှင်လည်း နောက်ဖေးလမ်းကြားကို ဖြတ်သန်းတိုက်ခတ်လာသော လေနုအေးလေးတွေ ဝင်လာမည်။

ဘောက်ထော်၊ ပြည်သာယာ စွန်းလွန်းဂူကျောင်းလမ်းဆိုတာ လမ်းအစုတ်ပလုပ်လေး မဟုတ်ပါ။ အထင်ကရ လမ်းကြီးပါ၊ တိုက်ကြီးတာကြီး၊ ခြံကြီးဝင်းကြီးတွေနှင့် အိမ်ခြေရရ နေသိုင်ကြပါသည်။

www.burmeseclassic.com



ကျွန်တော်တို့ငှားရမ်းနေထိုင်သော ဟောင်တောင်တိုက်ခန်းလေးများသည် 'ဆွမ်းဆန်စိမ်းထဲ ကြွက်ချေးရောသလို' . . . မလှမပဖြစ်နေရပါသည်။ လူနေအိမ်ရဲ့ မျက်နှာစာသည် လူ၏မျက်နှာနှင့် အတူတူပင်ဖြစ်ပါသည်။ မချောမောသော်လည်း သပ်ရပ်တည်ကြည်ဖို့ လိုပါသည်။ တိုက်၏ မျက်နှာစာ ပလာစတာနံရံများနှင့် သံပန်းဆေးရောင်များမှာ ဆေးသားများ လွင့်ပြယ်ပြီး၊ အပူမိနေသော တစ်ခုလပ်လို၊ ဖရိုဖရဲဖြစ်နေပါသည်။ အိမ်ငှားများသည် ခေတ္တခဏ ခြောက်လတစ်နှစ်သာ ငှားရမ်းနေထိုင်ရာ ရေဆေး ဆီဆေး ရောင်စုံခြယ်သဖို့ မစွမ်းနိုင်ပါ။ အခန်းရှင်တွေကလည်း မိမိရဲ့ မျက်နှာကို သနပ်ခါး၊ မိတ်ကပ်ခြယ်သဖို့ မေ့လျော့နေသလား။

ဆရာဇော်ဂျီကမူ၊ အိမ်ရဲ့ရုပ်ဝတ္ထုပစ္စည်းလှပဖို့ထက် အိမ်ထဲမှာ နေထိုင်သူရဲ့ စိတ်နေစိတ်ထားလှပဖို့ အရေးကြီးကြောင်း 'အိမ်အလှ' ကဗျာလေးရေးဖွဲ့ခဲ့ပါသည်။

အိမ်ရှေ့ပန်းခင်း၊ ဓာပြတင်းနှင့်
အိမ်တွင်းတော်ဇော၊ ဆိုဖာချောနှင့်
အံ့သြရင်မ၊ ဗန်းပြလှလည်း . . .
စိတ်က မောဟ၊ လက်က လောဘ
နှုတ်က မာန၊ ထားတတ်ကြမူ
အတ္တကိုယ်ကျိုး ထိုအိမ်မျိုး။

အိမ်နောက်စိုက်ခင်း၊ စားမျိုးဟင်းနှင့်
အိမ်တွင်သန့်စင်၊ လေနေဝင်နှင့်
အင်အားမျှတ၊ ဗန်းမလှလည်း
စိတ်က မေတ္တာ၊ လက်မှာ စာဂ
နှုတ်က ဖြောင့်ရိုး၊ အနေရိုးမှ
သူ့ကျိုး . . . တို့ယ့်ကျိုး ထိုအိမ်မျိုး။



အခန်းရဲ့ ပန္နက်ဖွဲ့စည်းပုံကို ပြောပြဖို့မေ့နေသေးရဲ့။ ကျွန်တော်က 'အာခိတက်'ဖြစ်သဖြင့် ပန္နက်ဖွဲ့စည်းပုံတွေဘာတွေ ပြောလိုက်ခြင်း ဖြစ်သည်။ စင်စစ်၊ ကန်ထရိုက်တိုက်ဆိုတာ ခန်းမ (hall) ကြီးပါ။ နောက်ဖေးဘက်မှာ ရေချိုးခန်း အိမ်သာလေးဖွဲ့ပေးမယ်။ မီးဖိုခုံလေး ပါကောင်းပါမယ်။ ဒါပဲဖြစ်သည်။ ဒီမှာတော့ အိပ်ခန်းတစ်ခန်းစီ (မြေညီထပ်တစ်ခန်း၊ အပေါ်ထပ်တစ်ခန်း) ဖွဲ့ပေးထားသည်။ တောသစ်ပေါင်၊ သုံးထပ်သားခန်းဆီးနံရံဖြင့် ယာယီသဘောပါ။ ထိုဟောင်ကောင်တိုက်တစ်တိုက်လုံးတွင် အခန်းရှစ်ခန်းပါဝင်ပြီး၊ မိသားစုလေးစု နေထိုင်ကြသည်။ ကျွန်တော်တို့မိသားစုလေးပဲ အိမ်ငှားဖြစ်ဟန်တူသည်။ သဘော်သားမိသားစုနှစ်ခန်းနှင့် I.L.B.C ကိုယ်ပိုင်ကျောင်းမှ ဆရာမ မိသားစုတစ်ခန်း။

စွန်းလွန်းဂူကျောင်းလမ်းကလေးသည် နေချင့်စဖွယ်ဖြစ်သည်။ ကုန်းကမူလေးတွေ၊ ဆင်ခြေလျှောလေးတွေနှင့် နိမ့်လိုက်မြင့်လိုက်ရင်ခုန်စရာလေးဖြစ်ပြီး . . . အတန်ငယ်ကျယ်ဝန်းသည်။ သစ်ကြီးဝါးကြီး၊ ခြုံကြီးဝန်းကြီးတွေ ရှိသည်။ အိမ်ရှေ့ခြံထဲမှာ မန်ကျည်းပင်အကြီးကြီးတွေ ရှိသည်။ ဗျိုင်းအုပ်တွေ လာလာနားသည်။ စွန်းလွန်းဂူကမ္မဋ္ဌာန်းကျောင်းကြီးက လမ်း၏ဗဟိုလောက်တွင်ရှိသည်။ ထိုမှ . . . ကြေးစည်သံ၊ အုန်းမောင်းခေါက်သံ၊ ခေါင်းလောင်းသံ၊ ဆွဲလွဲသံ၊ တရားဓမ္မသံလေးတွေ ပျံ့ဝဲလာတတ်သည်။ အမေကြီးနှင့် အစ်မတွေ၊ နှမငယ်လေးက 'အေးချမ်းလိုက်တာ' ဟု ပြောသည်။

'အေးချမ်းလိုက်တာ' . . . ဟုပြောချိန်ပင် ရက်သိပ်ကြောခင် . . . အပေါ်ထပ်က လင်မယားတွေ မြန်မာ့လက်ဝှေ့ပွဲလို ထိုးသတ်ကြသည်၊ ဆူညံပွက်လောရိုက်ကြသည်။ ပထမထပ်တွင်နေသော ကျွန်တော်က သည်ဒဏ်ကို အခံရဆုံး။

ထိုကာလသည် ၂၀၀၂ ခုနှစ်ဝန်းကျင်ပဲဖြစ်မည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ကံဇာတာများ ဖျော့တော့နေသောအချိန်ဖြစ်သည်။ 'အာရှကျား' နိုင်ငံများနှင့် ကျွန်တော့်စီးပွားရေးလုပ်ငန်း ပတ်သက်နေသလားဟု ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားနေမိသည်။ ထိုမှ . . . ကမ္ဘာ့ရွှေဈေး၊ ကမ္ဘာ့ရေနံဈေး၊ ကိုခင်မောင်ဝင်းတို့၊ ကိုသောင်းတင်တို့ ဒီဇိုင်းသင်ယူရန် ဝင်ထွက်သွားလာကြသဖြင့် အိမ်တွင်တစ်ယောက်တည်း ခြောက်ကပ်ကပ်ကြီးမဖြစ်။ ပြီး . . . အောင်မြတ်စိုး၊ ဝါဝါမြင့်၊ ဝတ်ရည်၊ ဒွေးဒွေးလွင် . . . ဗိသုကာကျောင်းသူကျောင်းသားတွေ တဖွဲဖွဲရောက်လာသည်။ ကျွန်တော့်စိတ်ထဲတွင် သူတို့ကိုတပည့်လို့ မမြင်။ ဗိသုကာသူငယ်ချင်းတွေ တိုးလာသည်ဟု သဘောထားသည်။ ခုတော့ . . . သည်ဗိသုကာသူငယ်ချင်းအများစုလည်း ရေကြည်ရာ မြက်နုရာ . . .။

ယခုလို . . . စိတ်အား၊ လူအား၊ အားလပ်နေသောအချိန်မျိုးတွင် ရပ်ဝေးတွင်ရှိနေကြသော 'အာခီတက်' မိတ်ဆွေတချို့ကို သတိရမိပြန်သည်။ တိုကျိုမှ အန်ဒို၊ တိုယိုအီတို၊ မာကီ။ တာနီဂူးချိ။ လန်ဒန်မှ ရစ်ချတ်ရော်ဂျာ၊ နော်မယ်ဖော်ခတာ။ အမျိုးသမီးအာခီတက်ဇာဟာဟာဒစ်။ အမေရိကမှ ဖရင့်ဂယ်ရီ၊ ပီတာအိုက်စမန်း၊ အီဆိုဇာကီ။ ဆွစ်မှ စင်တီယားဂို ကာလာထရာဗာ။ သူတို့နေမှကောင်းရဲ့လား . . .။ အိပ်လို့ပျော်ရဲ့လား . . .။ ဘယ်လိုဗိသုကာဒီဇိုင်းတွေ စဉ်းစားနေကြသလဲ။ လူတွေနေဖို့ အိမ်ရာတွေလား၊ ကွန်ဒိုမီနီယမ်လား။ ဧကရာဇ်ရဲ့ နန်းတော်လား၊ ရဲတိုက်လား။ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းဖို့ ပြတိုက်ကြီးတွေလား။ ရုံးတွေ၊ စီးပွားရေးဆိုင်ရာ အဆောက်အအုံတွေလား။ လူတွေသွားလာရင်းနားခိုစရာဘူတာရုံတွေ၊ လေဆိပ်တွေလား၊ ဟိုတယ်လား၊ မိုတယ်လား။

သူတို့ဆီ . . . မနတ်ဖြန် အီးမေးလ်ပို့ကြည့်ဦးမှပါလေ။

■ ■ ■



# အသိုက် - ၉

[ ၁ ]

တစ်နှစ်တစ်ခါ . . .

ငှက်ကလေးတွေ အသိုက်အမြုံ ပြောင်းရွှေ့ကြသလား . . .။ မပြောင်းရွှေ့ကြဘူးလား။ ကျွန်တော် မလေ့လာဘူးပါ။ ကျွန်တော်ကွန်းခိုရာ စခန်းကလေးကိုတော့ တစ်နှစ်တစ်ခါ ကာလဒေသ ပြောင်းရွှေ့နေထိုင်ရပါသည်။ တေးသံရှင် ခိုင်ထူးက 'ပြောင်းလဲခြင်းနဲ့ လိုက်ရွှေ့ရမယ်၊ ပုံသေဆိုရင် နောက်ကျသွားပြီ . . .'လို့ တေးတစ်ပုဒ် သီကျူးဖူးပါသည်။ ဟုတ်ပါသည်။ ကျွန်တော့်ဘဝပေးအခြေအနေနှင့်တော့ တွက်တီ။ ကျွန်တော်က အမြဲရွှေ့နေရတဲ့ ရထားတစ်စင်းမို့သာ။ ခုလည်း ကြည့်လေ . . . ရွှေ့ရပြန်ပါပြီ။

မေမေတို့အဖွဲ့ကတော့ အိမ်ပြောင်းရွှေ့ရခြင်း ဝဋ်ဆင်းရဲမှကင်းဝေးသွားပြီ။ တာမွေ မေတ္တာညွန့်၊ အဝေရာအိမ်ယာမှာ

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခန်းဝယ်ဖြစ်သွားသည်။ တိုက်ခန်းကလေးက အသစ်စက်စက်။ အရပ်အခေါ် room type ဟု ခေါ်သည်။ ဧည့်ခန်း၊ ထမင်းစားခန်း၊ မီးဖိုခန်း၊ အိပ်ခန်း၊ ရေချိုးခန်းအိမ်သာ . . . စသဖြင့် စနစ်တကျဖွဲ့စည်းထားသည်။ သဘာဝလေပြည်လေညင်းကလေးတိုက်ခတ်သော အရသာလေး ထိတွေ့ခွင့်ရသည်။ အခန်းတိုင်းမှာလည်း သဘာဝအလင်းရောင်ဝါလေးတွေ ပြန့်ပြန့်ပြူးပြူး။ 'ကွန်ဒိုမီနီယမ်' နေထိုင်မှုပုံစံအလား သာယာလှပါဘိ။ အပြင်မှာ ဘယ်လောက်ပူနေပါစေ၊ သည်ခြောက်ထပ်တိုက်ကြီး၏ မြေညီထပ် အရိပ်အာဝါသကိုရောက်လျှင် ရင်ထဲအေးမြသွားသည်။ သည်မှာ ကွက်လပ်ကြီးပေးထားသည်။ ကွက်လပ်ကြီး၏ တစ်ဖက် တစ်ချက်စီမှာ ခြောက်ပေခန့်အကျယ် လှေကားနှစ်စင်း။ မြေညီထပ်မှာ မိသားစု 'လေး' ယူနစ်အတွက် ဖွဲ့စည်းပေးထားပြီး ကျန်ငါးလွှာမှာ မိသားစု 'ခြောက်' ယူနစ်အတွက် ပေးထားသည်။ စုစုပေါင်း မိသားစု '၃၄' ယူနစ်ကို တစ်ကမ္ဘာဖွဲ့ထားခြင်းဖြစ်သည်။ အဆောက်အအုံက ခြောက်ထပ်တိုက် တစ်လုံးတည်းဖြစ်သည်။ ဘေးပတ်ပတ်လည်မှာ မြေပိုဘာပိုလေးရှိသဖြင့် ကားပတ်လမ်းလေးရှိသည်။ တစ်ခန်းကို ကားတစ်စီးနှုန်း ကပ်ရပ်ရန် နေရာမရှိသော်လည်း ၁၅စီး၊ အစီး၂၀ကတော့ ချောင်ချောင်ချိချိ ရပ်နိုင် သား။ တိုက်ရှေ့မှာ အာသောက အပင်မြင့်မြင့်ကြီးတွေနှင့် အုပ်မိုးလို့ပေါ့။ နောက်မှာတော့ ရေတမာပင်တချို့။ အိမ်အဝင် တံခါးဘေးနားမှာ 'နမ်းပါလှည့်' . . . လိမ္မော်နီနီဝါဝါ ပန်းကလေးတွေက ဆီးကြိုလို့။ မျက်နှာစိမ်းဝင်လာလျှင်တော့ ယူနီဖောင်းဝတ်လုံခြုံရေးက နည်းနည်းမေး မယ်၊ သည်းခံ' . . .။

ပြောရဦးမည်။

တစ်မိုးအောက်ထဲမှာ အတူနေကြသော မိသားစုဝင် ငါးယောက်ရှိသည်။ မေမေရယ်၊ အစ်မနှစ်ယောက်ရယ်၊ ကျွန်တော်ရယ်၊ နှမလေးရယ်။ မေမေရယ်၊ အစ်မနှစ်ယောက်ရယ်က အငြိမ်းစားတွေပါ။



ကျွန်တော်နှင့် နှမလေးက ဉာဏလုပ်သားကြီးတွေဖြစ်သည်။ နှမလေးက လက်မှတ်ရစာရင်းကိုင် (ဘီကွမ်း၊ စီ-ပီ-အေ)။ ကျွန်တော်ကအကြီးတန်း လိုင်စင်ရအင်ဂျင်နီယာ (သို့မဟုတ်) ဟင်းလင်းကိုဂီတဖွဲ့ဆိုသူ (သို့မဟုတ်) အာခီတက်။

ကျွန်တော်တို့က စွမ်းအင်ကိုချွေတာ သုံးစွဲချင်သည်။ (energy saving) ဆိုပါတော့ . . .။ လောင်စာဆီကိုလည်း ချွေတာချင်သေးသည်။ 'အချိန်'ကိုလည်း ဖြုန်းတီးမပစ်ချင်။ အိမ်ခန်းမှာပဲ ရုံးခန်း အလုပ်ခန်းလုပ်လိုက်သည်။ ရုံးခန်းနားမှာပဲ၊ ဧည့်ခန်း အိပ်ခန်းရှိသည်။ ရုံးလည်းအိမ်၊ အိမ်လည်းရုံး (home-office)။

မောင်နှမနှစ်ယောက်မှာ ရုံးခန်းနှစ်ခန်းလိုသည်။ တစ်ခန်းက စာရင်းကိုင်၏ ရုံးခန်း။ တစ်ခန်းက 'အာခီတက်'၏ စတူဒီယို။ စာရင်းကိုင်၏ ရုံးခန်းမှာအခွန်အခတွေ၊ ကိန်းဂဏန်းတွေ ခုန်ပေါက်ပြေးလွှားနေသည်။ တစ်ပြားတစ်ချပ်လွဲမှားချ၍မရ။ တကယ်ကို တိတိကျကျ သေသေသပ်သပ် လုပ်ရသောအလုပ်။ လာရောက်ကြသော ကုမ္ပဏီပိုင်ရှင်များ၊ စီအီးအိုများ၊ မန်နေဂျာများ၊ စာရင်းကိုင်များ၊ စာရေးစာချီများကလည်း ဒေါ်လာပေါက်ဈေး၊ ရွှေဈေးအတက်အကျ၊ ငွေကြေးဖောင်းပွမှု၊ နိုင်ငံခြားသားဧည့်သည်အနည်းအများ၊ ကုန်စည်စီးဆင်းမှု၊ ဝယ်လိုအား ရောင်းလိုအား . . . ဒါတွေပဲ ပြောကြမည်။ သူတို့သည် နီလာရောင်၊ ကြည်ပြာရောင်နှင့် ပေဒါရောင်များကို ခံစားကြသူများမဟုတ်။ ကျွန်တော့် အနားလာရောက်ကြသော လုပ်ငန်းအပ်နှံသူများ၊ မိတ်ဆွေ သူငယ်ချင်းများကတော့ တစ်မျိုး။ ပေဒါရောင်လေးကိုပဲ အမျိုးမျိုး ခံစားကြည့်မည်။ နက်ပြာလေးဖောက်ထားသော ပေဒါ၊ ပန်းနုပေဒါ၊ အဖြူရောင်သက်သက်ဖောက် ထားသော ပေဒါ၊ ပေဒါနု၊ ပေဒါရင့်ရင့် . . .။ ရောခြံဂြိတနှင့် တရေး မမှုရိပ်သာတို့နှစ်ခု ယှဉ်တွဲထား၍မဖြစ်နိုင်။

www.burmeseclassic.com

www.burmeseclassic.com



[ ၂ ]

သို့ဆိုလျှင် . . .

ကျွန်တော် အိပ်စက်ဖို့ ကျောတစ်ခင်းစာလိုသည်။ အလုပ်ခန်း (စတူဒီယို)လုပ်ဖို့ အမိုးအကာရှိသော ဇရပ်တစ်ခုစာလိုသည်။ သွားရလာရလွယ်ကူပြီး၊ အိမ်ငှားခသင့်တင့်သော ကမာရွတ်မြို့နယ်၊ လှည်းတန်းတစ်ဝိုက်ကိုပဲ မောင်နှမတစ်တွေ အာရုံကျကြသည်။ စတူဒီယို နှင့် လူနေခန်းတွဲလျက် home-office လုပ်မည်စိတ်ကူးသည်။ အဝေရာ အိမ်ရာလို room type ထည်ထည်ဝါဝါကြီးတော့ မငှားနိုင်။ စကေး အသေးစား room type လေးပဲဖြစ်မည်။

ရန်ကုန်၊ ကမာရွတ်မြို့နယ်တွင် ပြည်ရိပ်မွန်အိမ်ရာ စီမံကိန်း လေးခုရှိသည်။ ပြည်လမ်းမကြီးနှင့် နာနတ်တောလမ်းထောင့်နား တွင် ပြည်ရိပ်မွန်တစ်ခုရှိသည်။ 'ဝဂ္ဂီ' ပြည်ရိပ်မွန်ဟု လူသိများသည်။ တစ်ချိန်က တဲပေါ်မှတိုက်ပေါ်သို့တင်ခဲ့သော စီမံကိန်းများဖြစ်သည်။ အာစီ ရှစ်ထပ်တိုက် တိုက်ခန်းတွဲကြီးများဖြစ်သည်။ နောက်တစ်ခုက ဗဟိုလမ်းမနှင့် နာနတ်တောလမ်း ခုံကျော်တံတားအနီးမှာဖြစ်သည်။ ဗဟို လမ်းမှ အတွင်းဖက်သို့အနည်းငယ်ဝင်ရသည်။ ယခင်အထေွထွေ (ဆင်မလိုက်) ဝင်းနားမှာ ပြည်ရိပ်မွန်တစ်ခု။ နောက်ဆုံးတစ်ခုကတော့ လှည်းတန်းလမ်းမှ ခုံကျော်တံတား ဘေးနားမှာဖြစ်သည်။

အဝေးမှကြည့်လျှင် လူနေအိုးအိမ်တိုက်တာများနှင့် သိပ်မတူ။ ကုန်းကမူပေါ်တွင် ယမ်းမီးခြစ်ဗူးလေးတွေ ထောင်ထားတာနှင့် တူသည်။ မီးခြစ်ဗူးဆိုတာတောင် သုံးပြီးသား မီးခြစ်ဗူး အဟောင်းအနွမ်း လေးတွေပုံ . . .။ တိုက်တာများမှာ ဆောက်လုပ်ပြီးတာသိပ်မကြာသေး သော်လည်း လူငယ်ခြေကျသဖွယ် အိုမင်းစပြုနေသည်။ အနီးကပ်ကြည့် တော့ အမာရွတ်တွေ၊ ဝက်ခြံဖုထစ်တွေ၊ အသားအရေ ကြမ်းထော်တာတွေ အထင်းသားပို၍ ပေါ်လွင်လာသည်။ သည်တုန်းက ဗဟိုလမ်းမှအိမ်ရာသို့



ဝင်ရာ လမ်းနှစ်သွယ်မှာ 'ကျူ'တွေကလည်း လက်စလက်နရှိသေးရဲ့၊ အမှိုက်ပုံကြီးကလည်း ပုပ္ပါးတောင်အလား။ ရှစ်ထပ်တိုက် ပြည်ရိပ်မွန်ကြီး တစ်ခုက အဝင်လမ်းမကြီးကို ကျောပေးလျက်၊ မီလ္လာပိုက်တွေ၊ ရေပိုက် တွေ၊ မီးဖိုချောင်မှ မီးခိုးငွေ့တွေ၊ နံရံဆေးသား မွဲခြောက်ခြောက် ကွက်ဘိ ကွက်ကျားတွေ၊ ဝါးလုံးတန်းမှာ တွဲလွဲခိုနေသည့် အဝတ်အစားတွေကို မြင်ရသည်မှာ မွဲတေဆင်းရဲလှသော မုဆိုးမတစ်ယောက်၏ ကျောခုံး ညှိုမဲမဲကြီးကို မြင်ရသည့်နှယ် . . .။

သို့သော် . . . သည်ထက်တောက်ပြောင်သောတိုက် ခန်းကို ငှားရမ်းနေထိုင်ရန် ကျွန်တော့်မှာ ငွေစကြေးစ အလုံအလောက် မရှိ။ သည်လိုအခန်းမျိုး ငှားရမ်းပစ်ဖို့တိုပင် နှမငယ်က ကျားကန်ပေးထား ခြင်းကြောင့်ဖြစ်သည်။ သည်အိမ်ရာကြီးက အိမ်ရှေ့မျက်နှာစာဖက်က ကြည့်ပြန်တော့လည်း ကြည့်ပျော်ရှုပျော်မရှိ။ အိမ်နောက်ဖေးလိုလို ဘာ လိုလို။ အိမ်ရှေ့နှင့် နောက်ဖေးပုံစံသည် ထင်းရှူးသေတ္တာမှောက်ထား တာနှင့် မီးခြစ်ဗူးထောင်ထားတာမျိုးဖြစ်နေသည်။ မေ့လို့ . . . သေတ္တာမှာ အပေါက်တော့ဖောက်ထားသည်။ စာပေမှာ ဖတ်ဖူးတာကြာပြီဖြစ်တဲ့ 'တွန်ကရိသေတ္တာကြီးတွေ' ဆိုတာ ဒါမျိုး ထင်ပါရဲ့. . .။

ရှေးလူကြီးတွေကတော့ 'အိမ်လာ ယာစုတ်'ဟု ပြော ကြတတ်သည်။ အိုးအိမ်တွေ ထူထောင်၊ တိုက်တာတွေ တိုးပွားဝေစည်လာ သောအခါ စိုက်ခင်းတွေ၊ ယာခင်းတွေ ကျုံ့ကျုံ့သွားသည့်သဘော . . .။ တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းဆိုသည်ကတော့ လောကနိယာမပဲ ဖြစ်မည်။ ဘာပဲဖြစ်ဖြစ် တဲအိမ်ကလေးနှင့် မီးရေးထင်းရေးပူရပန်ရနေရ သည့် ဘဝကနေ တိုက်ကြီးတာကြီး နှင့်နေရသည်ဆိုတာကတော့ ဝမ်းသာ စရာပါ။ တကယ်တော့ . . . မြေကွက်တန်ဖိုး မြင့်မားလှသော ကမာရွတ် နယ်မြေတွင် ဒီဗလော့ပါ (developer)တွေက တူတူတန်တန်အဆောက် အအုံတွေ (quality building)ထားရစ်ခဲ့သင့်သည်။

www.burmeseclassic.com



[ ၃ ]

ပြောလက်စနှင့် . . . ပြည်ရိပ်မွန်တိုက်ခန်းလေး အကြောင်းပဲ ပြောချင်နေသေးသည်။ ပထမထပ်တွင် ငှားရမ်းဖြစ်သည်။ ဧရိယာဝတုရန်းပေ ၇၀၀ ခန့် ကျယ်ဝန်းမည်ထင်သည်။ အဝင်သည် ခန်းမ ကျယ်ဖြစ်သည်။ ၁၂'× ၂၀' ခန့်ရှိမည်။ ဧည့်ခန်းနှင့်ထမင်းစားခန်းအတွက် ရည်ရွယ်၍ အခန်းကျယ်ဖွဲ့ပေးသည်။ ယှဉ်လျက်အိပ်ခန်းနှစ်ခန်း ရှိသည်။ ဧည့်ခန်းမမှတည့်တည့်ဝင်လျှင် မီးဖိုဆောင်၊ ရေချိုးခန်းနှင့် အိမ်သာ သီး သန့် ခွဲခြားထားသည်။

ဧည့်ခန်းမတွင် ၄'×၄' ပတ်လည်ရှိသော အလျူ မီနီယမ်ပေါင်နှင့် မှန်လျှောပြတင်းတစ်ချပ်ရှိသည်။ အိမ်ရှေ့ဘက်အိပ်ခန်း တွင်လည်း၊ ၄ပေပတ်လည် မှန်ပြတင်းတစ်ပေါက်ဖောက်ထားသည်။ နောက်ဖေးအိပ်ခန်းမှာတော့ သစ်သားပေါင်နှင့် မှန်ပြတင်း။ မီးဖိုဆောင် တွင် သစ်သားပေါင်နှင့် မှန်ပြတင်းနှစ်ချပ်။ အိမ်သာခန်းမှာ မှန်လည်တစ် ပေါက်။

အခန်းက ဗဟိုလမ်းကို ကျောပေးထားသည်။ နောက် ဖေးတွင် တိုက်တာအိမ်ရာမရှိ (တော်ပါသေးသည်)။ အနောက်တောင် မုတ်သုံလေပြေအေးဦးက ကျွန်တော့်အိပ်ရာနားကို တစ်ချက်တစ်ချက် ခြေဦး လှည့်လာတတ်သည်။ လေပြည်နှင့်အတူ ကန်တော်မင် ဘုန်းတော်ကြီး ကျောင်းမှ အရုဏ်တက်အုန်းမောင်းသံက အိပ်မက်မှ နိုးထစေသည်။

ကျွန်တော်သည် မိုးတိမ်တို့နူးဆွတ်ချင်သူလား . . . လမင်းကို နူးဆွတ်ချင်သူလား . . .။ သစ်သီးကို နူးဆွတ်ချင်သူလား. . . 'မွန်ဒရီယွန်' ရဲ့ ပန်းချီကားကို နူးဆွတ်ချင်သူလား . . .။ 'ရိုဒန်'ရဲ့ ပန်းပုကို နူးဆွတ်ချင်သူလား . . .။ မောင်ချောနွယ်ရဲ့ကဗျာတစ်ပုဒ်ကို နူးဆွတ်ချင်သူလား . . . ကျွန်တော့်ကိုယ်ကျွန်တော် မသိပါ။ သူများတွေ လည်းသိမည်မထင်ပါ။ 'ည'ကလည်း အဖော်မပါဘူး၊ 'လမင်း'လည်း



တစ်ယောက်ထဲရယ်။ ကျွန်တော်ကတော့ ထုံးစံအတိုင်း တစ်ကိုယ် တော်. . .။ ကေစာရီ နေထိုင်ခြင်း။ **'အိပ်၍မပျော်သော ညတစ်ည သံသရာအလယ် . . လေသာပြတင်းနံဘေးဝယ် . . .'** ၁နွယားလှုထွင်ရို တေးသွားတစ်ပိုဒ်က နှင်ထုတ်၍လည်းမရ။

သည်တစ်ည ကျွန်တော်သည် အခန်းတစ်ခန်းမှာ အိပ်မောကျနေသလား။ ဂူတစ်ခုအတွင်းမှာ မှေးစက်နေသလား။ ကျွန်တော်သည် ကမ္ဘာဦးလူသားတစ်ဦး မဟုတ်တာတော့ အသေအချာသိ နေသည်။ ကျွန်တော်နေထိုင်သောကာလကို ၂၁ ရာစုဟု လူအများ အ တည်ပြုပြီးဖြစ်သည်။ ကျွန်တော်နေထိုင်သောနေရာသည်လည်း သဘာဝ ဂူတစ်ခု မဖြစ်နိုင်။ ချိန်ကျမျဉ်းကျ ထောင့်မှန်ကျတွေ ဆောက်ထားသည်။ (နည်းနည်းပါးပါး ရွဲ့တာစောင်းတာတော့ရှိမည်။) ကိစ္စမရှိ။

ရသပညာရှင် ဟားဘတ်ရိဒ် (Herbert Read) ပြောခဲ့တာကို အမှတ်ထင်ထင်ရှိသည်။ **'သိပ္ပံပညာရှင်က လူတွေကို ကမ္ဘာကြီးနဲ့ချီလာအောင် လုပ်ပေးတယ်။ အနုပညာသမားကတော့ လူတွေကို ကမ္ဘာကြီးနဲ့ချစ်လာအောင် လုပ်ပေးတယ်'** . . . တဲ့။ သူ့အ ပြောက လှပလွန်းသည်။

ကျွန်တော်က အနုပညာသမား။ လူတွေကို ကမ္ဘာ ကြီးနှင့်မုန်းအောင်မလုပ်။ ချစ်အောင်လုပ်မည့်သူ။ ကျွန်တော်က 'အာခီတက်'။ လူတွေကို အဆောက်အအုံတွေနှင့် ချစ်အောင်လုပ်မည့်သူ။ မနက်မှာ ကျွန်တော့်ရဲ့ ဆေးသုတ်ဆရာ (painter)ကို ခေါ်မည်။ အခန်းကို ပန်းချီ ကားတစ်ချပ်လို ဆေးရောင်စုံခြယ်သဖို့လိုသည်။

[ ၄ ]

စိတ်ချ . . .။

ဆရာဦးလှမြင့် (ကထိက၊ ဗိသုကာဌာန)သာ သက်ရှိ

www.burmeseclassic.com

www.burmeseclassic.com



ထင်ရှား မှိုနေလျှင် ကျွန်တော် ခေတ္တခဏကွန်းခိုရာနေရာကလေးသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပေဦးမည်။ ပြီးလျှင် ပြောဦးမည်။ 'မင်း ဘယ်လိုလုပ်ပြီး ဒီနေရာမှာလာနေတာလဲ' . . . လို့ ပြောဦးမည်။ တကယ် လည်း ဟုတ်သည်။ အာခီတက်တစ်ယောက်၏ စတူဒီယိုနှင့်နေအိမ်သည် သည်လိုလူသူအသိနည်းသော နေရာမျိုး၊ သည်လို အိမ်ရာမျိုးမဖြစ်သင့်ပေ။

အခါတစ်ပါးဝယ် . . . ထည်ဝါခြင်း အလျှင်းကင်းမဲ့သော ပြည်ရိပ်မွန်အိမ်ရာတွင် အာခီတက်တစ်ယောက် ယာယီကွန်းခိုဖူးသည်ဟု မှတ်သားထားလျှင်ရသည်။ ဖရင့်ဂယ်ရီ (Frank Gehry) ဆိုသော အမေရိကန် 'အာခီတက်' တစ်ယောက်ရှိသည်။ သူက အပေါစားဆောက်လုပ်ပစ္စည်းတွေဖြစ်သည့် Chain Link ခြံစည်းရိုး၊ အထပ်သား၊ လှိုင်းပါသောသတ္တုပြားတွေနှင့် အိမ်ဆောက်သည်။ ပတ်ဝန်းကျင်ကသူ့ကို ဝိုင်းဝန်းရှုံ့ချသည်။ နောက်တော့ သူကကမ္ဘာကျော် ဖြစ်လာသည်။ ပို့စ်မော်ဒန်၊ ဒီကွန်စထရပ်တစ်ဗစ်ဇင်ခေတ်၏ လမ်းပြကြယ်ပွင့်ထဲ သူပါသည်။

ကမ္ဘာကျော် အာခီတက်တွေ ဘယ်လိုအိမ်တွေနှင့် နေထိုင်ကြသလဲ . . .။ သူတို့၏ရုံးခန်းက ဘယ်လိုအနေအထားလဲ ဆိုတာတွေသည် ကျွန်တော့်စိတ်ဝင်စားမှုတွေထဲက တစ်ခုဖြစ်သည်။ Paul Rudolph ။ သူက ကမ္ဘာကျော်အာခီတက်ပါပဲ။ နယူးယောခ်မှာ Rudolph အိမ်ကို ၁၉၉၇က ဆောက်သည်။ home-office ။ ရုံးနှင့်အိမ်နှင့်တွဲလျက်။ လေးထပ်အဆောက်အအုံ။ လေးထပ်ကို တိုးယိုဖောက်ထားသည်။ transparency and verticality ဟုပြောသည်။

မြန်မာအာခီတက်ဆရာတွေ၏ အိမ်တွေကို နည်းနည်းပြောပြပါမည်။ ဒေါက်တာမောင်ကျော် (တွယ်လွှန်၊ ဗိသုကာဌာနမှူး)၏အိမ်သည် မလှမပ။ ဆရာဦးလှမြင့်၏ အိမ်သည်လည်း မကြွမရွ။ ဆရာဒေါက်တာလွင်အောင် (ဒု-ပါမောက္ခချုပ်၊ ငြိမ်း)၏ အိမ်ကိုတော့ ကျွန်တော်



အသေအချာမသိ။ မြန်မာကျော် ဆရာခင်မောင်ရင်အိမ်ကတော့ သွပ်မိုးပျဉ်ကာ သစ်ထည်လေး။

တွန်တော့်အိမ်ကတော့ . . .
သိကြတဲ့အတိုင်း
mobile ။

■ ■ ■

www.burmeseclassic.com



# အသိုက် - ၁၀

[ ၁ ]

မှန်ရာကို ဝန်ခံရလျှင် . . .

ကျွန်တော်သည် **'တက္ကသိုလ်ကျောင်းက ငွေလမင်း'** သီချင်းဖြင့် သီဆိုတောက်ပခဲ့ဖူးသော တေးသံရှင်'ချိုပြုံး'၏အိမ်ရှေ့သို့ တစ်ခါမျှဖြတ်မလျှောက်ခဲ့ဖူးသလို . . . ငြိမ်းချမ်းရေးနိဗ္ဗာန်ဆုရှင် 'အိုဘားမား'၏ အိမ်ဖြူတော်တစ်ဝိုက်သို့လည်း ယောင်လို့မျှ ခြေဦး မလှည့်ခဲ့ဖူးပါ။ ကျွန်တော် ဖြတ်သန်းသွားလာခဲ့ဖူးသည်သာ . . .။

ရန်ကုန်အရှေ့ပိုင်းက သိမ်ဖြူလမ်း (သို့မဟုတ်) ခရေလမ်း၊ ဗိုလ်မြတ်ထွန်းလမ်း (ခရစ်လမ်း) (သို့မဟုတ်) ဒိတောက်လမ်း များပဲဖြစ်သည်။ ကျွန်တော်၏ ငယ်နုစဉ်ဘဝ လွမ်းမောစရာတွေထဲမှာ သည်ခရေပင်ကြီးတွေ၊ သည်ပိတောက်ပင်ကြီးတွေပါသည်။ အနော်ရထာ လမ်းမကြီး၊ ဗိုလ်ချုပ်အောင်ဆန်း လမ်းမကြီး၊ ရေကျော်လမ်းမကြီးတွေလည်း

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ငယ်သူငယ်ချင်းတွေဖြစ်သည်။ ယုဇနလမ်း၊ မဟာဗေယျလမ်း၊ အိမ်ကြီးလမ်း. . . အမည်နာမနှင့် လမ်းသွယ်အကွေ့အကောက်လေးတွေကလည်း ကျွန်တော့်ငယ်ဖော်။ ၄၅၊ ၄၆၊ ၄၇၊ ၄၈ . . . ကိန်းဂဏန်းနှင့် လမ်းသွယ်တွေက ငယ်ပေါင်းကြီးဖော်။

အနုပညာသမိုင်းစာမျက်နှာတွေထဲမှာ ရန်ကုန်အရှေ့ပိုင်း ရှိသည်။ လမ်း ၅၀ မှာ သပြေ၊ စန္ဒာ၊ ဖြူနီညိုပြာမဂ္ဂဇင်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမှာ 'မိုးဝေ'၊ ၄၇ လမ်းမှာ ပေဖူးလွှာ၊ ၄၅ လမ်းမှာ မဟေသီ၊ ပိတောက်ပွင့်သစ်၊ ချင်းတွင်း၊ သိမ်ဖြူလမ်းသွယ်မှာ နွယ်နီ၊ အနော်ရထာ လမ်းမကြီးပေါ်မှာ သီဟရတနာပုံနှိပ်တိုက် (ယခု ပါရဂူဆေးခန်း) နှင့် နာမည်ကျော်စာရေးဆရာမကြီး ဂျာနယ်ကျော်မမလေး၏ ရုံးခန်း (တိုင်းရင်းဆေးကုသခန်း) ရှိသည်။ ဆရာမကြီးက သည်မှာ လုပ်ငန်းလုပ်ကိုင်ရုံသာ ရုံးခန်းသက်သက် . . .။ မနက်ခင်း အလုပ်လာပြီး၊ ညနေခင်း ဘောက်ထော်အိမ်သို့ပြန်သည်။ ငယ်ငယ်က ကိုယ့်လိပ်စာကို ဂျာနယ်ကျော်မမလေးတိုက်ခန်း၏ သုံးခန်းကျော်မှာနေသည်ဟု လိပ်စာပေးရတာကို အရသာရှိလှသည်။

ရန်ကုန်အရှေ့ပိုင်းသည် တရံတခါဆီက အနုပညာကြယ်ပွင့်တွေ တော်တော်လင်းလက်ခဲ့ဖူးသည်။ တစ်ဆောင်းသစ်ပြန်ပြီ၊ မေတ္တာကမ္ဘာမှားဖြင့် မခြားလိုတယ်၊ ဥဿာလှိုင်ထိပ်ထား . . . ကာလပေါ် သီချင်းနွေးနွေးအေးအေးလေးတွေနှင့် ဟိုးလေးတကြော်ကြော် ဖြစ်ခဲ့ဖူးသော တေးသံရှင် ကိုသန်းလှိုင်တစ်ယောက်လည်း ၄၇ လမ်းမှာနေထိုင်သည်။ သူက ယဉ်ကျေးမှုဝန်ကြီးဌာနက အရာရှိတစ်ဦး။ သူတို့နေထိုင်ခွင့်ရသော အရာရှိရိပ်သာကြီးက ထုကြီးထည်ကြီးနှင့် ကိုလိုနီခေတ်ဗိသုကာလက်ရာ ဟန်ပန်မျိုး။ ၃ ထပ်တိုက်၊ တိုက်ခန်းနံရံများကို ပလာစတာအချောကိုင်မထား၊ ပကတိ အုတ်နီခဲရောင်ရဲရဲ။

၄၆ လမ်း (အလယ်ဘလောက်)ဘက်မှာတော့



တေးရေး ရဲသီဟကိုတင်အောင် နေထိုင်သည်။ ထိုနေရာသည်လည်း နှစ်ထပ်တိုက် ဝန်ထမ်းအိမ်ရာများဖြစ်သည်။ ဗိုလ်မြတ်ထွန်းနှင့် အနော်ရထာလမ်းထောင့်တွင် ညောင်ပင်အိုကြီးတစ်ပင်ရှိသည်။ ထိုညောင်ပင်ကြီးအနီးနားမှာ ရုပ်ရှင်သရုပ်ဆောင်ကြီး ဦးဘချစ်၏ မြေညီထပ်အခန်း ရှိသည်။ သည်အနားမှာပဲ စာရေးဆရာကြပ်ကလေးလည်း ခေါင်းချသွားသည်။ ပြီးတော့ . . . ၄၇ လမ်းမှာ သရုပ်ဆောင်ကြီးမျိုးချစ်နှင့် ခင်အုန်းမြင့်တို့၏ နှစ်ထပ်တိုက်ပုပုလေးရှိသည်။ ၄၈လမ်းနှင့် ဗိုလ်ချုပ်လမ်းထိပ်ဘက်သို့ သူငယ်ချင်းတစ်သိုက် ဖြတ်လျှောက်ကြလျှင် ထောင့်ခန်း၊ ပထမထပ်မှ စန္ဒယားချစ်ဆွေ၏ စန္ဒယားလက်သံ၊ (သို့မဟုတ်) မိုးသီးမိုးပေါက် ကြွေသံများကို ကြားရတတ်သည်။ ရေကျော် မဟာဗေယျလမ်းက တစ်ထပ်တိုက်လေးကို သူငယ်ချင်း တစ်ယောက်က 'ဒါ . . . မင်းသားကြီး မြတ်လေးရဲ့အိမ်ပေါ့' . . . ဟု လက်ညှိုးထိုးပြဖူးသည်။ သို့ရာတွင် . . .

ကျွန်တော်သည် နာမည်ကြီး 'ရက်ပ်' အဆိုတော်တစ်ယောက်၏အိမ်ကို မရောက်ဖူးသလို၊ 'ရော့ခ်' အဆိုတော်တစ်ယောက်၏ အိမ်ကိုလည်း အလည်အပတ် မရောက်ဖူးသေးပါ။

[ ၂ ]

ကျွန်တော် . . . ချောင်းပေါက်အောင်လျှောက်ခဲ့ဖူးသည်ကတော့ အာခီတက်(ဗိသုကာ)ဆရာများ၏ အိမ်တွေပဲဖြစ်သည်။ ပန်းကလေးတွေက ရာသီဥတုနှင့်အလိုက်သင့် ပွင့်လာရသလို အာခီတက်ဆရာများ၏ အိမ်တွေကလည်း ဇာတ်ဆရာတံဘရာ၏ စိမ်းသောအခြေအနေနှင့်အတူ လှလှပပလည်း ရှိနိုင်သည်။ မလှမပသည်း ရှိနိုင်ပါသည်။

အာခီတက် ဆရာ L.I'၏ အိမ်ကြည့်ပါ။ ဆရာ့ အိမ်ကလေးက ဘာမျှမဆန်း။ အရပ်ထည်ပိုရိုးလေးပါ၊ အိမ်ခြံဝင်းလေးက

www.burmeseclassic.com



အလျားပေ ၇၀၊ အနံ ပေ ၅၀ခန့် ရှိပါသည်။ ခြံဝင်း၏ နောက်ဖေးဘက်ကို ကပ်ပြီး နှစ်ထပ်ပျဉ်ထောင်သွပ်မိုးဆောက်ထားပါသည်။ တကယ်တော့. . . အိမ်၏နံရံကိုပတ်ပတ်လည် ပျဉ်ပြားများ အပြည့်အဝ ကာရံထားသည် လည်းမဟုတ်ပါ။ အောက်ထပ်တွင် ရေချိုးခန်း၊ အိမ်သာ၊ မီးဖိုခန်းတို့သာ အကာအရံပါပြီး၊ ကျန်နေရာများမှာ အခန်းဖွဲ့မထားသေးပါ။ ခြေတံ ရှည်ရှည် ကရင်ရိုးရာ အိမ်ကလေးနှင့်ပင် တူနေတော့သည်။ အပေါ်ထပ်နံရံ ကိုလည်း ပျဉ်ပြားရယ်ဘာရယ် တောင့်တောင့်တင်းတင်း ကာရံထားသည် လည်းမဟုတ်။ အဆောက်အအုံ၏ ခိုင်ခံ့မှုသဘောကို ဆရာမသိ၍ မဟုတ် ပါ။ ဆရာသိပါသည်။ ဆရာသည် ကျွန်တော်တို့ ဗိသုကာပညာသင်ယူ စဉ်က ဆောက်ဖွဲ့ချက် (structure) ဘာသာရပ်ကို ပို့ချပေးသော အရည် အချင်းပြည့်မီဆရာကြီးတစ်ဦး ဖြစ်ပါသည်။ သို့သော် . . . အိမ်တစ်လုံးကို တူတူတန်တန်တည်ဆောက်ရန် တည်ဆောက်မှုနည်းပညာ တတ်ကျွမ်းရုံ နှင့်မလုံလောက်ပါ။ ဖူလုံသော ရံပုံငွေရာထားမှုရှိရပါမည်။ သစ်သား တစ်ပေရှည်လာလျှင် တစ်ပေဖိုး ပိုမိုကုန်ကျ၍ ဘိလပ်မြေတစ်အိတ်ပိုလျှင် တစ်အိတ်ဖိုး ကိန်းဂဏန်းတိုးလာပါမည်။ 'ပန်းပဲသမား ဓားကောင်းမကိုင်ရ' ဆိုသော စကားပုံလို၊ ဗိသုကာဥယျာဉ်မှူးဆရာသမားတစ်ယောက်က နုံချာ သောအိမ်ကလေးနှင့် 'လေတိုးလို့ယိုင်' နေထိုင်နေရပါသည်။ ကျွန်တော် ကတော့ ဟိုသီချင်းလေးထဲကလို 'လွမ်းတေးတွေသီဆိုပြီး ကိုယ်ဆုတောင်း နေမယ်' . . . လို့ပဲ . . .။

နောက်ပိုင်းမှာတော့. . . ဆရာရဲ့ကံဇာတာရေပြင် ကျယ်ပြောမြင့်မားလာရာ အောက်ထပ်ကို ၄ လက်မခွဲထု၊ အုတ်တစ်လွှား ကာရံနိုင်ပါသည်။ လိုအပ်သော ပြုပြင်မွမ်းမံမှုတွေလည်း နည်းနည်းပါးပါး လုပ်နိုင်လာပါသည်။ ဆက်၍ . . . အိမ်ရှေ့ပိုင်း မြေနေရာလွတ်တွင် ဆရာ့သားကြီးတို့ လင်မယားနေထိုင်ရန် နှစ်ထပ်အုတ်ညှပ်တိုက်ကလေး (၁၅ ပေ၊ ၃၀ ပေခန့်) ထပ်မံ တည်ဆောက်ပါသည်။ ထိုအိမ်၏ ဧည့်ခန်း



ကျဉ်းလေးသည် ဆရာမကွယ်လွန်ခင် ဆရာနှင့်ကျွန်တော်တို့တပည့်တွေ အပန်းဖြေကြသော သောင်ကမ်းတစ်ခုဖြစ်ခဲ့ပါသည်။

ဆရာလုပ်ချင်ခဲ့သော၊ ဗိသုကာဒီဇိုင်းတွေရေးဆွဲချင် တာ၊ ကြီးကြပ်တည်ဆောက်ချင်တာ Convention Centre ကွန်ဗင်းရှင်း စင်တာကြီးတွေ၊ ခန်းမကျယ်ကြီးတွေ၊ အားကစားရုံကြီးတွေ၊ အထပ်မြင့် အဆောက်အအုံတွေ၊ ရေကူးကန်ကြီးတွေ . . . စသဖြင့် ကြီးကြီး ကျယ်ကျယ် စီမံကိန်းကြီးတွေပါ။ သို့သော် . . . ဆရာလိုအင်ဆန္ဒမပြည့်ခဲ့ ရှာပါ။ အာခီတက်သည် ပန်းချီကားတစ်ကားရေးဆွဲသလို ကင်းဗတ်စနှင့် ဆေးရောင်စုံ၊ စုတ်တံရှိရုံနှင့် 'ပရိုဂျက်'ကြီးတစ်ခု ရေးဆွဲလို့၊ တည်ဆောက် လို့ မရနိုင်ပါ။

ဆရာ L.1 ဆိုတာ . . . ရန်ကုန်စက်မှုတက္ကသိုလ် ဗိသုကာဌာနမှာ ကထိကရာထူးအဖြစ် နှစ်ပေါင်းများစွာလုပ်ကိုင်ခဲ့သော ဆရာဦးလှမြင့်ပါ။ ကွယ်လွန်ခဲ့တာ . . . ၁၀ နှစ်နီးပါးရှိပါပြီ။ ဆရာသည် နတ်ပြည်ကိုရောက်နေပြီလား . . . ကျွန်တော်မသိနိုင်ပါ။ အကယ်၍သာ နတ်ပြည်မှာ 'နတ်အာခီတက်' ဖြစ်နေပြီဆိုလျှင် ဆရာသည် ခေတ်မီ ဆန်းသစ်သောနတ်ဘုံနတ်နန်း၊ နတ်ပြာသာဒ်တွေ တည်ဆောက်နေမှာ မလွဲပါ။

[၃]

ဆရာ L.2 နှင့်တွေ့လျှင် မေးမြန်းရန်မေးခွန်းဇာချို့ ကျွန်တော့်တွင်ရှိနေပါသည်။ အခြားမဟုတ်ပါ။ လူနေအိမ်နှင့်ပင် ပတ်သက်ပါသည်။

'ထိုင်းရိုးရာအိမ်တစ်လုံးဟာ ကိုယ်ခန္ဓာ သက်တောင့် သက်သာဖြစ်မှုထက် စိတ်ဓါတ်အရသာ သတ်တောင့်သက်သာဖြစ်မှုကို ဦးစားပေးတယ်' . . . ဟု ထိုင်းအနုပညာရှင် 'သဝန်ဒါချန်နီ'က ပြောဖူး

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ဆရာ L.2 ကို မေးချင်သော မေးခွန်းမှာ 'မြန်မာရိုးရာအိမ်တွေမှာ ကိုယ်သက်သာမှုနှင့် စိတ်သက်သာမှုနှစ်ခုမှ ဘယ်လိုသက်သာမှုကို ဦးစားပေးသလဲ' . . . ဆိုသည့် မေးခွန်းပဲ ဖြစ်ပါသည်။ ဆရာ L.2 က ရဟန်းဘောင်ဝင်ကာ ဗုဒ္ဓအရိပ်ကို ကွန်းခိုနေတာ ၅ဝါခန့်ရှိပါပြီ။ ယခုလည်း အဝေးကြီးက မြိတ်ဒေသ တောရရိပ်သာတစ်ခုမှာ . . .။

ဆရာ . . . သာသနာ့နယ်မြေသို့ မသွားခင်က (ဒု-ပါမောက္ခချုပ်မှအငြိမ်းစားယူပြီး) ကမာရွတ်၊ လှည်းတန်းမီးပွိုင့်အနီး၊ အနော်ရထာအိမ်ရာ မြေညီထပ်တွင် ဆရာ့ဇနီးနှင့် (တဲအုပ်ပျက် မဟုတ်ပါ) နှစ်ယောက်ထဲနေထိုင်ပါသည်။ 'ချစ်တာပမာန' သီချင်းလေးထဲမှာ 'တူနှစ်ကိုယ်တဲအိုပျက်မှာနေရ၊ ချစ်တာ . . . ချစ်တာပမာန'လို့ ဆိုပါသည်၊ တကယ်ပါ။ ဆရာတို့က 'တူနှစ်ကိုယ်' နေတာပါ။ တစ်ဦးတည်းသော သားရှိရာ၊ တစ်အိုးတစ်အိမ် ထူထောင်နေပါသည်။

ဆရာတို့နေထိုင်ရာ အခန်းကလေးသည်ပင်လျှင် ဆရာတို့ကိုယ်ပိုင်အခန်းမဟုတ်ဟု ဝမ်းနည်းဖွယ်ကြားသိရပါသည်။ ဆရာ့တပည့် အာခီတက် တစ်ယောက်မှ အိမ်ငှားနေထိုင်ခ ငွေကြေးမယူဘဲ၊ မေတ္တာဖြင့် ဆရာတို့ကို ဂုဏ်ပြုနေထိုင်စေခြင်းဖြစ်သည်ဟု ကြားသိရပါသည်။ ဆရာ့မှာ ကိုယ်ပိုင်ခြံမြေ၊ ဥယျာဉ်၊ တိုက်တာပိုင်ဆိုင်မှု ရှိသလား၊ မရှိဘူးလား . . . ကျွန်တော် မသိပါ။ အကယ်၍သာ ဆရာတို့မှာ ကိုယ်တိုင် ဗိသုကာဒီဇိုင်း ရေးဆွဲထားသော၊ ကိုယ်ပိုင်အိမ်ကလေးရှိလျှင် ကျွန်တော် သွားရောက် ကြည့်ချင်ပါသေးသည်။ ဆရာ့ရဲ့ ဗိသုကာလက်ရာနှင့် ဆရာ့ရဲ့ နေမှုထိုင်မှုဘဝလေးကို ထဲထဲဝင်ဝင် လေ့လာချင်လို့ပါ။

ဆရာတို့နေထိုင်ခဲ့ရာ အနော်ရထာအိမ်ရာ တိုက်ခန်းလေးမှာ မြေညီထပ်နှင့် ပထမထပ်သဘော၊ နှစ်လွှာဖြစ်သည်။ အောက်ထပ်တွင် ဧည့်ခန်း၊ ထမင်းစားခန်း၊ မီးဖိုခန်း၊ ရေချိုးခန်း၊ အိမ်သာရှိပြီး၊ အပေါ်လွှာတွင် အိပ်ခန်းများ၊ ရေချိုးခန်းအိမ်သာတို့ ဖွဲ့စည်းထားသည်။



သည်အိမ်ရာတွင် ဆရာသည် အငြိမ်းစားယူပြီးသော နှစ်ကာလများမှ ရဟန်းဘောင်မဝင်ခင် နေ့ရက်များတိုင် နေထိုင်သွားသည်ဟု မှတ်ယူထားမိသည်။

ဆရာ L.2 ကို ကျွန်တော် မိတ်ဆက်ပေးရန်လိုမည် မထင်ပါ။ ဗိသုကာဆရာ ဒေါက်တာလွင်အောင်ဆိုလျှင် လူတိုင်းသိပြီး ဖြစ်ပါသည်။

[ ၄ ]

'ဆရာ K'၏ အိမ်တလေးက ကြည့်မြင်တိုင်မှာ . . .။ နှစ်ထပ်အုတ်ညှပ်တိုက်နွမ်းကလေး။ ရေဒီယိုတေးတစ်ပုဒ်မှာတော့ 'အမိုးကတော့ သစ္စာထားမယ်၊ အကာမှာတော့ မြတ်နိုးခြင်းပေါ့ကွယ်' . . . လို့ ဆိုထားသည်။ ဆရာ့အိမ်အမိုးကတော့ ငွေရောင်မှေးမှိန်နေသော သွပ်ပြားအမိုး။ နံရံသည်လည်း ပလာစတာတချို့ကျိုးပဲ့လျက် . . .။ ရောင်စုံဆေးသားများလွင့်ပြယ်လျက်။ 'ဆရာက နေနိုင်လိုက်တာ' . . . ဟု စိတ်ထဲမှာ ရေရွတ်မိသည်။ အထဲဝင်ကြည့်လျှင် ဗိသုကာဌာန ပါမောက္ခကြီး၏ဧည့်ခန်းဆောင်မှာ သံချေးရောင်လွှမ်းထနေသော ညီညစ်ညစ် ပရိဘောဂ မပြည့်မစုံနှင့် . . .။ သြော် . . .။ ဆရာက ဆရာဝန်ကြီးတွေလို ဆေးရုံမှာလည်းလုပ်၊ ဆေးခန်းလည်းထိုင်သလို မလုပ်ပဲကိုး . . .။ ဆရာ၏ဇနီးကလည်း ကျောင်းဆရာမ။ သားသမီးသုံးယောက်ရှိသည်။ ဆရာတို့လင်မယားက ကျူရှင်မပေး။ ဘောပန်းလုပ်ငန်းလည်း ရှိဟန်မတူ။ ရှေးရိုးစွဲကျောင်းဆရာတွေလို 'နာ'သုံးနာကိုလိုက်နာကျင့်သုံးပြီး 'ပီတိပန်းသီး'များ စားသုံးနေထိုင်သည်ဟု ထင်မိသည်။ စက်မှုတက္ကသိုလ် ကျောင်းတိုက်ကြီးမှာ ဆရာအချိန်အားလပ်လျှင် 'နွေးအေး'မှာ လ္ဘက်ရည်သောက်မည်၊ ခပေါင်းစီးတရက် (သို့မဟုတ်) 'နွား'ဆေးပေါ့လိပ်ဖွာမည်။ ဆရာ့ရဲ့ အပမ်းဖြေအနားယူမှုက သည်လောက်ပဲဖြစ်သည်။ ဆရာက ဂေါက်သီးလည်းမရိုက်တတ်၊ ဘီယာလည်း မသောက်တတ်။

www.burmeseclassic.com

www.burmeseclassic.com



'ဆရာK' ဆိုတာ ဆရာဒေါက်တာမောင်ကျော်ပါ။ ဆရာ ကွယ်လွန်တာ ၄ နှစ်လောက်ရှိပါပြီ။

[ ၅ ]

တစ်ဦးနှင့်တစ်ဦး နီးကြသည်ဖြစ်စေ၊ ဝေးနေကြသည်ဖြစ်စေ၊ ဗိသုကာပညာရပ်အကြောင်းကို ခံတွင်းတွေ့တွေ့ ပြောကြဆိုကြလျှင် ကျွန်တော်တို့သူငယ်ချင်းတွေ မှတ်မှတ်ရရရှိကြတာ 'ဆရာS'ကိုပါ။ ဆရာက ဂျပန်နိုင်ငံက ဗိသုကာဘွဲ့ရရှိပြီး၊ ဂျပန်မှာ ၁၃ နှစ်လောက် နေထိုင်လာခဲ့သူပါ။ တစ်ကိုယ်တော် 'ဧကစာ' ကျင့်ကြံနေထိုင်သူလည်း ဖြစ်ပါသည်။ ဆရာ့အိမ်မှာ ဆွေမျိုးသားချင်း တစ်စုံတစ်ယောက် မရှိပါ။ မိတ်ဆွေအပေါင်းအသင်း မရှိပါ။ အိမ်ဖော် မရှိပါ၊ ရံဖန်ရံခါ ကြွက်များ၊ ပိုးဟပ်များနှင့် အိမ်မြှောင်တချို့သာ ရှိတတ်ပါသည်။

ဆရာ့အိမ်ခြံဝင်းလေးက သုဝဏ္ဏ၊ ငမိုးရိပ်ချောင်းကမ်းနံဘေးနားမှာ . . .။ လူသွားလူလာ တစ်ယောက်စနှစ်ယောက်စသာ ရှိသည့် သည်လိုနေရာမျိုးမှာ ဆရာတစ်ကိုယ်တည်း နေထိုင်ရဲတာကတော့ ဆရာ 'ခြသေ့်'ပါ။ ဂူတစ်ဂူထဲမှာ တစ်ကောင်ထဲအောင်းတာပါ။ ပေ ၃၀၊ ပေ ၆၀ လောက် ခြံဝင်းလေးထဲမှာ ဆောက်ထားသည့် ဆရာ့အိမ်ကလေးက နေချင့်စဖွယ်လေးပါ။ ဘာအလင်္ကာ၊ ဘာအဆင်တန်ဆာ၊ ဘာအဖွဲ့အနွဲ့မှ ဆင်ယင်မှုမရှိဘဲ ပကတိအလှတရားများ ပေါင်းဖွဲ့ထားသော ပျဉ်ထောင်အုတ်ကြွပ်မိုး တစ်ထပ်အိမ်ကလေး။ ဆရာ့အိမ်ရဲ့အုတ်ကြွပ်တွေက အဟောင်းအနွမ်းလေးတွေပါ။ ဆရာက 'အဟောင်း' ကိုပဲ၊ မြတ်နိုးတွယ်တာလို့လား . . .။ 'အသစ်'ကိုပဲ ငွေကြေးမတတ်နိုင်လို့လား ကျွန်တော် အကဲမဖြတ်နိုင်ပါ။ အိမ်ကလေးက သေးနုပ်သည်ဖြစ်စေ၊ ကြီးကျယ်သည်ဖြစ်စေ ဆောက်လုပ်ရေးပစ္စည်းတွေက ဟောင်းနွမ်းနေသည်ဖြစ်စေ၊ သစ်လွင်နေသည်ဖြစ်စေ . . . မြန်မာအာခီတက်တစ်ယောက်သည်



မိမိပညာရပ်ဖြင့် သမာအာဇီဝအသက်မွေးမြူမှုမှရရှိသော ပညာအခကြေးငွေဖြင့်တည်ဆောက်ပြီး နေနိုင်သည်ဆိုတာကိုတော့ ဂုဏ်ယူရမှာပါ။

စာပေအနုပညာလောက၊ ဗိသုကာလောကမှာ 'ဆရာရွှေ' ဆိုလျှင် လုံလောက်ပါသည်။ နေလိုလလို တစ်ဆူထဲပါ။ နာမည်အပြည့်အစုံကလည်း 'ဦးရွှေ' ပါပဲ။

[ ၆ ]

မြန်မာပြည်သိန်းတန်က 'မန်းမြေမှာ ၄ နှစ်တာ'. . . ဟု သီချင်းဆိုခဲ့ဖူးပါသည်။ ကျွန်တော်က 'မဟာမြိုင်မှာ ခြောက်လတာ' ပါ။ ဒဂုံမြို့သစ်မြောက်ပိုင်း မဟာမြိုင်အိမ်ရာမှာ ခြောက်လတိတိ နေထိုင်ခဲ့ဖူးပါသည်။ သည်အိမ်ရာစီမံကိန်းသည် တဲပေါ်မှတိုက်ပေါ်တင်သော စီမံကိန်းတစ်ခု ဖြစ်ခဲ့ပါသည်။ ကျွန်တော်သည် နတ်ဘုံနတ်နန်း (သို့မဟုတ်)မြင့်မြတ်သောကောင်းကင်ဘုံတွင်သာ နေထိုင်လိုသောစိတ်ကူးရှိပါသည်။ သည်လိုနေရာဝန်းကျင်မျိုးတွင် နေထိုင်ဖြစ်လိမ့်မည် (ခဏဖြစ်ဖြစ်)ဟု လုံးဝစိတ်ကူးမရှိရိုးအမှန်ပါ။

ရန်ကုန်လို မြို့ကြီးပြကြီးတွင် အိမ်ငှားခမပေးရဘဲ၊ အိမ်ရှင်က ကြည်ကြည်ဖြူဖြူ နေထိုင်ခွင့်ပြုသူမှာ ကျွန်တော်တစ်ယောက်သာ ရှိလိမ့်မည်ထင်ပါသည်။ ကျွန်တော့်တွင် အလွန်ခင်မင်ဖွယ်ကောင်းသော မိတ်ဆွေ (သို့မဟုတ်) Client (လုပ်ငန်းအပ်နှံသူ) တစ်ယောက်ရှိပါသည်။ သူ့တွင် ဘောလုံးကလပ်တစ်သင်းစာမကနေနိုင်သော အိမ်များ၊ တိုက်ခန်းများ၊ ခြံဝန်းကျယ်ကြီးများရှိပါသည်။ သူက ကျွန်တော့်ကို စောင့်ရှောက်သည့်သဘော၊ ခဏပေးကမ်း နေထိုင်ခြင်းဖြစ်ပါသည်။ ဘာပဲဖြစ်ဖြစ် . . . သည်အိမ်ရာမှာ ဆောက်သုံးရေ ရှားပါးရှားပါး၊ မိုးအခါ ရေကြီးလို့ လှေစီးပြီးလှော်ခတ်သွားရ သွားရ . . . သူ၏ကျေးဇူးတရားကိုတော့ ကျွန်တော့်နှလုံးအိမ်ထဲမှာ အကွာရာတင်ထားမိပါသည်။ အသိုက်

www.burmeseclassic.com



အမြုလေးတွေ ခဏခဏ ပြောင်းရွှေ့နေထိုင်ရသော ကျွန်တော့်ကို ကြည့်ပြီး၊ နှမငယ်က အားပေးရှာပါသည်။ 'အစ်ကို အိမ်ပြောင်းရတာ ဘာဟုတ်သေးလဲ . . . ဂျာနယ်ကျော်မမလေးက ၂၇ ခါ အိမ်ပြောင်းရွှေ့ဖူးတယ်' . . . လို့ သူမကပြောပါသည်။ ကျွန်တော် မသိပါ။ စာပေတွင် သူမဖတ်ဖူးမှတ်ဖူးတာကို ပြောခြင်းဖြစ်ပါသည်။

စန္ဒယားချစ်ဆွေသည် စန္ဒယားတီးတတ်သည်၊ သီချင်းရေးတတ်သည်။ သီချင်းဆိုကောင်းပါသည်။ ကိုသန်းလှိုင်သည် သီချင်းရေးတတ်သည်။ သီချင်းဆိုတတ်ပါသည်။ ငှက်ကလေးတွေ သီချင်းဆိုတတ်ပါသည်။ ဆရာဒေါက်တာလွင်အောင်၊ ဆရာရွှေ၊ ဆရာဒေါက်တာမောင်ကျော်တို့ အိမ်ဆောက်တတ်ပါသည်။ သီချင်းမဆိုတတ်ပါ။ ဘောလုံးကလပ်အသင်း မထောင်တတ်ပါ။ ဘီယာနှင့်ခေါက်ဆွဲကြော်လည်း ရောင်းတတ်မည်မထင်ပါ။

■ ■ ■



# အသိုက် - ၁၁

[ ၁ ]

ကျွန်တော်တ . . .
နွေဦးတိုလည်း ကြိုဆိုရဦးမည်။
နွေကြိုတေးဆိုသော ရွှေဥဩနှင့်လည်း 'ကီး'ညှိရဦးမည်။
ချစ်သူတို့လည်း မျှော်တော်ယောင် လုပ်ရသေးသည်။
ပါရီကိုလည်း သွားချင်သေးသည်။
အိမ်လည်း ဆောက်ချင်သေးသည်။

[ ၂ ]

တက္ကသိုလ်စွယ်တော်ရိပ်မှာ သူနှင့်ကျွန်တော် . . .

www.burmeseclassic.com



သူငယ်ချင်းအဖြစ် ခင်မင်ခဲ့ရသည်။ သူက ဝန္တလရာဇ်တိုင်းသားတစ်ဦး။ သူ့ဇာတိကိုတော့ ရေရေရာရာ မမှတ်မိ။ ရွှေဘိုပဲဖြစ်မည်ထင်သည်။ မန္တလာမြေမှာ အရွယ်ရောက်လာသည်။ အသံပဲကြားရလျှင် (ရုပ်ကို မမြင်တွေ့ရ) တကယ့်အညာသားစစ်စစ်ဟု ထင်ရသည်။ တကယ့် အညာလေနှင့် စီးစီးပိုင်ပိုင် ပြောလေ့ရှိသည်။ ဟန်ဆောင်မှုကင်းပြီး၊ ရယ်ရယ်မောမော နေတတ်သည်။ မိတ်ဆွေသူငယ်ချင်းများများနှင့် ဝေဝေဆာဆာ နေတတ်သည်။

သူက ဖိတ်ခေါ်သဖြင့် မန်းမြေသို့တစ်ခေါက်၊ ဆရာတစ်ဦးနှင့်ရောက်ဖြစ်ခဲ့သည်။ ၁၉၈၃ ခုနှစ် မန္တလေးပြာပုံမဖြစ်ခင် မှတ်မှတ်ရရ . . .။ မြို့လယ်တည့်တည့်ကြီးမှာ အိမ်လည်းရှိသည်၊ ဆိုင်လည်းရှိသည်။ အမည်က 'ပတ်ကားစားသောက်ဆိုင်'။ မန်းမြေမှာ ဓါးတန်းဦးသန့်၊ မြို့မငြိမ်း၊ လူထုဦးလှ၊ ဒေါ်အမာ . . . နာမည်ကြီးသလို၊ ပတ်ကားပျော်ပွဲရုံလည်း ကလေးလူကြီး အကုန်သိသည်။ သူငယ်သူငယ်ချင်းတွေက သူ့ကို 'ပတ်ကား'လို့ပဲ ခေါ်ကြသည်။ ကျွန်တော်တို့ တက္ကသိုလ်သူငယ်ချင်း ဟောင်းတွေကလည်း သူ့ကို 'ပတ်ကား'လို့ခေါ်ရတာ ခံတွင်းတွေ့သည်။

သူ့အိမ်က ကိုလိုနီခေတ်ဗိသုကာလက်ရာဟန်မျိုး ထုနှင့် ထည်နှင့်။ အုတ်ပတ်ကားသုံးထပ်တိုက်တွင် ပထမထပ်လက် ဘက်အခန်း။ အတော်လေးကျယ်ဝန်းသည်။ အနံပေအစိတ်၊ ၃၀ လော ရှိပြီး၊ အလျား ပေ ၆၀ ခန့်ရှိမည်။ အိမ်ရှေ့မှာ ဝရံတာအပြည့် ပါရှိသည် ဝရံတာလေးမှာ ထိုင်ခုံလေးတွေ၊ စားပွဲလေးတွေချပြီး၊ ဆရာတပည့် သုံးယောက် 'မန်းရဲ့ဆောင်းညချမ်း' ကို ခံစားကြသည်။ ညဉ့်နက်လာလေ အအေးဓါတ်က သိပ်သည်းလာလေဖြစ်သည်။ ရီဝေဝေ ဖြစ်လာကြသော် လည်း ဝီစကီက မန်းရဲ့နှင်းမှုန်ကို မလွှမ်းခြုံနိုင်။ ကျွန်တော်က အချမ်းမ နိုင်။ 'ကိုင်း . . . ပြေးပြီဆရာတို့ရေ' . . .။ ထပ်ခိုးပေါ် ပြေးပြီး၊ ဂွမ်းစောင် ထူထူကြီးနှင့်တစ်ကိုယ်လုံးကို ရစ်သိုင်းထားရသည်။ မူးတာနဲ့ ချမ်းတာက



တစ်ခြားစီပါပဲလား . . .။

၁၉၈၃ ခုနှစ် မန္တလေးမြို့ မီးအကြီးအကျယ်လောင်တော့ ကျွန်တော်တို့ ဆရာတို့တော်တော် ကြေကွဲခဲ့ရသည်။ ပတ်ကားဆိုင်လည်း မီးထဲပါ၊ ပတ်ကားအိမ်လည်း မီးထဲပါ။ ပတ်ကားတစ်ယောက်သာ ထီးထီးကြီးကျန်ခဲ့ပါပေ့ါ။

[ ၃ ]

သူမနှင့် ကျွန်တော်တို့တတွေ သူငယ်ချင်းဖြစ်ခဲ့ကြတာ တက္ကသိုလ်ဓွယ်တော်ရိပ်မှာပဲ ဖြစ်သည်။ မိုးကုပ်ဇာတိ ဖြစ်မည်ထင်သည်။ သူမ၏မျက်နှာမှာ လမင်းလိုဝိုင်းစက်နေပြီး၊ အသားအရေက ဖွေးဖွေးဖြူသည်။ လီရှောတို့၊ ရှမ်းတို့ အနွယ်ဖွားတွေလား မပြောတတ်။ စကားပြောလျှင် မြန်မာစကားကို နိုင်ငံခြားသားတစ်ယောက်ပြောသလို တစ်လုံးချင်းလေးလေးပင်ပင်ပြောတတ်သည်။ သူမရဲ့ အဖွားက မိုးကုပ်ဆရာတော်ဘုရားကြီး၏ ရဟန်းအမ၊ ကျောင်းအမကြီးဖြစ်သည်။ ဆရာတော်ဘုရားကြီး ရှိစဉ်က ဆရာတော်လိုရာခရီးကြွတော်မူနိုင်ရန် မာစီဒီးကားကြီးတစ်စီး လှူဒါန်းထားသည်။ သူမတို့ မိသားစုကလည်း ကားအများကြီးရှိပေမယ့် မာစီဒီးကားကို စီးလေ့ရှိသည်။ ကျွန်တော်တို့ရဲ့ တက္ကသိုလ်ကျောင်းသားဘဝတွေကတော့ . . . ရန်ကုန်အင်းစိန်ပြေးဆွဲနေသည့် နံပါတ်ရှစ် ဘတ်စ်ကားတွေနှင့် တိုးလို့၊ ဝှေ့လို့ပေ့ါ။

သူမတို့အိမ်က ဗဟန်း၊ ဆရာစံလမ်းမကြီးပေါ်မှာ . . .။ ခြံဝင်းကြီးက တစ်ဧကကျော်လောက် ရှိမည်၊ သူ့ခေတ် သူ့အခါအနေနှင့်တော့ သူတို့အိမ်ကြီးကို တိုက်ကြီးတာကြီး၊ အိမ်ကြီးရခိုင်လို့ပဲ ပြောရမည်ထင်သည်။ အိမ်ကြီးကို မြေမပုပ်စေရန် ခြံဝင်းကြီး၏ ထောင့်တစ်ထောင့်တွင် နေရာချထားသည်။ နှစ်ထပ်အာစီတိုက်ဖြစ်သည်။ ဗိုလ်ကြီး တာ ကျော်၏ဒီဇိုင်းဖြစ်သည်။ အဲသည်ခေတ်က 'ခေတ်မီသုတိုင်း ပင်လယ်ငါး

www.burmeseclassic.com

www.burmeseclassic.com



တားကြ' သလို . . .၊ ဂုဏ်သရေရှိသူတိုင်း အိမ်ဆောက်လိုလျှင် ဗိုလ်ကြီးကျ ကျော်နှင့်အပ်မှ တန်းဝင်သလိုလို . . .။

အိမ်ကြီးထဲကိုဝင်သွားလျှင် ဖိနပ်ချွတ်ကို ဦးစွာတွေ့ရမည်၊ အိမ်၏အလယ်တည့်တည့်တွင် သွားလာလှည့်ပတ်ရန် ကွက်လပ်ပေးထားသည်။ ထိုနေရာမှ အပေါ်ထပ်သို့ ကျွန်းလှေကားကြီးဖြင့် တက်နိုင်သလို မြေညီထပ်ရှိ အိပ်ခန်းနှစ်ခန်းသို့လည်း တန်းတန်းမတ်မတ် သွားနိုင်သည်၊ ဧည့်ခန်းနှစ်ခုရှိသည်၊ တစ်ခန်းက ကျဉ်းကျဉ်း၊ တစ်ခန်းက ကျယ်ကျယ်၊ ဧည့်ခန်းကျယ်တွင် မြန်မာမှုကနုတ်ပန်းတွေဖြင့် ထုဆစ်ထားသော ကျွန်းဆက်တီကြီးမှာ ရွှေဝါရောင်တဖိတ်ဖိတ်လှဲနေသည်၊ ဧည့်ခန်းကျယ်မှ တည့်တည့်ဆက်သွားလျှင် နေရာလွတ်တစ်ခုရှိပြီး၊ ထမင်းစားခန်းကို ရောက်မည်၊ ထမင်းစားခန်းနှင့် မီးဖိုဆောင်မှာ အခန်းကန့်မထား၊ ကျယ်ဝန်းလှသည်။ လှေကားမှ တစ်လှမ်းချင်း၊ အပေါ်ထပ်သို့ လှမ်းသွားလျှင် မိသားစုခန်းကို အရင်ဆုံးတွေ့ရသည်၊ ထိုအခန်းမှတဆင့် ဘုရားခန်းနှင့် အိပ်ခန်းသုံးခန်းကို ချိတ်ဆက်ထားသည်၊ အိပ်ခန်းတိုင်းတွင် ရေချိုးခန်း၊ အိမ်သာ တွဲလျက်ပါရှိသည်၊ သူမတို့အိမ်ကို White House လို တစ်အိမ်လုံး ဖွေးဖွေးလှုပ်၊ အဖြူရောင်တွေ ခြယ်သထားသည်၊

[ ၄ ]

သူငယ်ချင်းတွေထဲက ပတ်ကားရဲ့အိမ်၊ စန္ဒာမြင့်ရဲ့ အိမ်အကြောင်းပြောပြီးလျှင် သူမရဲ့အိမ်အကြောင်းလည်း နည်းနည်း ပြောဖို့ လိုမည်ထင်သည်၊ ရန်ကုန်မြို့ကြီးရဲ့ အသည်းနှလုံး တည့်တည့်ကြီးပေါ်မှာ (ကိုလိုနီခေတ် ဗိသုကာလက်ရာဟန်မျိုး) နှစ်ထပ်တိုက်ခံအိမ်ကြီးကြီးမားမားတွေကို မြင်ဖို့တွေ့ဖို့ ဆိုတာတော့ တော်တော်ပင်ခဲယဉ်းသွားသည်။ တိုကျိုလို၊ တိုင်းပေလို မြေတန်ဖိုးတွေ မြင့်တက်လာတော့ ရန်ကုန်မြို့လယ်မှာ မြေသားပကတိမြင်ရဖို့ တကယ်ပင် ရှားပါးသွားသည်၊



အဲသည် ရှားပါးအိမ်တွေထဲတွင် သူမတို့အိမ်ကြီးလည်း ပါဝင်သည်၊ အနော်ရထာလမ်းမကြီးပေါ်၊ ၄၅ လမ်းထိပ်မှာ ရှိသည်။ ပြီးတော့ . . . သည်ခြံဝင်းရဲ့နောက်ဖေးဘက် (၄၅ လမ်းဘက်)က နှစ်ထပ်တိုက်လည်း သူတို့ ကိုယ်ပိုင်ဖြစ်သည်၊ ရှေးလူကြီးတွေကတော့ အတိတ်ကံကောင်းခဲ့လို့ အတိတ်ဘဝက များများလှူခဲ့တန်းခဲ့လို့ . . . သည်ဘဝ၊ သည်လို ချမ်းသာတာဟု ပြောတတ်သည်၊

သူမတို့အိမ်ကြီး၏ မျက်နှာစာဘက်တွင် ဆင်ဝင်ကြီးရှိသည်။ ကားရပ်ရန် နေရာပေးထားခြင်းဖြစ်သည်။ ဝင်လျှင်ဝင်ခြင်း ထုံးစံအတိုင်း ဖိနပ်ချွတ်ပေးထားသည်၊ လက်ဝဲဘက်ချိုးကွေ့လိုက်လျှင် အပေါ်ထပ်သို့တက်ရန် လှေကားထစ်များကိုတွေ့ရမည်၊ အိမ်မကြီးအတိုင်း တည့်တည့်တန်းတန်းဝင်သွားလျှင် အလယ်တွင် ခန်းမသဖွယ်နေရာလွတ်ကြီးရှိပြီး၊ ဝဲယာတစ်ဘက်တစ်ချက်စီတွင် အခန်းများဖွဲ့စည်းထားသည်၊ (အိပ်ခန်းများဆိုပါစို့) နောက်ဖေးဘက်တွင် မီးဖိုဆောင်နှင့် အိမ်သာ သီးသန့်ရှိသည်၊ လှေကားမှာ ကျွန်းလှေကားကြီးဖြစ်သည်။ ကွေ့ဝိုက်တက်သွားလျှင် ပထမထပ်သို့ရောက်သွားသည်။ ဆင်ဝင်၏ အပေါ်ထပ်သည် ဧည့်ခန်းပင်ဖြစ်သည်၊ ကျယ်ဝန်းပြီး၊ သဘာဝအလင်းရောင်နှင့် လေဝင်လေထွက်ကောင်းသည်၊ ဧည့်ခန်းမှ အထဲသို့ဝင်သွားလျှင် ခန်းမကျယ်ကြီးရှိသည်၊ အောက်ထပ်လိုပင် ဝဲယာတွင် အိပ်ခန်းများဖွဲ့စည်းထားသည်၊ နောက်ဖေးဘက်မှာလည်း အောက်ထပ်အတိုင်း ထမင်းစားရန်နေရာ၊ မီးဖိုဆောင်၊ အိမ်သာတို့ဖြင့် ဖွဲ့စည်းထားသည်။ သူမတို့ပိုင်ဆိုင်သော ၄၅ လမ်းဘက်က နှစ်ထပ်တိုက် ကြီးကိုတော့ ကုမ္ပဏီရုံးခန်းနှင့် ဂိုဒေါင်များ ငှားရမ်းထားဟန်ရှိသည်၊

အတိတ်ကံကောင်းသော သူမတို့မိသားစုတွင် နေစရာနေရာက များများ၊ နေမည့်သူက နည်းနည်း၊ မိသားစုဝင်၏ ၈၀% လောက်က ရေခြားမြေခြား . . . တချို့က အရှေ့ရှာနှာ၊ တချို့က

www.burmeseclassic.com

www.burmeseclassic.com



အနောက်ရွာမှာ . . .။ အိမ်ကြီးတဲ့ သည်အတိုင်းဟောင်းလောင်း။ ဘယ်အချိန်ကြည့်လိုက် ကြည့်လိုက် ပြတင်းပေါက်တွေ၊ တံခါးတွေက ပိတ်လျက်။

[ ၅ ]

အတိတ်ကံကောင်းသောသူထဲတွင် ကျွန်တော်တို့တော့ ပါမည်မထင်ပါ။ သို့ပေမယ့် . . . လမိုက်ညမှာ ကြယ်ရောင်လရောင် လွှမ်းလှမ်းမနေသော်လည်း ပိုးစုန်းကြူးလေးတွေရဲ့ အလင်းရောင်တော့ ရနိုင်ခွင့်ရှိသေးသည်။ ဆင်မလိုက် (ကမာရွတ်) ဟံသာရိပ်မွန်အိမ်ရာမှာ ညီအစ်ကိုလိုခင်မင်သော သူငယ်ချင်းတစ်ယောက်၏ အခန်းတစ်ခန်းရှိသည်။ မြေညီထပ်မှာပဲ ဖြစ်သည်။ သူက အိမ်ငှားလည်း မထား။ ဘယ်သူမှလည်း မနေထိုင်။ တိုလီမိုလီထားသော စတိုခန်းသဖွယ်ဖြစ်နေသည်။ မြောက်ဒဂုံ မဟာမြိုင်အိမ်ရာမှာ ကျွန်တော်ကွန်းခိုသော ဝပ်တျင်းကလေးသည်လည်း သူ့အစ်ကို၏ အခန်းဖြစ်သည်။ သူက ကျွန်တော့်ကို မဟာမြိုင်မှာမနေစေချင်။ သူ၏ ဆင်မလိုက်အခန်းကို ရွှေ့ပြောင်းစေချင်သည်။ အခန်းကတော်တော်လေးကျယ်ဝန်းသည်။ ပေ ၂၅၊ ပေ ၆၀ လောက်ရှိမည်။ ကောင်းပြီ၊ ကျွန်တော်လည်း မြောက်ဒဂုံထက်စာလျှင် သွားရလာရလွယ်ကူသော ကမာရွတ်ကိုရွှေ့လိုက်သည်။

ဖျတ်ခနဲ . . . ကျွန်တော်သတိရလိုက်တာက ကဗျာဆရာနိုင်မြကျော်စွာရဲ့ ခေတ်ပေါ်ကဗျာတစ်ပုဒ်ပဲ ဖြစ်သည်။ အမည်က 'အိမ်' . . .။

အိမ်မြှောင်တ
နံရံမှာ ကပ်နေရတယ်
ငါက
အဖေ့အိမ်မှာ



အိမ်ထောင်သက် ၁၀ နှစ်ပြည့်ပြီးသား အိမ်မြှောင်ပဲ။

တိုက်တိုက်ဆိုင်ဆိုင် . . . ကျွန်တော့်အဖြစ်ကလည်း အဲသလို . . .။ သူများ ဘုန်းကံကုသိုလ်ကို အမှီပြုမှီသူ (ဖုန်းတောင်းယာစကာ)။ ဇီဝကမ္မဗေဒအလိုပြောရလျှင် 'တပ္ပား' (Parasite) သူတစ်ပါးကိုယ်အင်္ဂါအရိပ်ကိုခို၍ သက်ရှင်ကြီးပွားရသူ။ ခေတ်ပေါ် 'အာဒီတက်' တစ်ယောက်ရဲ့ ဖြစ်အင်ကိုပြောရလျှင်တော့ ရှက်ဖွယ်။ မတတ်နိုင်။ ဒါ . . . တကယ်ဖြစ်ခဲ့တာ၊ တကယ်နေထိုင်ခဲ့တာ . . .၊ ကိုယ့်သမိုင်း. . .။

[ ၆ ]

သည်အခန်းလေးမှာ . . .
နွေဦးကိုလည်း ကြိုဆိုခဲ့ရ . . .။
ဥသြရဲ့ တေးသံကိုလည်း နားစွင့်ခဲ့ရ . . .။
ချစ်သူကိုလည်း စောင့်မျှော်ခဲ့ရ . . .။
'ရွှေလမုန်' . . . တေးတစ်ပုဒ် သီကျူးချင်ပါသည်။ နားဆင်ကြည့်ပါ။

ငါ့နှမ ငါ့သတို့သမီးငယ်
သင်သည် ငါ့နှလုံးသွေးတို
ညှို့ငင်ဖမ်းစားချေပြီ
မျက်စိဖြင့် တစ်ခါကြည့်ရုံ
လည်တို တစ်ခါလှည့်ရုံဖြင့်
သင်သည် ငါ့နှလုံးသားတို
ညှို့ငင် ဖမ်းစားချေပြီ။
ငါ့နှမ ငါ့သတို့သမီးငယ်
သင်၏ အချစ်သည်

www.burmeseclassic.com

www.burmeseclassic.com



**စပျစ်ရည်ထက် ချိုမြိန်ဝါ၏**
**သင်၏ ကိုယ်သင်းနံ့သည်**
**အလုံးစုံသော နံ့သာဆီတို့ထက် သာလွန် မွှေးကြိုင်ဝါ၏။**

ရှောလမုန် (ဘီစီ ၉၇၂ ခန့် - ၉၃၂ ခန့်)

ချစ်သူနှင့် ကျွန်တော် . . .

သည်အခန်းလေးမှာပဲ၊ ၁၈. ၁၀. ၂၀၀၆ နေ့က ဒေါင်ဥယျာဉ်တစ်ခု ပျိုးထောင်ခဲ့ပါသည်။

|၃|

ကျွန်တော်က ပါရီကိုလည်းသွားချင်သေးသည်၊ ဖေသင်ကိုလည်း သွားချင်ပါသေးသည်။ ကံကြမ္မာက မျက်နှာသာ မပေးသေးပါ။ လက်မထပ်ခင်က မလေးရှား၊ စင်္ကာပူသို့ တစ်ခါ၊ လက်ထပ်ပြီးမှ ဘန်ကောက်သို့တစ်ခါ . . . ရောက်ဖြစ်ခဲ့ပါသည်။

**ငါးပေ မကျယ်တတ်**
**ငါးပေ မမြင့်တတ်လောက်ဘူး**
**ငါ့သင်ခမ်းကျောင်းလေး။**
**မိုးသာ မရွာဘူးဆိုရင်**
**ဘာကျောင်းကန်မှ ငါမလို။**

ဟိုက္ကူ ကဗျာခရီးသည်ကြီး 'ဗသျှိုး' ရဲ့ ကဗျာတစ်ပုဒ်ဖြစ်ပါသည်၊ ၁၇ ရာစုက ကဗျာဆရာကြီး၊ ဗုဒ္ဓဘာသာ သူတော်စင်ကြီးရဲ့ လက်ရာပါ။ ကျွန်တော့်မှာလည်း ၁၀ ပေပတ်လည်လောက် မွေးစက်ဖို့ အခန်းတစ်ခန်း၊ အလုပ်လုပ်ရန် စတူဒီယိုတစ်ခန်းလောက်တော့ လိုပါသည်။ အနည်းဆုံး လိုအပ်ချက်မို့ အထပ်သားခန်းဆီးနံရံများဖြင့် အခန်းနှစ်ခန်း ဖွဲ့လိုက်ရပါသည်။ မြူစင်တာ အကောင်းဆုံးမို့ အဖြူရောင် နံရံ



ဆေးဖြင့် ခြယ်သလိုက်ပါသည်။ အခြားရောင်စုံ အခန်းများအလယ်တွင် ကျွန်တော်တို့အခန်းလေးက ဖြူလွလွ စပယ်ပန်းလေးလို လှပလို့ နေပါသည်၊ ကဗျာဆရာကြီး 'ဗသျှိုး' အတွေးကလည်း . . . ။ ငါးပေမရှိ တရှိ ကျောင်းသင်ခမ်းလေးရှိနေပြီ။ တကယ်လို့ . . . မိုးသာမရွာရင် . . . ဘယ် ကျောင်းသင်ခမ်းမှ ငါမလို . . . တဲ့၊ လှပပါသည်၊ ကျွန်တော်တို့ ဇနီးမောင်နှံနှစ်ယောက်လည်း မိုးသာမရွာရင်၊ နေသာမပူရင်၊ မုန်တိုင်းသာ မထန်ရင် ဘယ်တိုက်ခန်းမှ မလိုပါ။

ဆုတောင်း မပြည့်ခဲ့ပါ။ သည်အခန်းလေးမှာ ယာယီကွန်းခိုကြစဉ် 'နာဂစ်'မုန်တိုင်းက သရမ်းသွားပါသည်၊ စာအုပ်များစွာ ရေစိုပျက်စီးကုန်ပါသည်။ မိုးသာမရွာရင်၊ လေသာမဂိုက်ရင်၊ ရေသာ မကြီးရင်ပေါ့ . . . ။

အတိတ်ကံ (သို့မဟုတ်) ပစ္စုပ္ပန်ကံသာ မီးစာမကုန်သေးလျှင် အိမ်လေးတစ်လုံးလောက်တော့ ဆောက်ချင်သေးသည်။ ဆရာခိုင်မြကျော်စွာက သူ့ရဲ့အိမ်ကလေးကို သည်လို . . . ကန့်လန့်ကာချထားသည်။

**ကံတရားနဲ့ထစ်ထားတဲ့ ငါ့ရေပြင်မှာ**
**ဘယ်အခါများ**
**အိမ်တစ်လုံး ဘယ်လို့ရပ့ါမလဲ။**
**ငါ**
**အိမ်ဆောက်မယ်။**
**ငါရပ်နေတဲ့ မှတ်ကိုင်အတွယ်မှာ**
**စောင့်နေသူတွေအများကြီးပဲ**
**မျက်လုံးထဲ**
**အိမ်တိုယ်စီနဲ့။**

ကျွန်တော်သည် ကိုယ်ပိုင်အိမ်သေးသေးလေးပဲ

www.burmeseclassic.com

ဖြစ်ဖြစ် ဆောက်ချင်ပါသေးသည်။ ကောင်းသောစကားများကိုသာ ကျွန်တော် ဆိုခဲ့ပါသည်။ အိမ်နောက်ဖေးလမ်းကြားမှ အနံ့ဆိုးဆိုးဝါးဝါးတွေ အကြောင်း၊ အပေါ်ထပ်တွေမှ အမှိုက်သရိုက်တွေ ပက်ပက်စက်စက် ပစ်ချတဲ့အကြောင်း၊ အိမ်ရှေ့မှာ ဆဲရေးတိုင်းထွာတဲ့အကြောင်း၊ ရန်တွေ ဖြစ်ကြတဲ့အကြောင်း၊ ဘောလုံးကန်တဲ့အကြောင်း၊ အိမ်နားမှာ သီချင်းတွေ ဆူဆူညံညံ ဖွင့်ကြတဲ့အကြောင်း၊ ကျယ်ကျယ်လောင်လောင် ဆိုကြတဲ့ အကြောင်း၊ ဘောလုံးထိလို့ အိမ်ရှေ့ကမှန်ကွဲတဲ့အကြောင်း . . . ကျွန်တော် တေးမဖွဲ့လိုပါ။

ကောင်းသော 'တေး'သာ ကျွန်တော်ဆိုချင်ပါသည်။

ကောင်းသော 'စကား'သာ ကျွန်တော် ပြောလိုပါသည်။

■ ■ ■



# အသိုက် - ၁၂

[ ၁ ]

မြောက်ဝင်ရိုးမှာပဲနေနေ၊ တောင်ဝင်ရိုးစွန်းမှာပဲ နေနေ၊ ငှက်ကလေးတွေအတွက်တော့ စားကျက်က ရှားပါးမည်မထင်ပါ။ ကျွန်တော့်အတွက်တော့ စားကျက်က ရှားပါးသည်။ မိုးယွန်းကြီးမှာလည်း နေလို့မရ၊ ငပလီသောင်ယံမှာလည်း နေလို့မဖြစ်။ အင်းလေးမှာလည်း စားကျက်မရှိ။

ကြာပါပြီ။ ဆယ်စုနှစ်ခုလောက်က ဖြစ်မည်ထင်ပါသည်။ မီးရထားဌာနတွင် မိတ်ဆွေဝါရင့်မြို့ပြအင်ဂျင်နီယာကြီးဘင်ဦး ရှိပါသည်။ သူ၏ဆက်သွယ်ပေးမှုဖြင့် မြင်းခြံမှ ဆေးဂေါ်ခိုင်ပိုင်ရှင်တင်ဦး ဖြင့် သိကျွမ်းခဲ့ရပြန်သည်။ သူက မြင်းခြံမြို့တွင် ဓနိမိုးအိမ်တစ်လုံး ဆောက်ချင်သည်ဟု ဆိုပါသည်။ ဆေးလိပ်ခုံသူဌေး [illegible] ရေဆွဲခကို မေးပါသည်။ ကျွန်တော်က [illegible] ဝဥ [illegible]

www.burmeseclassic.com



ပြောပါသည်။ (သူဌေးကြီး . . . တော်တော်တုန်လှုပ်သွားပုံရပါသည်။ မျက်နှာမှာ ညိုပြာပြာသန်းသွားသည်။ အတန်ပင် တွေဝေသွားဟန်ရှိသည်။ ပြီးမှ . . . 'ခင်ဗျားကိုပေးရမယ့် အခကြေးငွေက တောမှာဆိုအိမ်တစ်လုံးလောက် ဆောက်လို့ရမယ်ဗျ' . . . ဟု ပြောပါသည်။ ဖြစ်နိုင်ပါသည်။ အချို့ကျေးလက်တောရွာတွင် သစ်ဖိုးဝါးဖိုးမကုန်ပါ။ (သဘာဝအရင်းအမြစ်တွေ ပေါများသည်မို့လား . . .) လက်သမားလက်ခသာကုန်ကျပါမည်။ ဒါမှ အကုန်အကျ များသည်ထင်လျှင်လည်း 'အရပ်ကူပါလူဝိုင်းပါ' . . . ဝိုင်းကြဝန်းကြဆောက်လုပ်လေ့ရှိကြသည်။ တိုင်ထောင်၊ အမိုးမိုး၊ အကာကာ၊ အခင်းခင်း ပြီးတာပါပဲ . . . (ဘာ ကုန်ကျတာမှတ်လို့)။

မြောက်ဝင်ရိုးမှာပဲနေနေ၊ တောင်ဝင်ရိုးစွန်းမှာပဲ နေနေ၊ ငှက်ကလေးတွေအတွက်တော့ စားကျက်ရှားမည်မထင်ပါ။ ကျွန်တော့်အတွက်တော့ စားကျက်က ရှားပါးပါသည်။

မိုးယွန်းကြီးမှာလည်း နေလို့မရပါ။
ပေလီသောင်ယံမှာလည်း နေလို့မဖြစ်နိုင်ပါ။
အင်းလေးမှာလည်း ကျွန်တော့်စားကျက်မရှိပါ။

ဒါနဲ့ပဲ . . . လှိုင်မြို့နယ်၊ မှော်ရုံလမ်းကလေး (ဖမိုင်ခွဲ)သို့ အိမ်သူလေးကို ရွှေလက်မြဲမြဲတွဲပြီး အသိုက်အမြုံ ရွှေ့ပြောင်းခဲ့ရပြန်ပါသည်။

[၂]

ကျွန်တော်သည် ချစ်သူနှင့်မကွေကွင်းလိုပါ။ မချစ်မနှစ်သက်သောသူနှင့်လည်း မပေါင်းဖက်လိုပါ။ မကောင်းသောအိပ်မက်များကို မမြင်မက်လိုပါ။ မကောင်းသောလမ်းကိုလည်း မလျှောက်ချင်ပါ။ မကောင်းသောသူနှင့်လည်း မဆုံဆည်းလိုပါ။ မကောင်းသောစကားကိုလည်း မပြောလိုပါ။



လမ်းထိပ်က ဆိုက်ကားဆရာတွေ အော်တယ် ထေ့တတ်တဲ့အကြောင်း . . . မပြောတော့ပါဘူး။ ည . . . ည အဲသည်ဆိုက်ကားဂိတ်မှာ မှောင်ရိပ်ခိုကြ၊ အရက်သောက်ကြ၊ ဂစ်တာတီးကြတဲ့အကြောင်းလည်း မပြောတော့ပါဘူး။ အဲသည်ဆိုက်ကားဂိတ်မှာပဲ လူခြေတိတ်ချိန် အော်ကြ၊ ဟစ်ကြ၊ ရိုက်ကြ၊ ဆဲကြတဲ့အကြောင်းလည်း မပြောတော့ပါဘူး။ အပေါ်ထပ်မှာနေတဲ့ 'တောင်'တွေ . . . ဂစ်တာတီးကြ၊ အော်ကြဟစ်ကြတာလဲ မပြောတော့ပါဘူး။ ညဥ့်နက်သန်းခေါင်ဖိနပ်စီးပြီး အိမ်ထဲမှာ တစ်လျှပ်လျှပ်လမ်းလျှောက်တတ်တဲ့ အပေါ်ထပ်အလွှာက 'တောသား'တွေအကြောင်းလည်း မပြောတော့ပါဘူး။ တံခါးတွေ တဝုန်းဝုန်းပိတ်၊ တဖျပ်ဖျပ်ဝင်လိုက်ထွက်လိုက်၊ အလိုက်မသိတဲ့ အဲသည်ငနဲတွေအကြောင်းလည်း မပြောတော့ပါဘူး။ အိမ်နောက်ဖေးဘက်က ဆဲကြ၊ ဆိုကြ၊ အော်ကြ၊ ဟစ်ကြတဲ့အကြောင်းလည်း မပြောတော့ပါဘူး။ လွှမ်းမိုးဆိုခဲ့သလိုပေါ့။ 'ရပ်ကွက်ထဲမှာ ဒီလိုပဲရှိမယ် ကျွန်တော်တို့ ရပ်ကွက်ထဲမှာ ဒီလိုပဲ . . .'။ လျှပ်စစ်မီးမလာတိုင်း တစ်ဒုန်းဒုန်းဖွင့်နေတဲ့ အိမ်ပိုင်ရှင်ရဲ့ မီးစက်မြည်သံ အကြောင်းလည်း . . . မပြောတော့ပါဘူး။ ဟိုး . . . အပေါ်ထပ်က (ပြောင်းလာတာ သိပ်မကြာသေးတဲ့) လင်မယားတွေ ဒုတ်တပြတ်၊ ဓားတပြက်ဖြစ်ကြတာ . . . ပြောမည်မဟုတ်ပါ။ ဘုန်းကြီးကျောင်းရှေ့က ဈေးသည်တွေ နှစ်လုံးအကြောင်း ပြောနေကြတာကိုလည်း မပြောတော့ပါဘူး . . .။ မပြောတော့ပါဘူး . . .။

ကျွန်တော်သည် အင်္ဂါသား၊ သိဟ်ရာသီ၊ အထွန်းဖွားပါ။ သမာဝါစာ-ကောင်းသောစကားပဲ ဆိုချင်ပါသည်။

[၃]

မှော်ရုံလမ်းတလေးသည် အချိုးအတွေ့၊ အငိုမ်းအကောက်လေးတွေနှင့်မို့ လမ်းလျှောက်ရတာ ကျိုက်ထီးရိုးတောင်တတ်

www.burmeseclassic.com

www.burmeseclassic.com



လမ်းလေးလို ကြည့်မွေ့ဖွယ်ကောင်းပါသည်။ တစ်ခါကွေ့လိုက်တိုင်း ရှုခင်းရှုကွက် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားပါသည်။ ငွေလရောင်အောက်မှာ မဟူရာမြွေကြီးတစ်ကောင် ကျောခင်းထားသည်နှင့် တူလှသည်။ တကယ်တော့ ဓမ္မာရုံလမ်းကလေးသည် ပြည်လမ်းမကြီးနှင့် အင်းစိန်လမ်းမကြီးကို အောင်သွယ်ပေးထားသော လမ်းသွယ်တစ်ခုပင် ဖြစ်သည်။ အနုပညာသမားများကတော့ ကာတွန်းဆရာကြီးဦးဖေသိန်း ခေါင်းချသွားသော မာလကာခြံ၊ စာရေးဆရာကြီးသော်တာဆွေ နေခဲ့ဖူးသော မာလကာခြံလို့ သိထားပါသည်။ ဓမ္မာရုံလမ်းကလေးမှ အရှေ့ဖက်သို့ လျှောက်သွားလျှင် အင်းလျားကန်နံဖူးတွင် မေးတင်ထားသော ဖြူဖြူဖွေးဖွေး အိုင်ဘီစီ (နိုင်ငံတကာစီးပွားရေးဆိုင်ရာအဆောက်အအုံကြီး)ကို ဘွားခနဲတွေ့ရပါသည်။ နွေဦးဆိုလျှင် ချိုနွဲ့သောဥဩသံကို ကြားရတတ်ပါသည်။ ရိုးရာနှင့်ခေတ်သစ်ကို ပေါင်းဖွဲ့ထားသော နွေကြိုတေးတစ်ပုဒ်ကို သူသီဆိုနေလေ့ရှိပါသည်။ ကျောက်စိမ်းရောင်ဖက်ရှင် ဆင်တူဝတ်ထားသော ရေတမာပင်လေးတွေက တစ်ခါက 'အီကို'ကျောင်းသူလေးတွေအလား ယဉ်လှပေပေါ့။ ချစ်သူစုံတွဲတွေနဲ့ ပန်းပွင့်နီနီ ဝါဝါလေးတွေကတော့ အင်းလျားရဲ့မဆုံးသေးသော ပုံပြင်တွေကို ရေးသားနေလေရဲ့. . .။ ကျွန်တော်ကတော့ ရန်ကုန်ဥယျာဉ်မြို့တော်ကြီး၏ အလှအယဉ်ကို ငေးမောနေမိသည်။ စင်္ကာပူဥယျာဉ်မြို့တော်က လှတာမှန်ပါသည်။ အင်းလျားလိုတော့ ကြည်မြမနေပါ။

ဓမ္မာရုံလမ်းလေးမှ အနောက်ယွန်းယွန်းဆီသို့ ချိတက်ကြည့်လျှင်တော့ လှိုင်မြို့နယ်၏ စရိုက်လက္ခဏာ စစ်စစ်တွေကို တွေ့ရမည်။ အင်းစိန်လမ်းမကြီးသည် စီးဆင်းမြစီးဆင်း၊ စည်ကားမြဲ စည်ကားနေပါသည်။ ကျွန်တော်တို့ ငယ်နုစဉ်၊ ရေတမာပင်လေးတွေလည်း နုပျိုစဉ်ဘဝက အင်းစိန်လမ်းမကြီးပေါ်မှာ နှစ်ထပ်တိုက်လေးတွေသာ များပါသည်။ ခုတော့ . . . ခြောက်ထပ်၊ ရှစ်ထပ်တိုက်ကြီးတွေက



ကျွန်တော်တို့ကို ငုံ့ကြည့်နေကြလေပြီ။ ဈေးတ မြင့်လှပြီထင်ရသော ချစ်တီးဘုရားကျောင်း (ဘုတာရုံလမ်းထိပ်တ)ဟာ ခုတော့ . . . အရပ်မြင့်မြင့်တိုက်တာတွေကြားမှာ ညပ်လို့ပေါ့။

ဓမ္မာရုံလမ်းကလေးမှာ ခေတ်ဟောင်းနှင့်ခေတ်သစ်၏ နည်းပညာတွေ၊ ယဉ်ကျေးမှုတွေ တိုးတိုက်ထိရှလျက်နေပါသည်။ ကျွန်တော်တို့ အောက်ထပ်တွင် အင်တာနက်ကဖေးရှိပြီး ဓမ္မာရုံလမ်းအလယ်လောက်တွင် ဈေးဟောင်းတရုတ်ခေါက်ဆွဲကြော်ဆိုင်တစ်ဆိုင် ရှိပါသည်။ ခေတ်မီမီဘီယာစတေးရှင်ရှိသလို အရက်ဖြူဆိုင်တွေတော့ တန်းစီလို့။ ဘာပဲဖြစ်ဖြစ်. . . သည်လမ်းမှာ ဓမ္မာရုံဘုန်းတော်ကြီးကျောင်းနှင့် တရုတ်ဘုရားရှိခိုးကျောင်းကြီး ထည်ထည်ဝါဝါရှိလှတာကတော့ ကျက်သရေတင့်လှပေါ့။

ဂျာမဏီ မာစီးဒီးကားဝပ်ရှော့ဆိုတာလည်း ရန်ကုန်မြို့မှာ ရှားမှရှား။

တစ်ခါစား ၅၀၀/-မှ ခန့်ခန့်ထည်ထည် မြန်မာထမင်းစားဆိုင်ကြီးတစ်ဆိုင်လည်း ရှိသည်။ ဓမ္မာရုံလမ်းထဲတွင် ကျွန်တော် ဇဝေဇဝါဖြစ်နေတာ တစ်ခုရှိသည်။ စက်ရုံအလုပ်ရုံကြားတွေထဲမှာ လူတွေက လာနေသလား . . .။ လူနေရပ်ကွက်ထဲမှာ ရေသန့်စက်၊ ရေခဲစက်၊ ဆိုင်းဘုတ်လုပ်ငန်း . . . စသဖြင့်) စက်ရုံအလုပ်ရုံတွေ လာလုပ်သလား . . . ဆိုတာပဲဖြစ်သည်။ ထားပါ။ ကျွန်တော်နှင့်တော့ သိပ်မဆိုင်။ ကျွန်တော်က ကျွန်တော်နေထိုင်ရာ 'အသိုက်'လေးအကြောင်း ပြောရင်းမှ လမ်းအကြောင်းကို ရောက်သွားခြင်းဖြစ်သည်။

[ ၄ ]

ကျွန်တော်တို့မိသားစုငယ်လေး ငှားရမ်းနေထိုင်သော တွန်းခိုစရာနေရာမှာ ကွန်ဒိုမီနီယမ်လည်း မဟုတ်ပါ။ အိမ်ကြီးရခိုင်လည်း

www.burmeseclassic.com



မနေနိုင်ပါ။ တိုက်ခန်းလေးပဲ ဖြစ်ပါသည်။ Hall ပုံစံ တန်ထရိုက်တိုက် သဘော ဖြစ်ပါသည်။ သို့သော် . . . ကန်ထရိုက်တိုက် မဟုတ်ပါ။ ပိုင်ရှင် ကိုယ်တိုင် ခိုင်ခိုင်ခန့်ခန့် တည်ဆောက်ထားသော ၆ ထပ်တိုက်ဖြစ်ပါ သည်။ အခန်းသည် အတော်ပင် ကျယ်ဝန်းလှသည်။ အလျားအနံ-ပေ ၅၀၊ ပေ ၃၀ ခန့် ရှိပါသည်။ ကမာရွတ် ဆင်မလိုက်မြေညီထပ်တွင် နေခဲ့စဉ်က အပေါ်ထပ်များမှဒဏ်ကို နှစ်ကာလများစွာ ခါးဆီးပြီး ခံခဲ့ ရပါသည်။ လင်မယားနှစ်ယောက် ညှိနှိုင်းစရာမလိုဘဲ ပထမထပ် အလွှာ ကို ငှားရမ်းလိုက်ကြပါသည်။ ကျွန်တော်တို့သည် ကောင်းသောအိမ်နီး နားချင်းများဖြင့်သာ ဆုံတွေ့လိုပါသည်။ အနီးအနားတွင် နံစော်သော အမှိုက်ပုံများ မရှိစေလိုပါ။ သင်းပျံ့သော အင်းလျား၏လေကောင်းလေသန့် ကိုသာ ရှူရှိုက်လိုပါသည်။ အခန်း၏ပတ်ပတ်လည်နံရံများတွင် ကျယ်ပြန့် ကြီးမားသော မှန်ချပ်များကို အလူမီနီယမ်ပေါင်များ၊ ပြတင်းရွက်များ တပ်ဆင်ထားသဖြင့် သဘာဝ၏အလင်းရောင်၊ လေဝင်လေထွက် ကောင်း စွာရရှိပါသည်။ ကြီးကြီးကျယ်ကျယ်ပြောရလျှင်တော့ စွမ်းအင်ကို ချွေချွေ တာတာ သုံးစွဲ၍ရပါသည်။

တိုက်ခန်းသည် ကျယ်ဝန်းသော်လည်း အခန်းများစွာ ဖွဲ့စည်းမထားပါ။ နောက်ဖေးဘက်တွင် အိပ်ခန်းငယ်တစ်ခန်း၊ မီးဖိုဆောင် နှင့် ရေချိုးခန်း အိမ်သာ . . . ဒါပဲ အခန်းဖွဲ့စည်းထားပါသည်။ ရောက် လေရာရာတွင် ကျွန်တော်၏ကိုယ်ပိုင် ခန်းဆီးဒိုင်းကတော့ စာအုပ်ဗီဒို များဖြင့် ကာရံခြင်းဖြစ်ပါသည်။ ကျွန်တော့်သူငယ်ချင်း ကိုတင်မောင်အေး ကတော့ တစ်လတစ်ခါ . . . အခန်းဒီဇိုင်းပြောင်းနေလား . . . လို့ မေးဖူး ပါသည်။ ဟိုရွှေ့ဒီရွှေ့နှင့် . . . ဟုတ်ချင်လည်းဟုတ်နိုင်ပါသည်။ ကျွန်တော်၏စတူဒီယိုတွင် ပန်းချီကားတချို့နှင့် စာအုပ်များစွာ ရှိပါသည်။ ကျောက်မျက်ရတနာအရောင်းပြခန်းထက်တော့ အလှပိုသည်။ ပိုမိုတန်ဖိုး ကြီးသည်ဟု ထင်ပါသည်။ (ဒါ . . . ကျွန်တော်၏ ယူဆချက်မျှသာ)



ကျွန်တော်သည် ပီတောက်ပွင့်သစ်မဂ္ဂဇင်းတွင် 'အသိုက်' စီးရီးရေးဖွဲ့သည်မှာ အသိုက်(၁၁) တိုင်ခဲ့ပါပြီ။ ယခု . . . အသိုက်(၁၂)။ ယခင်ရေးဖွဲ့သီကုံးမှုများတွင် အခါအားလျော်စွာ ပြည်တွင်း ပြည်ပ ကဗျာတချို့၏ အပိုင်းအစများနှင့် ဆင်ယင်တင်ဆက်ဖြစ်ပါသည်။ အသိုက်(၁၂)မှာတော့ . . . ကိုယ်ပိုင်သံစဉ်တေးတစ်ပုဒ်နှင့် ဧရေးဖွဲ့နှုတ် ဆက်ချင်ပါသည်။ တေးအမည်က 'အသိုက်' . . . ပါပဲ၊

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



## • အသိုက်

- အသိုက်ဟာ . . . အသိုက်ပါပဲ။

  အသိုက်မှာ မွေးဖွားကြ။
  အသိုက်မှာ ရှင်သန်ကြ။
  အသိုက်မှာ သေဆုံးကြနဲ့ပေါ့။
  အသိုက်ဟာ . . . အသိုက်ပါပဲ။

- ရဟန်းတို့ရဲ့ ကျောင်းသင်္ခမ်းလေးက 'အသိုက်'။
  နတ်တို့ရဲ့ ဘုံဗြာသာဒ်က 'အသိုက်' ပါပဲ။
  ဘုရင့်ရဲ့ နန်းတော်ဟာလည်း အသိုက်ပဲမို့လား။
  ကေရာဇ်ရဲ့ ရဲတိုက်လည်း . . . အသိုက်ပဲပေါ့။
  သမ္မတရဲ့ အိမ်ဖြူတော်လည်း အသိုက်ပဲလေ။
  အသိုက် . . . အသိုက်။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



သူဌေးရဲ့ အိမ်ကြီးရခိုင် . . . အသိုက်။
တောင်သူရဲ့ တဲစုတ်လေး . . . အသိုက်။
အလုပ်သမားတို့ရဲ့ တန်းလျား . . . အသိုက်။
သူတောင်းစားရဲ့ ဇရပ် . . . အသိုက်။
မုဆိုးမရဲ့ ဝါးတဲလေး . . . အသိုက်။
အဆိုတော်ရဲ့ 'ကွန်ဒိုမီနီယမ်' . . . အသိုက်။
တေးရေးဆရာရဲ့ အိမ်ရာ . . . အသိုက်။
ခရီးသည်ရဲ့ ဂေဟာ . . . အသိုက်။
နတ်တို့ ဖန်ဆင်းတဲ့ . . . အသိုက်။
နတ်တို့ မဖန်ဆင်းတဲ့ . . . အသိုက်။
ဗိသုကာတွေ ဖန်ဆင်းတဲ့ . . . အသိုက်။
ဗိသုကာတွေ မဖန်ဆင်းတဲ့ . . . အသိုက်။
ကျွန်တော်နေတဲ့ . . . အသိုက်။
မိတ်ဆွေတို့နေတဲ့ . . . အသိုက်။

■ လူတွေအားလုံး အတူတူပဲလားမေးရင် . . .
အတူတူပဲလို့ဖြေရင် ရတယ်။
ခေါင်းတစ်လုံး၊ မျက်စိနှစ်ကွင်း၊ လက်နှစ်ဖက်၊ ခြေနှစ်ဖက် . . .
အားလုံး အတူတူ
လူတွေအားလုံး မတူဘူးလားမေးရင် . . .
မတူဘူးလို့ဖြေရင် ရတယ်။
ကဲ . . . ပြောမယ်
ဆရာကြီးသခင်ကိုယ်တော်မှိုင်းနဲ့ ပီတာဒရပ်ကားကြီး တူလို့လား၊
ဦးငွေကိုင်နဲ့ ဂေါဂင် တူလို့လား။

မျိုးလှိုင်ဝင်းနဲ့ ဒေးဗစ်ဘက်ခမ်း တူလို့လား၊
အသိုက်တွေအားလုံး အတူတူပဲလားလို့မေးရင်
အတူတူပဲလို့ ဖြေရင်ရတယ်။
အမိုးရှိတယ်၊ အတာရှိတယ်၊ အခင်းရှိတယ်၊ လှေကားရှိတယ်၊
ပြတင်းရှိတယ်၊ တံခါးရှိတယ်။
အသိုက်တွေအားလုံး မတူဘူးမို့လားလို့မေးရင်
မတူဘူးလို့ ဖြေရင်ရတယ်။
ဗိသုကာဆြာရွေဖန်တီးတဲ့ 'အသိုက်' ပုံစံနဲ့
အာခီတက် ညွန့်ဝင်းလေးရေးဆွဲတဲ့ 'အသိုက်' ဒီဇိုင်း ဘယ်တူပါ့မလဲ။
ညွန့်ဝင်းလေး ရေးဆွဲတဲ့ 'အသိုက်' နဲ့
ဖရင့်ဂယ်ရီ ဖန်ဆင်းတဲ့ 'အသိုက်' ကော . . . တူရိုးလား . . .။

■ အသိုက်ဟာ . . .
အသိုက်နဲ့ မတူတာက ပျော်ဖို့ကောင်းတယ် . . .။
အသိုက်ဟာ . . .
အသိုက်နဲ့ တူတော့လဲ နေချင့်စဖွယ်ပေါ့ . . .။
အသိုက်ဟာ . . .
ကိုရီးယားကားပြတဲ့ရုပ်ရှင်ရုံ ဖြစ်လိုက်
ကိုယ်ပိုင်စာကြည့်တိုက်လေး ဖြစ်လိုက်နဲ့ . . .။
လာပြန်ပြီ . . . အသိုက်ဟာ
ဘောလုံးပွဲကြည့်စင် ဖြစ်လိုက်
စတော့ချိန်းပွဲကြည့်စင် ဖြစ်လိုက်
အသိုက်ဟာ အသိုက်နဲ့မတူ။
အမှိုက်ပုံ ဖြစ်လိုက်
အဝတ်ပုံ ဖြစ်လိုက်နဲ့ . . .။

www.burmeseclassic.com

www.burmeseclassic.com



အသိုက်ဟာ အသိုက်လိုမနေ။
စာရေးဆရာရဲ့စားပွဲ ဖြစ်လိုက်
ဗိသုကာရဲ့စတူဒီယို ဖြစ်လိုက်
ဖက်ရှင်ဒီဇိုင်နာရဲ့ အပ်ချုပ်တဲ့နေရာ ဖြစ်လိုက်
အသိုက်ဟာ
မတ်လရဲ့ သစ္စာပန်းတွေကို ပန်ဆင်လိုက်
တန်ခူးလရဲ့ ပိတောက်ဖူးတွေကို ပန်ဆင်လိုက်နဲ့
အသိုက်ဟာ . . .
တကယ့်ကို မာယာဘုံလို။

■ ဖျင်းတဲ့အထဲမှာ တို့မပါ။
ပျင်းတဲ့အထဲမှာ တို့မပါ။
ချောကလက်ကလေးတွေ တန်းစီ . . .။
လာကြဟေ့ . . . လာကြ။
လက်သမားတွေ၊ ပန်းရံတွေ၊ လူကြမ်းတွေ
သံချည်သံကွေးတွေ၊ ဆေး(သုတ်)ဆရာတွေ
ရေပိုက်ဆရာတွေ၊ မီး(လျှပ်စစ်)ဆရာတွေ
မနက်စောစော အိပ်ရာမှ နိုးထကြ။ အသိုက်မှ ထွက်ခွာကြ။
ချောကလက်လေးတွေ တန်းစီကြ။ (သေချာစီကြ)။ လုပ်ငန်းခွင်
ဝင်ကြ။
အဲဒီကောင်တွေပေါ့ (အငမ်းမရနဲ့)
ဆာလောင်နေတဲ့ ပုရွက်ဆိတ်တွေလို အစာရှာထွက်ကြ၊ အန္တရာယ်ခံကြ။
ဘယ်ကိုသွားမှာလဲ . . .။
'စ'လုံးလား၊ 'ဆ'လိမ်လား၊ 'ရ'ကောက်လား၊ 'ယ'ပလက်လား။
အပူပိုင်းသွားမှာလား၊ ဒူဘိုင်းသွားမှာလား။

သွားပါနဲ့ကွယ် . . .။
တို့အသိုက်နားမှာ
ရုရှားက ဗော်လကာ မရှိသားနဲ့။
တရုတ် မော်လထိုင်းလဲ ရတာပဲ။
ပြင်သစ် ဝိုင်အနီဝိုင်အဖြူ ဘာလိုလဲ။
ဂျပန် ဆာကေး၊ ကိုရီးယား ဆိုဂျူး၊ ဂျမေကာရမ်
သြစတြေးလျ ဖော်စတား၊ စကော့တလန် ဝီစကီ . . . အစုံအစုံ။
စကော့တလန်ဝီစကီကို
ရန်ကုန်မှာ မြန်မာကျပ်ငွေနဲ့သောက်ရတာ တော်တော်တန်
ဆိုသကိုး. . .။
သူငယ်ချင်းတစ်ယောက်ရဲ့ အဆိုအမိန့်။
သူ့အဘိဓမ္မာက အလွန်လှပ။
ငှက်ကလေးတွေနဲ့ ကျွန်တော်က
တူတာတွေရှိသလို မတူတာတွေရှိတယ်။
နာရီမပတ်ကြတာ တူတယ်။
အိပ်တန်းတက်ချိန် မတူကြဘူး။
သူတို့က တိကျ။ ကျွန်တော်က မတိကျ။

■ ■ ■

www.burmeseclassic.com